မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၃၀၅)

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၂

အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး

စာမျက်နှာ ၃ ကော်လံ ၁ ❖

❒ **အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် (၂) နှစ်ခန့် အချိန်ယူညှိနှိုင်းခဲ့ရသည့် ကြိုးပမ်းအားထုတ်မှုများသည် ယနေ့ ထပ်မံကာ နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာအားကောင်းလာ**

❒ **တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးညှိနှိုင်းကြရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကိုရှေးရှုပြီး ခိုင်မာသည့် သန္နိဋ္ဌာန်နှင့် ကြိုးပမ်းခဲ့ကြသည့် အတွက် ယနေ့ရလဒ်ကောင်းများရရှိပြီး ရှေ့ကိုဆက်လက်လျှောက်လှမ်းနိုင်သည့် အနေအထားကို ရရှိခဲ့ခြင်းဖြစ်**

ပထမဆုံးကာကွယ်ဆေးဖြန့်ဝေသူဖြစ်လာတော့မယ့် ရုရှား

နိုင်ငံတကာရေးရာ | စာ ➤ ၁၄

COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၈-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ

စာ ➤ ၁၆

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

နိုင်ငံသားတစ်ဦး၏ တာဝန်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ရက် ၁၀၀ ပင်မလိုတော့။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များစာရင်းကို ရပ်ကွက်၊ ကျေးရွာများတွင် လာမည့် ဩဂုတ်လ ၇ ရက်နေ့အထိ ပထမအကြိမ်အဖြစ် ကပ်ထားလျက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများကလည်း သွားရောက်ကြည့်ရှုလျက်ရှိသည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်မှာ နိုင်ငံသားများဖြစ်သည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများထံမှ ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူတို့၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြခြင်းသည် ဒီမိုကရေစီ၏ အသက်ပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မိမိ၏ဆန္ဒနှင့် ကိုက်ညီသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးကို မဲပေးခြင်းသည် ပြည်သူတစ်ဦး၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးပိုင်ခွင့်အခွင့်အာဏာကို ကျင့်သုံးခြင်းဖြစ်သလို နိုင်ငံသားတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ခြင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ မိမိ၏ကိုယ်ပိုင်အခွင့်အရေးဖြစ်သော ဆန္ဒမဲတစ်ပြား၏တန်ဖိုးကို ကောင်းစွာနားလည်သဘောပေါက်ပြီး ကောင်းစွာအသုံးချတတ်စေရန်၊ အလဟဿပြုန်းတီးမသွားစေရန်တို့ လိုအပ်သလို မိမိ၏ ဆန္ဒမဲကို ရိုးဖြောင့်စွာအသုံးချရန်လည်း လိုအပ်မည်ဖြစ်သည်။

မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်သည် မိမိ၏ဆန္ဒမဲပြားကို နိုင်ငံအတွက် တန်ဖိုးရှိစွာအသုံးချရာတွင် ကိုယ်စားလှယ်၏ အရည်အချင်း၊ ပါတီ၏မူဝါဒနှင့် လုပ်ငန်းစဉ် စသည်တို့ကို ကောင်းစွာ သိရှိနားလည်ရန်လိုအပ်သည်။ ယင်းသို့နားလည်ရန်အတွက်လည်း ကြိုတင်လေ့လာထားရမည်ဖြစ်သည်။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟဟူသော အဂတိတရားတစ်ပါးပါး နောက်သို့လိုက်ကာ အဆင်ခြင်ဉာဏ်မဲ့စွာဖြင့် ဆန္ဒမဲပေးမိ မှားပါက နိုင်ငံသားတစ်ယောက်၏ တာဝန်မကျေပွန်မှုဟု ဆိုရမည်ဖြစ်သည့်အပြင် နိုင်ငံအတွက်လည်း နစ်နာမည်ဖြစ်သည်။ ထို့အပြင် မိမိသည် မဲပေးပိုင်ခွင့်ရှိပါလျက် မဲမပေးဘဲရှောင်လွှဲနေခြင်းသည် နိုင်ငံသားအခွင့်အရေးတစ်ရပ် ဆုံးရှုံးရသည့်အပြင် တိုင်းပြည်အပေါ် တာဝန်မကျေပွန်ခြင်းလည်းဖြစ်သည်။ ထို့အပြင် “ဘယ်အစိုးရတက်တက် ကိုယ်လုပ်မှ ကိုယ်စားရတာ” ဟူသော အမြင်မှာ လွန်စွာ ကျဉ်းမြောင်းသည့်အပြင် ကိုယ်မတင်ဘဲ သူတစ်ပါးတို့၏ ဆန္ဒမဲများဖြင့် တက်လာသည့် အစိုးရတစ်ရပ်၏ ကောင်းကျိုးဆိုးပြစ်တို့က ကိုယ်အပါအဝင် ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံအပေါ် ကျရောက်နေမည်သာဖြစ်သည်ကို နားလည်သဘောပေါက်ထားရမည်ဖြစ်သည်။

မဲဆန္ဒရှင်တိုင်း မဲပေးနိုင်ဖို့ မဲစာရင်းမှာ မိမိအမည် ပါဖို့လိုသည်။ အချက်အလက်များ မှန်ကန်ဖို့လိုသည်။ မဲစာရင်းတွင် မိမိအမည်မပါဝင် ပါက ထည့်သွင်းပေးနိုင်ရေး၊ မပါသင့်သူများ ပါနေပါက ကန့်ကွက်နိုင်ရေး၊ အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်နိုင်ရေး စသည်တို့ကို ပြုလုပ်နိုင်ရန်အတွက် မိမိတို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာကပ်ထားသည့် မဲစာရင်းများကို အချိန်မနှောင်းမီ သွားရောက်ကြည့်ရှုကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

အပူပိုင်းမုန်တိုင်း “စင်လကု” မုန်တိုင်းငယ်အဖြစ်သို့ အားလျော့မည်

နေပြည်တော် ဩဂုတ် ၂

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “စင်လကု” သည် ဗီယက်နမ်နိုင်ငံအထက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ခဲ့ပြီး Thanh Hoa မြို့ အနီးတွင် တည်ရှိနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်း “စင်လကု” သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ လာအိုနိုင်ငံပေါ်တွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

Bank Name	-	Myanmar Economic Bank(H.O),Forex Operation
Account No.	-	CF 004880(MMK)
	-	EDN 600010(US$)
Swift Code	-	MYEBMMMY
Account Name	-	National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address	-	Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်

Bank Name	-	KBZ Bank Ltd.
Account No.	-	034 103 034 0232 8301 (MMK)
	-	034 109 034 0232 8301 (US$)
Swift Code	-	KBZBMMMY
Account Name	-	Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address	-	No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address	-	No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ဧရာဝတီဘဏ်

Account No.	-	000 110 501 002 5635 (MMK)
	-	000 110 503 000 0425 (US$)
Swift Code	-	AYABMMMY
Account Name	-	CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address	-	No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address	-	No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်

Account No.	-	0093 1005 0000 1333 (MMK)
	-	0093 1012 0000 2957 (US$)
Swift Code	-	CPOBMMMY
Account Name	-	CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

စဉ်	အမည်	ရာထူး/ဌာန	ဖုန်းနံပါတ်
(က)	ဒေါ်ခင်လေးညို	ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန	၀၆၇၃-၄၁၁၁၄၀ ၀၉-၄၂၈၃၀၃၈၅၃
(ခ)	ဒေါက်တာ အေးမြမြကျော်	ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန	၀၉-၅၀၉၂၂၉၃

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

စစ်တောင်းမြစ်ဝအနီး ဆွာချောင်းကမ်းထိန်းကျောက်စီလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ရေတာရှည် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကျေးရွာအရှေ့ဘက်ရှိ စစ်တောင်းမြစ်ဝအနီး ဆွာချောင်း မြောက်ဘက်ခြမ်း ကမ်းထိန်းကျောက်စီခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်ကို ယနေ့ နံနက်ပိုင်းက မြင်တွေ့ရသည်။ **(ယာပုံ)**

ရန်ကုန် - မန္တလေးကားလမ်း-ငါးကြီးကွေ့ကျေးရွာ - စစ်တောင်းမြစ်ကူးတံတား (ဆွာ) သို့ သွားသည့် လမ်းပိုင်းနှင့် အနောက်ဘက်မှ ကွေ့ဆင်းလာသော ဆွာချောင်း မြောက်ဘက်ခြမ်း တစ်လျှောက် ကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိရာ မိုးရာသီအမီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ သဘာ၀ဘေးရန်ပုံငွေကျပ် သန်း ၁၉၀ ဖြင့် ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

“တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့် တာဝန်ရှိသူတွေ ကွင်းဆင်းကြည့်ရှုပြီး ဇူလိုင် ၂၆ ရက်က လုပ်ငန်းများပြီးဆုံးကြောင်းအတည်ပြုခဲ့တာပါ” ဟု မြို့နယ်အဆင့် တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ ကမ်းထိန်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်နိုင်ခြင်းကြောင့် မကြာမီ တည်ဆောက်တော့မည့် စစ်တောင်းမြစ်ကူးတံတား (ဆွာ) လုပ်ငန်းခွင်သို့ သွားရောက်သော လမ်းပိုင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။ **သန်းလွင် (ဆွာ)**

ပြည်သူသာလျှင် အဓိက

❖ *ရှေ့ဖုံးမှ*

ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ နိုင်အောင်မငေးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် JMC-S Parallel Process ကိစ္စနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြသည်။

ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်ခဲ့

ထို့နောက် NCA-S EAO အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက ယနေ့ကျင်းပပြုလုပ်သည့် JMC-S Parallel Process ကိစ္စ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ချီးကျူးဂုဏ်ပြုပါကြောင်းကို ဦးစွာထုတ်ဖော်ပြောကြားလိုပါကြောင်း၊ နှစ်ဖက်ခေါင်းဆောင်ကိုယ်စားလှယ်များက ရလဒ်ကောင်းများကို ယနေ့ အစည်းအဝေးတွင် ဆောင်ကြဉ်းပေးနိုင်ခဲ့၍ ဖြစ်ပါကြောင်း။

အလျှော့အတင်းများ ပြုလုပ်နိုင်

ယင်းအချက်များက နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များသည် အားလုံးအကျိုးအတွက်ဆိုလျှင် အချင်းချင်းကြားတွင် ထိုက်သင့်သည့် အလျှော့အတင်းများ ပြုလုပ်နိုင်သည်ကို ပြသခြင်းပင် ဖြစ်ပါကြောင်း၊ မျဉ်းပြိုင်ကဲ့သို့ သွားနေခြင်းမျိုးမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် ဆုံမှတ်တစ်ခုဆီသို့ မျက်နှာချင်းဆိုင်၍ ဦးတည်လျှောက်လှမ်းသည့်အတွက် ယနေ့လို ရလဒ်ကောင်းကိုရရှိခြင်း ဖြစ်ပါကြောင်း။

သဘောထားများချမှတ်နိုင်

နှစ်ရက်တာကျင်းပခဲ့သည့် ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များသည် (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်အမှတ် (၁) ဖြစ်သည့် တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းအစည်းအဝေး (Bilateral Meeting) နှင့် JMC အစည်းအဝေးများအား အပြိုင်ကျင်းပသွားရန် ဆိုသည့်အပေါ် နှစ်ဦးနှစ်ဖက်၏ အမြင်သဘောထား၊ နားလည်မှုနှင့် ချဉ်းကပ်မှု မတူညီမှုများကို အကျေအလည် ပွင့်ပွင့်လင်းလင်းရင်းနှီးစွာနှင့် ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း၊ နားလည်မှုများ အချင်းချင်းကြားတွင် တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် သဘောထားများ ချမှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းသည် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ အားတက်သရော တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်မှုပင်ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ရဲရဲဝံ့ဝံ့ပြသခြင်းလည်း ဖြစ်ပါကြောင်း။

ရလဒ်ကောင်းများရရှိရေး ဝိုင်းဝန်းကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် ဩဂုတ်လ ၄၊ ၅ ရက်များတွင် ကျင်းပမည့် JICM အစည်းအဝေးပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးတွင်လည်း ယခုလို ရလဒ်ကောင်းများရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

NCA-S EAO အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း အမှာစကားပြောကြားစဉ်။

သဘောတူနိုင်သည့်အချက်များကို ယနေ့ရရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယနေ့သည် များစွာမင်္ဂလာရှိသည့် နေ့ရက်ဖြစ်ပါကြောင်း၊ NCA-S EAO ခေါင်းဆောင် ပြောကြားခဲ့သည့်အတိုင်း မိမိတို့သည် တစ်ဖက်နှင့်တစ်ဖက် အပေးအယူ၊ တစ်ဖက်၏အခက်အခဲကို တစ်ဖက်ကနားလည်ပြီး နှစ်ဦးနှစ်ဖက် သဘောတူနိုင်သည့်အချက်များကို ယနေ့ရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် NCA-S EAO အဖွဲ့ခေါင်းဆောင် ပြောကြားချက်ကို မိမိအနေဖြင့် ထောက်ခံပြောကြားလိုသည်မှာ ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တစ်ဦးနှင့်တစ်ဦး စာနာမှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုပါကြောင်း။

ယုံကြည်မှု ပိုမိုခိုင်မာအားကောင်းလာ

အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် (၂) နှစ်ခန့် အချိန်ယူညှိနှိုင်းခဲ့ရသည့် ကြိုးပမ်းအားထုတ်မှုများသည် ယနေ့ ထပ်မံကာ နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာအားကောင်းလာသည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးညှိနှိုင်းကြရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ရှေးရှုပြီး ခိုင်မာသည့် သန္နိဋ္ဌာန်နှင့် ကြိုးပမ်းခဲ့ကြသည့်အတွက် ယနေ့ရလဒ်ကောင်းများ ရရှိပြီး ရှေ့ကိုဆက်လက်လျှောက်လှမ်းနိုင်သည့် အနေအထားကို ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှုများ သယ်ဆောင်

ယင်းရလဒ်ကောင်းကြောင့် လာမည့် ဩဂုတ်လ ၄ ရက်နေ့နှင့် ၅ ရက်နေ့တို့တွင်ကျင်းပမည့် အလုပ်အဖွဲ့အစည်းအဝေး၊ ဩဂုတ်လ ၁၀၊ ၁၁ ရက်များတွင် ကျင်းပမည့် JICM အကြိုညှိနှိုင်းအစည်းအဝေး၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ကျင်းပမည့် JICM အစည်းအဝေးများတွင်လည်း ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ သယ်ဆောင်သွားနိုင်ရန် တိုက်တွန်းလိုပြီး အခိုင်အမာယုံကြည်ထားပါကြောင်း။

ယင်းယုံကြည်ချက်နှင့်အတူ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ကြဉ်းပေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံစတုတ္ထအစည်းအဝေးကို သတ်မှတ်ထားသည့်အတိုင်း ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် အောင်မြင်စွာကျင်းပနိုင်ရေး ဆက်လက်ကြိုးပမ်းပေးကြရန်လည်း အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်

စေ့စပ်ညှိနှိုင်းရာတွင် စိတ်ရှည်လက်ရှည်နှင့် သဘောထားကြီးကြီးထားပြီး အပြန်အလှန်နားလည်မှု၊ စာနာမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရေးကို အာရုံထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ စိတ်ဓာတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက ပြည်သူလူထုလိုလားသည့် ငြိမ်းချမ်းရေးကို မလွဲမသွေ ရအောင်ဆောင်ကြဉ်းပေးနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ကြိုးပမ်းပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-ကိုထိန်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ဂွမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ကြေးငွေကျပ် ၂၇၈၈ သိန်းကျော် ပေးအပ်

ဂွ ဩဂုတ် ၂

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ဂွမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ကြေးငွေကျပ် ၂၇၈၈ သိန်းကျော် ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားရာ၌ "မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုတွေ ဆောင်ရွက်နေတဲ့ ကာလမှာ အခြေခံလူတန်းစား ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရအနေနဲ့ ထောက်ပံ့ကူညီမှုတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူတွေအခက်အခဲနဲ့ လိုအပ်ချက်တွေဖြစ်နေတဲ့အချိန်မှာ စားသောက်ရေးနဲ့ ပတ်သက်ပြီး ထောက်ပံ့ခဲ့ပါတယ်။ ဒုတိယအကြိမ်မှာ ပထမအကြိမ်ပေးတဲ့အထဲ ကျန်ခဲ့တဲ့သူတွေကို ထပ်ပေးခဲ့ပါတယ်။ အခု တတိယအကြိမ်မှာ ယခင်နှစ်ကြိမ်စလုံးမှာ ရခဲ့တဲ့ အိမ်ထောင်စုတွေကို စုပေါင်းပြီးပေးတာဖြစ်တဲ့အတွက် ပြည်နယ်အစိုးရအနေနဲ့လိုအပ်ချက်တွေရှိနေတဲ့ ပြည်သူတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံပြီး ပေးအပ်ခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံလူတန်းစား အိမ်ထောင်စုများကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းထံသို့ လည်းကောင်း (ယာပုံ)၊ ပြည်နယ်ဝန်ကြီးများဖြစ်သည့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်တို့က တက်ရောက်လာသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား တစ်အိမ်ထောင်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ စီအားလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဂွမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၇၈၈၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီးနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ရွှေရည်ဝင်း(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပြည်ထောင်စုနယ်မြေအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု ကြည့်ရှု

နေပြည်တော် ဩဂုတ် ၂

မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် လိုအပ်သော မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဦးစားပေးလုပ်ငန်းအဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများအနက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇမ္ဗူသီရိ မြို့နယ် အောင်ဇမ္ဗူရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းနောင်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ထို့နောက် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူတစ်ဦးချင်းထံသို့ ပေးအပ်ကြသည်။

ပြည်သူတစ်ဦးချင်းထံ ပေးအပ်

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအနီးရှိဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ရပ်ကွက် ချင်းရွာအခြေခံပညာမူလတန်းကျောင်း၌ ဌာနဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဖြည့်ဆည်းပေး၍ ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူတစ်ဦးချင်းထံ ပေးအပ်သည်။

စနစ်တကျကိုင်တွယ်ထိန်းသိမ်း

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် အရေးပါမှု၊ ကတ်ပြားအမှတ်များ မှတ်သားထားရန်နှင့် မပျောက်မပျက်စေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းနိုင်ရေး၊ မဲစာရင်းထုတ်ပြန်ထားရှိမှုတွင် အမည်စာရင်းပါရှိရေးနှင့် မှတ်ပုံတင်အမှတ်များမပါရှိပါက အကြောင်းကြားဖြည့်သွင်းနိုင်ရေးနှင့် မဲစာရင်းတွင်ပါဝင်သော်လည်း မှတ်ပုံတင်မရှိသေးပါကလည်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား မဲစာရင်းထုတ်ပြန်ထားရှိမှုအပေါ် မှတ်ပုံတင်အမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မိမိတို့ဌာနဝန်ထမ်းများ ညှိနှိုင်းပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများအား မဲစာရင်းတွင်ပါရှိပြီး မှတ်ပုံတင်အမှတ်များ ဖြည့်သွင်းရန်ကျန်ရှိသူများအား စာရင်းပြုစုကာ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးလုပ်ငန်းအား ဌာန၏ ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ကြရန် မှာကြားပြီးဖြစ်ကြောင်း၊ ဌာနအနေဖြင့် မြို့နယ်ရုံးအလိုက် လက်ရှိအင်အားအပေါ်မူတည်၍ ရုံးတွင် ဆောင်ရွက်ပေးရမည့် ရုံးထိုင်အဖွဲ့၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ မဲစာရင်းတွင် မှတ်ပုံတင်အမှတ်များ ဖြည့်သွင်းရန်ကျန်ရှိသည့် စာရင်းအား မိမိမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးဖြည့်သွင်းမည့် အဖွဲ့တစ်ဖွဲ့၊ မှတ်ပုံတင်မရှိသေး၍ ဆောင်ရွက်ပေးရန်လိုအပ်သည့် ဒေသများအားရွေးချယ်၍ ကွင်းဆင်းဆောင်ရွက်ပေးရမည့် အဖွဲ့တစ်ဖွဲ့စသည်ဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုထုတ်ပြန်သည့် မဲစာရင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင်အမှတ်များ ဖော်ပြရန် ကျန်ရှိနေမှုအပေါ် ဌာနအားလုံးက ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် မပါသင့်သူများမပါရှိရေး၊ မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မဲပေးခွင့်ရရှိရေးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဓိကလုပ်ငန်းဖြစ်ပြီး ဆောင်ရွက်ကြသူအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

အများပြည်သူရုံးပိတ်ရက်များပါမကျန် ဆောင်ရွက်ပေးလျက်ရှိ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲစာရင်းတွင်ပါရှိသူများ စာရင်းတွင် မှတ်ပုံတင်အမှတ်များ ဖြည့်သွင်းနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းထုတ်ပေးရေးလုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီး၌ အများပြည်သူရုံးပိတ်ရက်များပါမကျန် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူ ရပ်ကွက်၌ အသက် (၁၀)နှစ်မှ (၁၈)နှစ်ပြည့် လဲလှယ်သူ ၂၁ ဦး၊ အသက် (၁၈) နှစ်ပြည့် လျှောက်ထားသူ ၁၄ ဦး၊ ပျောက်ဆုံး/ပျက်စီး မိတ္တူလျှောက်ထားသူ တစ်ဦး စုစုပေါင်း ၃၆ ဦး၊ ပျဉ်းမနားမြို့နယ် ယောက်သွားအင်း ကျေးရွာအုပ်စု၌ အသက် (၁၈) နှစ်ပြည့် လျှောက်ထားသူ ၃၀ နှင့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ရပ်ကွက်၌ အသက် (၁၈) နှစ်ပြည့် လျှောက်ထားသူ ၃၅ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အလျှင်လို ကျေးရွာအုပ်စု၊ ပျဉ်းမနားမြို့နယ် ပြုတွင်းကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ် အမှတ်(၃)နှင့် အမှတ်(၄)ရပ်ကွက်နှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကျေးရွာအုပ်စုတို့၌လည်း ယနေ့ရုံးပိတ်ရက်တွင် ဝန်ထမ်းများက တစ်ပြိုင်တည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဝါဆိုမိုးနှင့်အတူ

- ဝါဆိုကာလ ချိန်ကျပြီဆိုလျှင်
  ရာသီကရာကဋ္ဋ လမြတ်တော်ဝင်
  ပြုဗ္ဗာသန်နှင့် လမင်းယှဉ် ကောင်းကင်တစ်ခွင်လုံး
  မဖုံးမြူတိမ် ကင်းလို့ငြိမ် လွမ်းချိန်ဘယ်မှာ ရှိလိမ့်လေး။
- ဖြူနီညိုပြာ စုံစွာပန်းခင်း
  ခူးယူသီကုံး နှလုံးရင်တွင်း
  ကပ်လှူပူဇော် ကုသိုလ်တော်
  ကော်ရော်ခဝပ်စင်းသည်နှင့်လေး။
- ဝသန်ဦးမိုး ဖြိုးဖျဝေဟင်
  ကောင်းကင်တစ်ခွင်လုံး မြူဖုံးတိမ်ခိုးဆင်
  ရှစ်ခွင်ပတ်လုံး ခြိမ့်ခြိမ့်အုံး
  ပျို့ဖုန်းစိတ်တွင် နွမ်းသည်နှင့်လေး။
- ရာသီခါပြောင်း နွေနှောင်းဝသန်မှာ
  ယုဂန်ဘွေစွန်း ငွေဝန်းသည်သော်တာ
  ထွက်လာမဝံ့ ရှို့တွံ့တွံ့ တိမ်ညွှန့်ဖုံးရှာသည်နှင့်လေး။
- ကိုယ့်စိတ်ဘဝင် လန်း မရွှင်သာ
  ရင်မှာညှိုးနွမ်း နေထိပန်းပမာ
  လွမ်းရရက်ကြာ ဝသန်ခါဦး
  လေရူးပွေနှောက် သည်ချိန်ရောက်
  ထိုးဖောက်ရင်မှာ နွမ်းသည်နှင့်လေး။
- ဂိမှာန်နွေယွင်း မိုးတွင်းရောက်တော့မည်။
- စိတ်မှာမလန်း နေထိပန်း ညှိုးနွမ်းရော်ရီရှိတော့သည်။

ဘိုမျိုး (ရွှေဘို)

❒ *ကျောဖုံးမှ*

လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုနှင့် ခင်ဦးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရွှေဘို ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၂ နာရီက ရွှေဘိုမြို့နယ်နှင့် ခင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ပျိုးရေ ဖူလုံစွာရရှိရေး သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအနီးရှိ ရေ့ပြေးအဆင့်မြင့်လယ်ယာမြေ ဖော်ဆောင်ခြင်းစီမံကိန်း ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် ဆည်မြောင်းဦးစီးဌာနမှ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကိုလည်းကောင်း၊ စီမံကိန်းဧရိယာအတွင်းပါဝင်သည့် တောင်သူများ၏ မိုးစပါးစိုက်ပျိုးရေ ဖူလုံစွာရရှိရေးအခြေအနေတို့အားလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆည်မြောင်းဦးစီးဌာန၏ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးကာ ဆည်မြောင်းဦးစီးဌာနများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် မိုးစပါးစိုက်ပျိုးရေ ဖူလုံစွာရရှိရေးကို အထူးအလေးထားကြိုးစား၍ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်ပြီး ခင်ဦးမြို့နယ်အတွင်း ရွှေဘိုမြောင်းမတော် လက်တံ (၁)၊ (၂)၊ (၃)တို့ရှိ ရေသောက်ဧရိယာ ၁၇၇၈၃ ဧက မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခင်ဦးမြို့ဝင် ကတ္တရာလမ်း အဆင့်မြှင့်တင် ချဲ့ထွင်ဖောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောစိုက်ခင်းများ၊ ခဲသတ္တုသန့်စင်နေမှုနှင့် ဆင်စခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ထီသိမ်ရေလှောင်ကန်ဘေးတွင် ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်/ခရိုင်/ မြို့နယ် တာဝန်ခံများနှင့်အတူ သစ်ပင်စိုက်ပျိုးကြသည်။ (ယာပုံ)

လစဉ်ပုံမှန်စစ်ဆေး

ထို့နောက် တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ထီသိမ်ရေလှောင်ကန်၏ ရေဝေရေလဲဧရိယာဖြစ်သည့် ထီသိမ်ကန်ကြိုးဝိုင်းအတွင်း မြေအသုံးချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော နယ်နိမိတ်ကို ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဘုတ်တိုင်များ စနစ်တကျစိုက်ထူဆောင်ရွက်ရန်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်မှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး၍ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရန်နှင့် ရေအရည်အသွေးကို လစဉ်ပုံမှန်စစ်ဆေးတင်ပြရန်တို့ကို မှာကြားသည်။

ရေဖြန့်ဝေပေးလျက်ရှိ

အဆိုပါ ထီသိမ်ရေလှောင်ကန်သည် ၁၉၆၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး တောင်ကြီးမြို့နယ်အတွင်းရှိ သစ်တော၊ ပြည်တော်သာ၊ ရတနာသီရိ၊ မင်္ဂလာဦး၊ စဝ်စံထွန်းဆေးရုံ၊ ရေအေးကွင်း၊ ကန်ပေါက်ရုံးဝင်း စသည့်ရပ်ကွက်များသို့ အိမ်သွယ်ရေတိုင်များမှ ရေဖြန့်ဝေပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ အေးသာယာ Green Zone ၌ စိုက်ပျိုးတည်ထောင်ထားရှိသည့် သစ်မျိုးစုံ သီးနှံသစ်တော သရုပ်ပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေး၍ တောင်စောင်းမြေမျက်နှာသွင်ပြင်၌ စိုက်ခင်းတည်ထောင်ရာတွင် ကွန်တိုလိုင်းအလိုက် ဝက်ခေါင်းထိုးစနစ်ဖြင့် တည်ထောင်စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေအရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝသည့် သစ်မျိုးများကို ထည့်သွင်းစိုက်ပျိုးရန်လိုကြောင်း၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းနိုင်ရန်အတွက် ရေလွှဲမြောင်းများအား တူးဖော်ရန် လိုအပ်ကြောင်း၊ ဝါးနှင့် ဗက်တီဘာမြက်များအား တောင်စောင်း၏ အောက်ဆုံးကွန်တိုလိုင်းတွင် ထည့်သွင်းစိုက်ပျိုးဆောင်ရွက်ရန်နှင့် သရုပ်ပြ၊ ပညာပေးဆောင်ရွက်သည့် နေရာဖြစ်သည့်အတွက် အဘက်ဘက်မှ စံနမူနာဖြစ်အောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်ဆိုင်းဒေသရှိ ထိပ်တန်းကြယ်ဆယ်ခုထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ခဲသတ္တုသန့်စင် အကြီးစားထုတ်လုပ်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကမ္ဘာ့တစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားစဉ်ကာလ လုပ်ငန်းများ ရပ်နားထားချိန်တွင် ဝန်ထမ်းများနှင့် လုပ်သားများအား ထောက်ပံ့ဆောင်ရွက်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘော်ဆိုင်းဒေသအတွင်း သတ္တုတွင်းနယ်မြေ သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်တင်ပြရန်၊ တရားမဝင် ရွှေ၊ သတ္တုတူးဖော်ခြင်းနှင့် တရားဝင်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်များအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ကျူးကျော်လုပ်ကိုင်ဆောင်ရွက်သူများအား အသိပညာပေး၍ တရားဝင်လုပ်သားများဖြစ်အောင် စည်းရုံးဆောင်ရွက်ရန်၊ တရားဝင်ခွင့်ပြုမိန့်ရရှိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ထုတ်လုပ်မှုကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် ဌာနပိုင်မြေများကို ပိုင်ဆိုင်မှုအထောက်အထားရရှိအောင် အထူးအလေးထားဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားသည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် ကလောမြို့နယ် ရှမ်းရိုးမဆင်စခန်းသို့ ရောက်ရှိပြီး ဆင်စခန်းတာဝန်ခံက ကိုဗစ်-၁၉ ကာလအလွန် ဆင်စခန်းပြန်လည်ဖွင့်လှစ်ရန် ပြုပြင်မွမ်းမံဆောင်ရွက်မှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆင်များအတွက် အစားအစာဖူလုံစေရေးနှင့် ဆင်များ၏ကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်၊ ဆင်စခန်းပြန်လည်ဖွင့်လှစ်ရာ၌ လာရောက်လေ့လာလည်ပတ်သည့် ဧည့်သည်များအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ဆင်စခန်းဝန်းကျင် သန့်ရှင်းသပ်ရပ် သာယာလှပရေးနှင့် ရေအိမ်များ သန့်ရှင်းမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ကာလအလွန် ဆင်စခန်း ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲတင်ပြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးလှကျော် တာချီလိတ်မြို့နယ်ရှိ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စိုက်ဧက ၁၃၀ စိုက်ပျိုးနေမှု အားပေးကြည့်ရှု

နေပြည်တော် ဩဂုတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်နှင့်အတူ ဩဂုတ် ၁ ရက် ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ဖြင့် မိုးစပါးမျိုးသန့်မျိုးပွားမျိုးစေ့-စီးပွားဖြစ် မျိုးသန့်မျိုးစေ့(RS to CS)ထုတ် စိုက်ခင်းဧက ၁၃၀ တွင် စိုက်ပျိုးဆောင်ရွက်နေမှုများကို အားပေးကြည့်ရှုသည်။ (ဝဲပုံ)

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်(CERP)ဖြင့် မျိုးစေ့ထုတ် စိုက်ဧက ၄၀၅၈ ဧကအတွက် နိုင်ငံတော်မှ ငွေကျပ်သန်း ၆၀၀ ကျော် ထောက်ပံ့ပေးအပ်မည်ဖြစ်ရာ တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာတွင် (CERP) အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ စီမံချက်ဖြင့် မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးနေသည့် တောင်သူ ဦးကျလော အပါအဝင် တောင်သူ ၂၀ နှင့် တွေ့ဆုံ၍ မျိုးသန့်မျိုးပွား မျိုးစေ့-စီးပွားဖြစ် မျိုးသန့်မျိုးစေ့ (RS to CS)ထုတ် စိုက်ခင်း ဧက ၁၃၀ ကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင်ဦးက မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မြေပုံနှင့်တကွ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တောင်သူများနှင့် ဝန်ထမ်းများအား လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်းကိုးကျေးရွာအုပ်စု ဟိုပင်ကျေးရွာအနီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဟိုရမ်းရေတံခါး ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာချီလိတ်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးဟန်ထွန်း က ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဟိုရမ်းရေတံခါးအဆောက်အအုံကို ၂၀၀၄ ခုနှစ်တွင် ပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် မိုးရာသီကာလ စက်တင်ဘာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတံခါးရေလျှံတား တာပေါင်ကျိုးပေါက်ခဲ့ပြီး ဟိုရမ်းစိုက်ကွင်းအတွင်းရှိ လယ်မြေဧက ၅၀ ခန့်သာ စိုက်ပျိုးရေ ပေးဝေခဲ့ရသဖြင့် ယင်းရေတံခါးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့သည်။ ယခုအခါ ဟိုရမ်းရေတံခါးမှ လယ်မြေဧက ၁၀၀ ကျော်ကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

ဖြိုးလေး(ပြန်/ဆက်)

ကြံခင်း-ဟင်္သာတ-ပုသိမ်လမ်းပိုင်း၌ အမြန်ရထားပြန်လည်ပြေးဆွဲ

ကြံခင်း ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ အမှတ်(၉) တိုင်းနယ်မြေအတွင်း ကြံခင်း-ဟင်္သာတ-ပုသိမ်လမ်းပိုင်း၌ (၁၈၁)အဆန်နှင့် (၁၈၂)အစုန်အမြန်ရထားပြေးဆွဲခြင်းကို ဩဂုတ် ၁ ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါအမြန်ရထားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ရထားပြေးဆွဲရေးလုပ်ငန်းများ ထိန်းချုပ်ကွပ်ကဲလျက်ရှိကြောင်း၊ အမှတ်(၉) တိုင်းနယ်မြေအတွင်း ကြံခင်း-ဟင်္သာတ-ပုသိမ်လမ်းပိုင်း၌ (၁၈၁) အဆန်နှင့် (၁၈၂)အစုန်အမြန်ရထား ပြေးဆွဲခြင်းရပ်နားထားရာမှ ယခုအခါတွင် ဇူလိုင် ၂၁ ရက်မှစပြီး အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သဖြင့် ခရီးသွားပြည်သူများပြားလာမည်ဖြစ်ကာ သွားလာရေးအဆင်ပြေစေရန် ရပ်နားထားသော အမြန်ရထားကို ဩဂုတ် ၁ ရက်မှစပြီး ပြန်လည် ပြေးဆွဲကြောင်း သိရသည်။

ထိုအမြန်ရထားသည် အထက်တန်းသုံးတွဲ၊ ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်တစ်တွဲဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ခရီးသွားပြည်သူများ နေရာခြားထိုင်နိုင်ရန် ခရီးသည်တစ်ဦးလျှင် လက်မှတ်တစ်စောင်စီ ရောင်းချပေး၍ ထိုင်ခုံနှစ်လုံး စီစဉ်ပေးမည်ဖြစ်ကြောင်း၊ အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်း တပ်ဆင်သူများသာ လက်မှတ်ရောင်းချ သွားလာခွင့်ပြုမည်

ဖြစ်ကြောင်းနှင့် ယခင်ပြေးဆွဲလျက် ရှိသော (၁၈၅) အဆန်နှင့် (၁၈၆)အစုန် စာပို့ရထားသည်လည်း ဆက်လက် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကြံခင်း မြို့ မီးရထားရုံပိုင်ကြီး ဦးမောင်မောင်ဦး ထံမှ သိရသည်။ **မိုးမိုး(ပြန်/ဆက်)**

ဓမ္မစကြာ သုတ္တန် တရားတော်ကြီး၏ အနှစ်ချုပ်

ယခုဘဝမှာပင် နိဗ္ဗာန်ဝင်ခွင့်ရနိုင်သော တရားထူး တရားဦး တရားမြတ်

ဒေါ်ယဉ်ယဉ်(စစ်တက္ကသိုလ် အငြိမ်းစားဆရာမကြီး)

ပွင့်တော်မူပြီးသော ဘုရားရှင်တိုင်း တရားဦး ဓမ္မစကြာ တရားတော်ကို ဟောတော်မူခဲ့ကြပါသည်။ အဓိက ရည်ရွယ်ချက်မှာ “လူတစ်ယောက်တိုင်း နေ့စဉ်ဘဝမှာ ဒုက္ခနှင့် ဒုက္ခမှ လွတ်မြောက်ဖို့၊ အပါယ်ပိတ်ဖို့၊ သံသရာ ရပ်ဖို့နှင့် နိဗ္ဗာန်ဝင်ခွင့်ရစေဖို့” ဖြစ်သည်။

ဤတရားတော်ကြီးသည် သဗ္ဗညုတဉာဏ်တော် ဖြင့်သာ ထုတ်ဖော်သိရှိနိုင်သော လောကကြီး၏ သဘာဝ အစစ်အမှန်ကို လူနတ်ဗြဟ္မာတို့ သိရှိနားလည်အောင် ဟောကြားပေးသော သဘာဝတရားစစ်စစ်သာ ဖြစ်သည်။ မည်သည့်ဘာသာဝင်ဖြစ်စေ လူတစ်ယောက်တိုင်း သိသင့် သိထိုက်သော အမှန်တရားဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ အတွက် သီးသန့်ဟောကြားပေးသော တရားမဟုတ်ပါ။

ဗုဒ္ဓမြတ်စွာဘုရားသည် လက်ညှိုးတစ်ချောင်းထောင် ပြီး အနတ္တလောကကြီးကို ညွှန်ပြဖို့ အတ္တဝါဒထွန်းကား သော မဇ္ဈိမတိုင်းတွင် ပွင့်တော်မူခဲ့သည့်ဘုရား ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ယခင်ကရော ယခုပါ တစ်ခုတည်းသော အကြောင်းကိုသာ ဟောကြားသည်။ ၎င်းမှာ ဒုက္ခနှင့် ဒုက္ခ မှ ထွက်မြောက်ကြောင်း ဖြစ်သည်။ ထို့ကြောင့် ဓမ္မစကြာ တရားတော်သည် ဒုက္ခစက်ကို ရပ်ဆိုင်းပြီး ဓမ္မစက်ကို လည်စေသော တရားမြတ်ဖြစ်သည်။

ယနေ့ဗုဒ္ဓဘာသာဝင်များမှာဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်ပြီး ရွတ်ဖတ်ပူဇော်ခြင်းဖြင့် သာ ပြီးဆုံးသွားကြပါသည်။ အနှစ်သာရ အစစ်အမှန်ကို မသိကြပါ။ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ ဓမ္မစကြာ တရား တော်၏ အနှစ်သာရများ လုံးဝပျောက်ကွယ်သွားခဲ့ပြီဖြစ် သည်။ ပညတ်နှင့် ပရမတ် ဆက်စပ်၍ မသိနားမလည် နိုင်ခြင်း၊ ပဋိဝေဓဉာဏ်ဖြင့် အဓိပ္ပာယ်ဖော်ထုတ်နိုင်သော ပညာ ပျောက်ဆုံးနေခြင်းလည်း ဖြစ်သည်။

ယနေ့ ဝိမုတ္တိယုဂခေတ် ငါးရာနှစ် တစ်ကျော့ပြန် ရောက်ခဲ့ပါပြီ။ ဓမ္မစကြာ၏ အနှစ်သာရ အဖိုးတန်ရတနာ ကြီး ပေါ်ထွန်းလာခဲ့ပါပြီ။ သပ္ပုရိသ ဆရာကောင်းတွေ့ အောင် ရှာကြဖို့ မြတ်ဗုဒ္ဓက အကြိမ်ပေါင်း ၁၉၇၂ ကြိမ် မိန့်ကြားတော်မူခဲ့ပါသည်။ သပ္ပုရိသ ဆရာကောင်းတွေ့ လျှင် ကိစ္စအားလုံးပြီးပါသည်။ ဝိဇ္ဇာ(အယူမှန် အမြင်မှန်) နှင့် စရဏ (အကျင့်မှန်)ပါ ပြီးပြည့်စုံကြလိမ့်မည်ဟု ဟောကြားခဲ့ပါသည်။

ဤဆောင်းပါးတွင် ဓမ္မစကြာ၏ မူရင်းအနှစ်သာရကို အကျဉ်းအားဖြင့် ပြည့်စုံအောင် တင်ပြပါမည်။ ဆက်လက် လေ့လာနိုင်ရန် မှီငြမ်းစာအုပ်များ၊ စီဒီတရားခွေများနှင့် လည်း မိတ်ဆက်ပေးပါမည်။ သပ္ပုရိသ ဆရာကောင်း ကိုလည်း ညွှန်ပြပေးပါမည်။ သဒ္ဓါတရားနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင်များ ဤဘဝမှာပင် နိဗ္ဗာန်ဝင်နိုင်ကြစေရန် ရည်ရွယ်ပါသည်။

ဗုဒ္ဓမြတ်ဘုရားသည် ဘုရားဖြစ်တော်မူမည့်နေ့ အရုဏ်ဦးအချိန်ရောက်မှ ခန္ဓာနှစ်စုံကို ခွဲခြားသိမြင်ပြီး သစ္စာလေးပါးကို ပိုင်းခြားနိုင်ခဲ့ပါသည်။ ထိုအခါမှ ငါဘုရား ဖြစ်ပြီဟု ကြွေးကြော်တော်မူခဲ့သည်။ ဓမ္မစကြာ၊ သစ္စာလေး ပါး၊ မဂ္ဂင်ရှစ်ပါး၊ ဝိမုတ္တိလမ်းကြောင်းသည် အပစယဂါ မိနော ဓမ္မလမ်းကြောင်းဖြစ်ပြီး လွယ်ကူသောလမ်း၊ နီးသောလမ်း ဖြစ်သည်။ သုခပဋိပ္ပဒါ ချမ်းသာသောလမ်း၊ ခိပ္ပာဘိညာ လွယ်ကူလျင်မြန်သောလမ်း၊ ဒသနသံပဒါ သဘောတရား နားလည်သောလမ်း၊ ပညာဝိမုတ္တိ ပညာ ဖြင့် လွတ်မြောက်ပြီး နိဗ္ဗာန်ဝင်သောလမ်း ဖြစ်သည်။

သတိပဋ္ဌာန်လမ်းကြောင်းမှာ အာစယဂါမိနောလမ်း ကြောင်းဖြစ်သည်။ အိုနာသေ ခြားသောလမ်း၊ ဝေးသော လမ်း ဖြစ်သည်။ ရဟန္တာဖြစ်မှ နိဗ္ဗာန်ဝင်နိုင်ပါသည်။ ဓမ္မ စကြာတရားတော်သည် ခန္ဓာနှစ်စုံကို နားလည်စေပြီး သစ္စာလေးပါးကို ပိုင်းခြားနိုင်စေရန် ဟောကြားပေးသော တရားတော်ဖြစ်သည်။

လူ့ဘောင်လောက၏ သဘာဝအစစ်အမှန်များကို အစုံစုံ နားလည်စေရန် မြတ်စွာဘုရားက ပရမတ္ထတရား လေးပါးကို ဟောပါသည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လေးပါး ဖြစ်သည်။ စိတ်နှင့် စေတသိက်ပေါင်းလျှင် နာမ်ဖြစ်ပါသည်။ လူတိုင်းသိကြသော စိတ်ဖြစ်သည်။ ရုပ်၊

“ယနေ့ ဗုဒ္ဓဘာသာဝင်များမှာ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်ပြီး ရွတ်ဖတ်ပူဇော်ခြင်းဖြင့်သာ ပြီးဆုံးသွားကြပါသည်။ အနှစ်သာရ အစစ်အမှန်ကို မသိကြသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ ဓမ္မစကြာတရား တော်၏ အနှစ်သာရများ လုံးဝပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ ပညတ်နှင့် ပရမတ် ဆက်စပ်၍ မသိနားမလည်နိုင်ခြင်း၊ ပဋိဝေဓဉာဏ်ဖြင့် အဓိပ္ပာယ် ဖော်ထုတ်နိုင်သော ပညာပျောက်ဆုံးနေခြင်းလည်းဖြစ်”

နာမ်နှင့် နိဗ္ဗာန် ဖြစ်ပါသည်။ ကျန်သည့်တစ်လောကလုံး ဘာမှမရှိပါ။ အနတ္တဖြစ်ပါသည်။

ကိုးလလွယ် ဆယ်လဖွားသော သဘာဝခန္ဓာကြီးကို ပုဂ္ဂိုလ်သတ္တဝါ ခေါ်လို့ရပါသည်။ ဓာတ်ကြီးလေးပါး၊ ရုပ် စောင့်ဓာတ်၊ နာမ်စောင့်ဓာတ်တို့ ပါဝင်သည်။ ဖြစ်၊ တည်၊ ပျက်ပါ။ တစ်စက္ကန့်ကို ရုပ် ကုဋေ ငါးထောင် ဖြစ်ပျက်၊ နာမ် ကုဋေတစ်သိန်း ဖြစ်ပျက်ပါသည်။ သဘာဝခန္ဓာ၏ ဒုက္ခများကို ဘုရား၊ ရဟန္တာများပင် သည်းခံပြီး ပြုစုထား ကြပါသည်။ ဤသဘာဝခန္ဓာကို သစ္စာဖွဲ့ပြီး တရား မဟောကြားပါ။

နောက်ခန္ဓာတစ်ခုက မျက်စိပေါ်မှာပေါ်လာသည့် တစ်ဖက်လူ၏ ပုံရိပ်ခန္ဓာဖြစ်ပါသည်။ တစ်ဖက်လူ၏ခန္ဓာ ဟာ မှန်ထဲမှာပေါ်သလို မျက်စိထဲမှာလည်း ပေါ်ပါသည်။ တစ်ဖက်လူ၏ သဘာဝခန္ဓာက ရှိတော့ရှိပါသည်။ ဒါပေ မယ့် ကျွန်မတို့မြင်ခွင့်ရသည့် မျက်စိထဲက သူ့ရဲ့ ပုံတူ အရိပ်ခန္ဓာဟာ အရိပ်ခန္ဓာ ဥပါဒါန်ခန္ဓာ ဖြစ်သည်။ အသက် မရှိပါ။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ။ သူ၊ ငါဟု မခေါ်နိုင်ပါ။ ဖြစ်ပြီး ပျက်သွားသည့်အရိပ် သုညသာ ဖြစ်ပါသည်။ ဥပါဒါန်ခန္ဓာ၊ အရိပ်ခန္ဓာ၊ သုညခန္ဓာကို သစ္စာဖွဲ့ပြီး ဟောကြားခဲ့သဖြင့် ဓမ္မစကြာတရားတော် ပေါ်ပေါက် လာခဲ့ပါသည်။

အသက်မပါသော ဥပါဒါန်ခန္ဓာ၊ အရိပ်ခန္ဓာ၊ သုညခန္ဓာ ကို သူ၊ ငါဟု အယူမှား အထင်မှားပြီး မှတ်ယူလျှင် သက္ကာ ယ ဒိဋ္ဌိဖြစ်ပါသည်။ အနိစ္စ ဒုက္ခ အနတ္တသာ ဖြစ်ပါသည်။

သက္ကာယကို နားလည်စေချင်သော စေတနာသည် ဘုရားရှင်တိုင်း၏ အကြီးမားဆုံး ကရုဏာဖြစ်သည်။ သက္ကာယကို သိရှိနားလည်လျှင် အပါယ်ပိတ်သည်။

သဘာဝခန္ဓာတွင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ပြတင်းတံခါး ခြောက်ပေါက် ပါလာခဲ့သည်။ မျက်စိတွင်ပေါ်သော အာရုံ၊ အရိပ်၊ ဥပါဒါန်ခန္ဓာတို့ကို ရှင်းပြခဲ့ပြီးပါပြီ။ ထိုနည်းတူ ကျန်သော နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသည်တို့မှာလည်း ဖြစ်ပြီးပျက်သွား သော အရိပ်အာရုံ ဥပါဒါန်ခန္ဓာများသာ ဖြစ်သည်။

လူတစ်ယောက်တိုင်းသည် မွေးစမှ ဘဝပြောင်းချိန် အထိ အာရုံပြတင်းခြောက်ပေါက်မှ အာရုံများ၊ အရိပ်များ၊ သုညများ၊ ဥပါဒါန်ခန္ဓာများဖြင့်သာ ဆက်ဆံပြီး နေခွင့်ရ သော ပညတ်ဘုံ လူ့ဘုံကြီးသည် အနတ္တလောကကြီး ဖြစ်သည်။ ကွယ်လွန်ခါနီးအချိန်တွင် မျက်စိများ၊ နားများ ချုပ်ပျက်သွားသော်လည်း စိတ်က နောက်ဆုံးအထိ ကျန်နေခဲ့ပါသည်။

ထိုနောက်ဆုံးအချိန်တွင် စိတ်မှာ ကံ၊ ကံမနိမိတ်၊ ဂတိနိမိတ်များက အာရုံဥပါဒါန်ခန္ဓာများအဖြစ် ပေါ်လာ သည်။ မိမိလုပ်ခဲ့ဖူးသော ကောင်းကံ၊ မကောင်းကံနှင့် စွဲလမ်းနေသော ဥစ္စာပစ္စည်းများ၊ သားသမီးများ အရိပ် သဖွယ် ပေါ်လာသည်။ စိတ်မှာပေါ်လာသမျှ ဥပါဒါန်ခန္ဓာ များ၊ အရိပ်များ၊ သုညများကို မြဲသောပညာအသိဖြင့် လွှတ်ချတတ်ရမည်။ အရှိဟုယူဆပြီး ဖက်တွယ်လိုက်မိ ပါက ဂတိနိမိတ်က ပြိတ္တာဘုံသို့ ပို့ပေးလိုက်ပါလိမ့်မည်။

မြတ်စွာဘုရားက မာလုကျပုတ္တ ရဟန်းကြီးကို "မျက်စိက မြင်ပြီးသည်နှင့် ချက်ချင်းပင် မြင်ခြင်းကိစ္စ ပြီးသွားပါပြီ၊ ဖြစ်ပျက်ပါ၊ ဘာမှ မရှိတော့တာမို့ ရပ်လိုက် ပါ၊ ဆက်မလိုက်ပါနှင့်"ဟု ဟောတော်မူပါသည်။ "ကျန် တဲ့ ကြားတာ၊ အနံ့ရတာတွေလည်း ဖြစ်ပြီး ပျက်သွားပါပြီ၊ မရှိတော့ပါ၊ အရိပ်တွေ၊ သုညတွေပါ"ဟု ဟောကြားခဲ့ပါ သည်။ ရဟန်းကြီး ရဟန္တာဖြစ်သွားခဲ့ပါသည်။

လူသားတွေကတော့ ထိုသို့ မကျင့်ကြံနိုင်ကြပါ။ မျက်စိကမြင်၊ နားကကြားလိုက်သည်နှင့် အရိပ်များ သုည များကို အစစ်လို့ ယူဆပြီး နှစ်သက်မှု၊ မနှစ်သက်မှု၊ ကိလေသာ၊ လောဘ၊ ဒေါသ၊ သုခ၊ ဒုက္ခများ တစ်မျိုးမဟုတ် တစ်မျိုး ပေါ်လာတတ်ပါသည်။ နှစ်သက်လို့ ယူလိုက်၊ တွယ်ငြိလိုက်လျှင် သက္ကာယဒိဋ္ဌိပါ။ မနှစ်သက်လို့ ပယ် လိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိပါ။ အစွန်းနှစ်ဖက်တွင် တစ်ဖက်ဖက် သို့ ကပ်သွားတတ်ပါသည်။ ဘုရားရှင်ဟောကြားသော မဇ္ဈိမပဋိပဒါအတိုင်း အလယ်မှာ အေးချမ်းတည်ငြိမ်စွာ မနေတတ်ကြပါ။ အယူမှား၊ အမှတ်မှားကြခြင်းသည် အဝိဇ္ဇာ မသိမှုကြောင့် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် မြင်၊ ကြား စသည်တို့ ကြောင့် ပေါ်လာသမျှ ကိလေသာ လောဘ၊ ဒေါသ၊ အလို ဆန္ဒ၊ သုခ၊ ဒုက္ခ စသည်တို့သည် သမုဒယများ ဖြစ်ပေ သည်။ မျက်စိကလည်း မြင်ခြင်းကိစ္စကို ဆောင်ရွက်ခြင်း သည် သူ့ကိစ္စသာ ဖြစ်သည်။ နားကလည်း ကြားခြင်းကိစ္စ ကို ဆောင်ရွက်ခြင်းသည် သူ့ကိစ္စသာဖြစ်သည်။ စိတ်က လည်း မြင်ပြီး၊ ကြားပြီး၍ မရှိတော့တာကို သိခွင့်ရနေတာ ဖြစ်သော်လည်း ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ သုခ၊ ဒုက္ခတွေ ကို တုံ့ပြန်နေခြင်းသည် သူ့သဘာဝဖြစ်သည်။ ထိုဖြစ်စဉ် အားလုံးကို အာရုံဥပါဒါန်ခန္ဓာများ၊ အရိပ်များ၊ သုညများ ဟု ပရမတ္ထပညာဖြင့် ဆက်စပ်နားလည် လက်ခံပြီး အေး ချမ်းစွာ နေလိုက်ရမည်ဖြစ်သည်။ ထို့အတွက် လေ့ကျင့် ပေးရန် လိုပါသည်။

ကိလေသာများ၊ လောဘများ၊ ဒေါသများသည် သုည များ၊ ဖြစ်ပြီးပျက်ပြီး အရိပ်များဟု ကောင်းစွာ နားလည် ခဲ့လျှင် ပယ်ခြင်းကိစ္စ၊ ဖယ်ရှားခြင်းကိစ္စ၊ ဆောင်ရွက်စရာ ကိစ္စ မရှိတော့ဘူးဆိုသည်ကို နားလည်ကြရပါမည်။ ဒုက္ခ ကင်းစွာ နေခွင့်ရပါမည်။

လူ့လောက ပညတ်ဘုံတွင် သမုဒယများဖြစ်သော အလိုများ၊ ဆန္ဒများ၊ လောဘများသည် ကိလေသာ ဖြစ် လာသောအခါ ဒုက္ခများ၊ သုခများကလည်း ဆက်လက် ရှင်သန်လာတတ်ကြသည်။ သို့သော် ထိုအရာများသည် အဖြစ်တရားသာဖြစ်၍ အရှိတရားမဟုတ်ဘဲ သုညသာ ဖြစ်သည်ကို အသိပညာဖြင့် နားလည်ကြပြီးဖြစ်သည်။ သုခ၊ ဒုက္ခစသော အတုများကို ပုထုဇဉ်တို့က အစစ်ဟု မှတ်ယူခံစားနေကြခြင်းကို ပုထုဇဉ်နော ဥမ္မာတကော (ပုထုဇဉ်အရူးတွေ)ဟု ဘုရားက ဟောခဲ့ပါသည်။

သမုဒယများသည် သဘာဝခန္ဓာကြီးကို ပူလောင် စေပြီး ဒုက္ခများ ဖြစ်ပေါ်စေပါသည်။ ပူလောင်သော၊ အေးမြသော ဝေဒနာတို့သည် အာရုံဥပါဒါန်ခန္ဓာဖြစ်ပြီး သုညသာ ဖြစ်သည်။ အဖြစ်တရားသာဖြစ်ပြီး အရှိတရား မဟုတ်ပါ။

သဘာဝခန္ဓာကြီး ပူခြင်း၊ အေးခြင်း ဝေဒနာများကို ငါဟုမြင်လျှင် အန္ဓပုထုဇဉ်၊ အပါယ်ခွင်လွတ်ရာ လမ်းမမြင်။

ဝေဒနာကို ဝေဒနာလို့ထင် ကလျာဏပုဂ္ဂိုလ်ပင်၊ အပါယ်ခွင် ဝေးကာမျှလောက်ပင်။

ဝေဒနာကို သဘာဝလို့ထင် အရိယာပုဂ္ဂိုလ်ပင်၊ လုံးဝ လွတ်လျှင် နိဗ္ဗာန်မြင်။

သမုဒယများ၊ ဥပါဒါန်ခန္ဓာများ၊ မရှိတာများ၊ အရိပ် များ၊ သုညများ ဆိုသည်ကို နားလည်ကြပြီဆိုလျှင် ဒုက္ခ ဆိုတာလည်း ပေါ်လာစရာမရှိတော့ဘဲ သုညသာဖြစ်သည်။ ဒုက္ခသစ္စာများ၊ သမုဒယသစ္စာများ ဘာမှမရှိတော့၊ သမု ဒယောနတ္ထိဖြစ်သည်။ လောကကြီးမှာ သမုဒယများ၊ ဒုက္ခများ မရှိတော့တဲ့အခါ အမြဲရှိနေသော အေးချမ်းငြိမ်း အေးသည့် အခြေအနေသာ ရှိပါတော့သည်။ နိရောဓော အတ္ထိဖြစ်ပါသည်။ ငြိမ်းအေးနေသော နိရောဓောအတ္ထိသည် နိဗ္ဗာန်ပင်ဖြစ်သည်။ ယင်းသို့ နားလည်သွားခြင်းသည် မဂ္ဂသစ္စာဖြစ်သည်။

သစ္စာလေးပါးကို ပိုင်းခြားနားလည်ခြင်းကိစ္စ ပြီးပါပြီ။ ဒုက္ခကုန်ဆုံးရာကိုလည်း နားလည်ကြပါလိမ့်မည်။ အစဉ် အမြဲ သုညကို နားလည်သွားလျှင် သစ္စဉာဏ်ပါ။ ကိုယ်ပိုင် ဆန်းစစ်၍သိလျှင် ကိစ္စဉာဏ်ပါ။ ဆန်းစစ်၍ သုညဖြစ် အောင် အားထုတ်စရာကိစ္စ ပြီးဆုံးပြီဟုသိလျှင် ကတ ဉာဏ်ပါ။ ကတဉာဏ်သို့ရောက်လျှင် နောက်ဆုံးဇာတိပါ။ တစ်ဦးတစ်ယောက်တိုင်း လွတ်မြောက်နိုင်ကြပါစေ။ ။

(ကျေးဇူးကြီးမားသော သပ္ပုရိသ ဆရာကြီး ဦးမောင် မောင်အား ဂါရဝပြုပါ၏။ ဆရာကြီး ဦးမောင်မောင်၏ တပည့်သာဝကများ ရန်ကုန်တွင် များစွာရှိပါသည်။ လွယ်ကူစွာ စုံစမ်းဆက်သွယ်နိုင်ပါသည်။ စီဒီတရား ခွေများလည်း တစ်ပါတည်း ရရှိနိုင်ပါသည်။ စာရေးသူ သည်လည်း စီဒီတရားခွေများကို ဓမ္မဒါနအဖြစ် လှူဒါန်း ပေးနေပါသည်။)

ကိုးကား

(၁) ဥပါဒါန် ခန္ဓာကို ထိုးထွင်းသိမြင်ပြီး ကိုယ်ပိုင်ဉာဏ် ဖြစ်လျှင် သံသရာမှ လွတ်ပြီ
Captain ဦးတင်စိုး(Master Mariner) (ဗိုလ်မှူး အငြိမ်းစား)

(၂) ဓမ္မစကြာတရားတော် ပဋိဝေဓဉာဏ်အမြင်နှင့် စင်ကြယ်သောမနော
ဦးမောင်မောင် (ပျဉ်းမနား)

(၃) စင်ကြယ်သောမနောဖြင့် သံသရာမှ လွတ်မြောက်ခြင်း
ဗိုလ်မှူးသန်းထွန်း (ငြိမ်း)

(၄) ဒုတိယလမ်းကြောင်းဖြင့် ဤဘဝမှာပင် နိဗ္ဗာန်ဝင်
မင်းကျော်ဝင်း

(၅) ဓမ္မစကြာဒေသနာတော်ကို မြတ်ဗုဒ္ဓအလိုကျ ပဋိဝေဓ ဉာဏ်ဖြင့် ချဉ်းကပ်လေ့လာခြင်း
ဦးရဲမြင့်အောင်(ဖိလစ်ပိုင်သံအမတ်ကြီးဟောင်း)

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေး တို့ အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးနှင့် စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်း

နေပြည်တော် ဩဂုတ် ၂

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ဩဂုတ် ၁ ရက်နှင့် ယနေ့တွင် ကျင်းပရာ ယနေ့ညနေပိုင်းက အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က မီဒီယာများနှင့် တွေ့ဆုံပြီး အစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၎င်းတို့၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။ **(ယာပုံ)**

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီနေ့ အစည်းအဝေးကတော့ မနေ့က အစည်းအဝေးရဲ့ အဆက်ဖြစ်ပါတယ်။ အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အလုပ်အဖွဲ့ကြားမှာ အဓိက ဆွေးနွေးတာကတော့ (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက် အမှတ် (၁)၊ NCA အခန်း(၃) အခန်း (၄) မှာပါတဲ့ အချက်တွေနဲ့ ပတ်သက်ပြီးတော့ အစိုးရနဲ့ EAO အဖွဲ့တွေကြားမှာ Bilateral ဆွေးနွေးသွားမယ်။ ဒီ ဆွေးနွေးမှုတွေနဲ့အပြိုင် JMC ဆွေးနွေးမှုတွေကိုလည်း ကျင်းပသွားမယ်ဆိုတဲ့ Parallel Process ဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်အတိုင်း JICM အစည်းအဝေးပြီးတဲ့ နောက်မှာ UPDJC အစည်းအဝေးကိုကျင်းပခဲ့ပြီးနောက် JMC-U အစည်းအဝေး ကျင်းပနိုင်ခဲ့ပါတယ်။

အောင်မြင်စွာပြီးဆုံး

ကျွန်တော်တို့ အခက်အခဲဖြစ်နေတာကတော့ JMC-S အစည်းအဝေးတွေ ကျင်းပဖို့ အခက်အခဲဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး နဂိုက ဆွေးနွေးခဲ့တဲ့ နှစ်ဖက်အလုပ်အဖွဲ့တွေရဲ့ကြားမှာ အကျေအလည်ပြန်ပြီး ဆွေးနွေးဖို့ရှိတဲ့အတွက် ဆက်လက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီနေ့ အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။ ဖြစ်ပေါ်နေတဲ့ စိုးရိမ်မှုတွေ၊ အဆင်မပြေမှုတွေ၊ အခက်အခဲတွေကို နှစ်ဖက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး သဘောတူညီချက်ရယူနိုင်တဲ့အတွက် အောင်မြင်တဲ့ အစည်းအဝေးဖြစ်ကြောင်းကို ပဏာမအနေနဲ့ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေး က "ကျွန်တော်တို့ အလုပ်အဖွဲ့တွေက JMC-S ကို ဘယ်လိုဆက်ပြီး ဆွေးနွေးကြမလဲ၊ နောက်ပြီးတော့ Parallel ကို ဘယ်လိုလုပ်သွားကြမလဲဆိုတာကို သဘောတူညီခဲ့တယ်။ နှစ်ဖက် JMC-S အစည်းအဝေး ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနောက်ဆုံးပတ်မှာ ကျင်းပသွားဖို့ သဘောတူထားပါတယ်။ ဩဂုတ်လ ၄ ရက်၊ ၅ ရက်နေ့မှာ ကျင်းပမယ့်အလုပ်အဖွဲ့အစည်းအဝေးမှာ အပြီးသတ် ဆက်ပြီး ဆွေးနွေးသွားမယ်။ ဆွေးနွေးပြီးရင် သက်ဆိုင်ရာ EAO ခေါင်းဆောင်တွေကို ဆက်ပြီး တင်ပြကြမယ်။ JICM အကြိုအစည်းအဝေး အပြီးသတ်ကို ဩဂုတ်လ ၁၀ ရက်နဲ့ ၁၁ ရက်နေ့မှာပြုလုပ်ပြီး JICM အစည်းအဝေးကို ၁၃ ရက်နေ့မှာ ပြုလုပ်ဖို့ လျာထားပါတယ်။ သက်ဆိုင်ရာ UPDJC အစည်းအဝေးကို ဩဂုတ်လ ၁၇ ရက်နေ့မှာ ကျင်းပနိုင်မယ်လို့ မျှော်မှန်းထားပြီး UPDJC အစည်းအဝေးကို ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ရက်နေ့မှာကျင်းပသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို တင်ပြမယ်။ တင်ပြပြီးရင် JICM အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ကြေညာချက်ထုတ်

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အဓိက Parallel Process၊ အထူးသဖြင့် NCA ဖြစ်ပေါ်လာတဲ့ Mechanism ရှိတယ်။ UPDJC ရှိတယ်။ တစ်ဖက်မှာ JMC-U, JMC-S ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၈ နိုဝင်ဘာလမှာ RCSS အဖွဲ့ကနေပြီး Statement ထုတ်တာရှိပါတယ်။ JMC အစည်းအဝေးတွေ ပါဝင်ခြင်းကနေ ရပ်ဆိုင်းထားတယ်ဆိုပြီး ကြေညာချက်ထုတ်ပါတယ်။ ၂၀၁၈ နိုဝင်ဘာလထဲမှာပဲ KNU က Statement ထုတ်ပါတယ်။ NCA အစည်းအဝေးတွေ ပါဝင်ခြင်းကနေ ရပ်ဆိုင်းထားတယ်ဆိုပြီးတော့ ကြေညာချက်ထုတ်ပါတယ်။ ဆိုလိုတာက ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ မပါဝင်တော့ဘူးဆိုတဲ့သဘောဖြစ်သွားတော့ ကျွန်တော်တို့က JICM ကိုပြန်သွားတယ်။ တရားဝင်လမ်းကြောင်းကနေ သွားမလား၊ အပေါ်လမ်းကြောင်းကနေ သွားမလားဆိုတာ ဖြစ်သွားတယ်။

"ကျွန်တော်တို့ကြားမှာ အဓိက ပြဿနာက နိုင်ငံရေးပြဿနာဖြစ်လာတယ်။ ဒီနိုင်ငံရေးပြဿနာကိုဖြေရှင်းဖို့ နိုင်ငံရေးအရ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ထိပ်သီးခေါင်းဆောင်ပိုင်းက အကျေအလည်ဆွေးနွေးရမယ်ဆိုတဲ့ယူဆချက်နဲ့ အပေါ်ကနေ ပြန်ဆင်းလာတယ်။ (၈) ကြိမ်မြောက် JICM အစည်းအဝေးကို ဇန်နဝါရီလ ၈ ရက် ဒီမှာပဲ ကျင်းပခဲ့ပါတယ်။ ဆုံးဖြတ်ချက် ၈ ချက်ရလိုက်ပါတယ်။ ရရှိတဲ့ ဆုံးဖြတ်ချက်တွေထဲမှာ Parallel ဆုံးဖြတ်ချက်တွေရှိတယ်။ ဆုံးဖြတ်ချက် ချထားပေမယ့် Parallel တရားဝင်အစည်းအဝေးတွေကိုလည်း ကျင်းပသွားမယ်။ Bilateral ကိုလည်း သွားမယ်။ ဒါကြောင့် Parallel Process လို့ခေါ်ပါတယ်။

သို့သော် JMC-U လုပ်ပြီးသွားတော့ JMC-S က ခေါ်ဖို့ အခက်အခဲတွေ ဖြစ်လာတယ်။ ဒီအလုပ်အဖွဲ့တွေကြားမှာ ပြီးခဲ့တဲ့ (၈)ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့တွေ ဆွေးနွေးညှိနှိုင်းခဲ့ကြတယ်။ ဒီအလုပ်အဖွဲ့တွေပဲ ပြန်ပြီးတော့ ဆွေးနွေးညှိနှိုင်းရတဲ့ သဘောပြန်ဖြစ်သွားတယ်။ တစ်ဖက်ကလည်း အစည်းအဝေး ပုံမှန်သွားနေမယ်။ တစ်ဖက်ကလည်း တစ်ဖွဲ့ချင်း ညှိနှိုင်းတာတွေလည်း သွားနေမယ်။ အထူးသဖြင့် NCA အခန်း (၃)နဲ့ အခန်း (၄) ကို ဘာကြောင့်ပြန်လုပ်ရလဲဆိုတော့ NCA အခန်း (၃) မှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စများလည်း ပါတယ်။ နှစ်ဖက်တပ်များအကြား ရက်ပေါင်း ၆၀ အတွင်း ကာလ သတ်မှတ်ချက်နဲ့ လုပ်ဆောင်ရတဲ့ အလုပ်တွေရှိတယ်။ အကြောင်းကြောင်းကြောင့် မလုပ်နိုင်ခဲ့တဲ့ ကိစ္စရပ်တွေလည်းရှိတယ်။

ပြန်လည်ဆွေးနွေးမယ့် အပိုင်းတွေရှိ

"အထူးသဖြင့် အောက်ခြေမှာ တိုက်ပွဲတွေဖြစ်ပွားတဲ့အခါ ထိတွေ့မှုတွေ ဖြစ်ပါတယ်။ ထိုသို့ဖြစ်ပွားမှုများသည် NCA အခန်း(၃)ပါ အချက်များတွင် ပါရှိသည့် ဥပမာ နယ်မြေများ သတ်မှတ်ခြင်း၊ တိုက်ပွဲများမဖြစ်အောင် မည်သို့ ရှောင်ရှားရမည်၊ နောက်တစ်ချက်အနေနဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကို ပဋိပက္ခဖြစ်နေတဲ့ ဒေသတွေမှာ စစ်ရှိန်လျှော့ကျအောင် ဘယ်လိုညှိမလဲ၊ တစ်ဖက်နဲ့တစ်ဖက် အဲဒီလိုဒေသတွေကျရင် တစ်ဖက်ခေါင်းဆောင်တွေ၊ အောက်ခြေတပ်မှူးများအကြား ဆက်သွယ်မှုတွေ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာတွေကို ညှိပါတယ်။ ဒီအချက်တွေအပေါ် မူတည်ပြီး ညှိရမယ့် Code of Conduct (COC) တွေ ရေးဆွဲထားတာတွေရှိတယ်။ လက်တွေ့မှာ တချို့အရာတွေကို အကောင်အထည် မဖော်နိုင်ဘဲ ပြဿနာတွေ ဆက်ဖြစ်နေတယ်။ ပြန်လည်ဆွေးနွေးမယ့် အပိုင်းတွေရှိတယ်။ တစ်ဖက်မှာလည်း NCA ကြောင့်ဖြစ်လာတဲ့ Mechanism တွေက အသက်ဝင်နေပြီ။ ဒါတွေကလည်း လုပ်ဖို့ရှိတယ်။ အထူးသဖြင့် Statement တွေထုတ်ပြီး ရပ်ဆိုင်းထားတာတွေကို ပြန်စဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆွေးနွေးတာဖြစ်ပါတယ်။

"KNU က Statement ထုတ်ထားပြီးပြီ။ ကျွန်တော်တို့က JICM အစည်းအဝေးတွေကို ပြန်စဖို့ လုပ်ထားပြီးပြီ။ သို့သော် အောက်ခြေက အကောင်အထည်ဖော်မယ့် အပိုင်းမှာ နည်းနည်းလေးလွဲနေတာကြောင့် အခုတော့ပြန်ညှိတဲ့ သဘောပါ။ ကျွန်တော်တို့က JMC-S အစည်းအဝေးတွေ ဘယ်လိုသွားမလဲဆိုတဲ့ အချိန်ဇယားနဲ့ သဘောတူညီချက်ရပါတယ်။ ဒီအချက်တွေက အောင်အောင် မြင်မြင် ညှိနှိုင်းနိုင်တဲ့ အနေအထားတွေဖြစ်ပါတယ်။ JICM ဆုံးဖြတ်ချက် ၈ ခု ရှိပါတယ်။ နံပတ်(၁)က Parallel Process ဖြစ်ပါတယ်။ ဒီအချက်တွေက ဘာတွေလဲဆိုတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ဦးဇော်ဌေးက ယခုလာမည့် ညီလာခံတွင် ချုပ်ဆိုမည့် သဘောတူညီချက်နှင့်ပတ်သက်ပြီး မည်သို့သွားမည်ကို ချုပ်ဆိုခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် NCA အကောင်အထည်ဖော်မည့် မူဘောင်သဘောတူညီချက်များကို ညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊ နံပါတ် (၂)က ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများကို ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ နံပါတ်(၃)က ပြည်ထောင်စုသဘောတူစာချုပ်ကို မည်သည့်ပုံစံဖြင့် ချုပ်ဆိုသွားမည်ဟု ပါရှိပါကြောင်း၊ ထို့နောက် လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့များ ပါဝင်နိုင်ရေးကို ကြိုးပမ်းသွားမည်ဟု ပါရှိပါကြောင်း။

နောက်တစ်ချက်မှာ Double NCA ဖွင့်ဆိုချက်များနှင့် ပတ်သက်ပြီး နှစ်ဖက်သဘောတူ လက်ခံသည့် ဘုံနားလည်မှုရရှိအောင် မည်သို့ဆောင်ရွက်သွားမည်ကို ပါရှိပါကြောင်း၊ စတုတ္ထအကြိမ် ကျင်းပမည့် ညီလာခံကို မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ပထမလေးလတာကာလအတွင်း ကျင်းပရန် သဘောတူညီခဲ့ပါကြောင်း၊ သို့သော် ဇန်နဝါရီ၊ ဖေဖော်ဝါရီ နှင့် မတ်လထဲတွင် အရှိန်အဟုန်ကောင်းနေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့်အတွက် ဆွေးနွေးမှုများ လျော့နည်းခဲ့ပါကြောင်း၊ သို့သော် ကြားကာလတွင် Online ဖြင့် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ Online ဆွေးနွေးမှုများမှ တစ်ဆင့် ရရှိလာသည့် သဘောတူညီချက်များသည်လည်း ယခုဆွေးနွေးပွဲတွင် တစ်ဆက်တည်း ပါဝင်ပါကြောင်း၊ ညီလာခံကျင်းပမည့် ဆုံးဖြတ်ချက်များလည်း ပါရှိပါကြောင်း။

များစွာအရေးကြီး

နိုင်ငံရေးအရ စာချုပ် မည်သို့ချုပ်ဆိုမည်ကိုလည်း ပါရှိသည့်အတွက် ယနေ့အစည်းအဝေးသည် အရေးကြီးပါကြောင်း၊ ယနေ့အစည်းအဝေး အဆင်မပြေခဲ့ပါက မိမိတို့ နှစ်ဖက်စလုံး အခက်အခဲများစွာ တွေ့နိုင်ပါကြောင်း၊ ထို့ကြောင့် အစိုးရနှင့် EAOs နှစ်ဖက်စလုံးကလည်း ၎င်းတို့သက်ဆိုင်ရာ အပိုင်းအလိုက် အကျေအလည် အချိန်ယူညှိနှိုင်းပြီး အစုအဖွဲ့အလိုက် ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆွေးနွေးပြီး နှစ်ဖွဲ့တွေ့ဆုံ၍ညှိနှိုင်းသည့်အခါတွင် အဆင်ပြေအောင်မြင်ခဲ့ပါကြောင်း၊ ညီလာခံကျင်းပနိုင်ရေးသည် များစွာ အရေးကြီးပါကြောင်း။

RCSS နှင့် တပ်မတော်၊ KNU နှင့် တပ်မတော် တွေ့ဆုံသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ တွေ့ဆုံရာ၌ KNU အနေဖြင့် နယ်မြေပိုင်းခြားပြီး တွေ့ဆုံသွားမည် ဖြစ်ပါကြောင်း၊ RCSS အနေဖြင့် တစ်ဖွဲ့တည်း တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ အဆိုပါတွေ့ဆုံမှုများမှတစ်ဆင့် နယ်မြေသတ်မှတ်ခြင်းနှင့် တပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများ မည်သို့လုပ်ဆောင်ရမည်ကို သဘောတူညီမှု ရရှိပါက ယင်းသဘောတူညီချက်ကို JMC က စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း၊ အကယ်၍ အောက်ခြေတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက နှစ်ဖက်သဘောတူညီချက်များနှင့်အညီ JMC က ညှိနှိုင်းဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးဇော်ဌေးက "NRPC သို့ ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲများ ကြုံတွေ့နေရသည်ဟု တင်ပြလာသည့် အဖွဲ့ ရှစ်ဖွဲ့ရှိပါတယ်။ ယင်း ရှစ်ဖွဲ့မှာ KNU နဲ့ RCSS တို့မပါပါဘူး။ အဖွဲ့ ၈ ဖွဲ့အနေဖြင့် ကိုဗစ်ကာလအတွင်း အစိုးရအနေနဲ့ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေနဲ့ လမ်းဘေးဈေးသည်တွေကို ချေးငွေထုတ်ပေးတာတွေ၊ လယ်သမားတွေကို စိုက်ပျိုးစရိတ်ထုတ်ချေးပေးတာတွေရှိပါတယ်။ သို့သော် ဒီလိုထောက်ပံ့ပေးမှုတွေက EAO တွေအနေနဲ့ အကျုံးမဝင်ခဲ့ပါဘူး။ ထို့ကြောင့် EAO တွေ မပါတဲ့အတွက် EAO မိသားစုတွေက ဒီကာလမှာ ကျန်တဲ့လူတွေနည်းတူ အသက်မွေးဝမ်းကျောင်းတွေ မလုပ်နိုင်ပါဘူးဟု တင်ပြလာပါတယ်။ ဒီလိုတင်ပြလာတဲ့အတွက် NRPC အနေနဲ့ အဖွဲ့တွေဆီကနေ တပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေ အရေအတွက်၊ ကလေး၊ လူကြီးစသဖြင့် စာရင်းတောင်းပါတယ်။ အဖွဲ့တွေက တင်ပြလာတဲ့စာရင်းတွေအပေါ်မှာ မူတည်ပြီး အဖွဲ့ကြီး၊ အဖွဲ့လတ်၊ အဖွဲ့ငယ်၊ အဖွဲ့သေးဆိုပြီး လေးမျိုးခွဲပြီးတော့ သူ့အင်အားနဲ့သင့်လျော်တဲ့ ထောက်ပံ့ငွေကို ကိုဗစ်-၁၉ ကာလမှာ အခက်အခဲဖြစ်နေတဲ့ မိသားစုဝင်တွေ၊ တပ်ဖွဲ့ဝင်တွေ စားနပ်ရိက္ခာအတွက် အဆင်ပြေအောင် ထောက်ပံ့တယ်။ နောက် ဆန်အိတ်တွေပေးဖို့စဉ်းစားတယ်။ ဒီအဖွဲ့တွေဆီကို အရောက်ပေးပို့ဖို့ အခက်အခဲရှိတဲ့အတွက် ဒေသန္တရပေါက်ဈေးနဲ့ ဝယ်ယူနိုင်အောင် အဖွဲ့အလိုက်ခွဲပြီး ထောက်ပံ့ပေးခဲ့ပါတယ်" ဟု ပြောသည်။

သတင်း - မျိုးမြင့်၊ ဟန်လင်းနိုင်
ဓာတ်ပုံ - ကိုထိန်

မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများကို စားသောက်ကုန်များ ထောက်ပံ့

ဟသ်ာတ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ မြို့နယ်တွင် ဧရာဝတီမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါး ပြိုကျမှုများကြောင့် နေအိမ် ပြောင်းရွှေ့ခဲ့ရသည့် အိပ်ပျက်ကျေးရွာအုပ်စုမှ အိမ်ထောင်စုများအတွက် ယနေ့နံနက်ပိုင်းက ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် ကမ်းပြိုမှုကြောင့် ရွှေ့ပြောင်းရသည့် ဖောင်ဆိပ်ကျေးရွာမှ ၁၀၅ လုံး၊ ငှက်ပျောတောကျေးရွာမှ ၅၇ လုံးနှင့် တာငုတ်ကျေးရွာမှ ၃၄ လုံး စုစုပေါင်း လူနေအိမ် ၁၉၆ လုံးအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ၁၂ ပြည်ဝင် ဆန်တစ်အိတ်၊ ပဲဆီ ၅၀ ကျပ်သား တစ်ဘူး၊ ငါးသေတ္တာ ၁၀ ဘူး၊ အာလူး တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာ တို့ကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ဖောင်ဒေးရှင်းကိုယ်စား ပြည်သူများ လက်ဝယ်သို့ သွားရောက်ပေးအပ် လှူဒါန်းကြသည်။ (အပေါ်ပုံ)

အဆိုပါ ကျေးရွာများတွင် ဇွန်လ ဒုတိယပတ်က စတင်၍ မြစ်ကမ်းပါး ပြိုကျမှုများ စတင်ဖြစ်ပွားခဲ့ရာ လူနေအိမ်များနှင့် အလွန်နီးကပ်လာမှုကြောင့် နေအိမ်ပြောင်းရွှေ့မှုများ ဆက်တိုက် ပြုလုပ်နေရပြီး ဒေသခံပြည်သူအချို့ အကူအညီ လိုအပ်နေကြောင်း သိရသည်။ **ကျော်ကျော် (ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများ ၃၀၊ စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၀ တို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ပျံသန်းပြေးဆွဲလျက် အထူးအစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ဝါရှင်တန်မြို့နှင့် ဆိုးလ်မြို့တို့ရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိပြီး ပညာသင်ကာလပြီးဆုံးသည့် မြန်မာပညာသင်ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၆ ဦးအားလည်း မြန်မာသံရုံး၊ ပေကျင်းမြို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ပေကျင်း-ရန်ကုန်ခရီးစဉ်ဖြင့် ပျံသန်းပြေးဆွဲလျက်ရှိသည့် Air China Cargo/Relief Fight ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရေးအတွက် ပုံမှန်အပတ်စဉ် အင်ချွန်း - ရန်ကုန် ပြေးဆွဲလျက်ရှိသည့် (၁၆) ကြိမ်မြောက် ကယ်ဆယ်ရေး လေယာဉ်အား ဩဂုတ် ၄ ရက် တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံမှ တစ်ဆင့် ချိတ်ဆက်ခေါ်ဆောင်နိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် အထူးအစီအစဉ်အဖြစ် ဆောင်ရွက်သွားမည့် အင်ချွန်း - ရန်ကုန် ကယ်ဆယ်ရေး လေယာဉ်အား ဩဂုတ် ၁၂ ရက်တွင်လည်းကောင်း ပျံသန်းပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဒီပဲယင်းမြို့နယ်တွင် သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ငွေကျပ် ၃၀၅ သိန်း ထောက်ပံ့ပေးအပ်

ဒီပဲယင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် ၃-၁၁-၂၀၁၈ မှ ၃၀-၉-၂၀၁၉ ရက်အထိ သဘာဝဘေးကျရောက်မှုကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ငွေကျပ်သိန်းပေါင်း ၃၀၅ သိန်း ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်က သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ နိုင်ငံတော်၏အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်က သဘာဝဘေးဖြစ်စဉ်များတွင် မိုးလိုမိုးခေါင်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပိုးမွှားကျရောက်ဖျက်ဆီးခြင်းနှင့် ကြွက်ဖျက်ဆီးခြင်း စသည့်သဘာဝဘေးဖြစ်စဉ်များထဲမှ ၂၀၁၈-၂၀၁၉ ခုနှစ် ဒီပဲယင်းမြို့နယ် မကျီးစောက်ကျေးရွာ နွေစပါးစိုက်ခင်းများ ပျက်စီးခဲ့မှုကြောင့် တောင်သူ ၆၅ ဦး တစ်ဧက ငွေကျပ် ၂၅၀၀၀၀ နွေစပါး ဧက ၁၂၂ အတွက် ငွေကျပ် သိန်းပေါင်း ၃၀၅ သိန်းကို တောင်သူလယ်သမားကိုယ်စားလှယ်များထံသို့ ပေးအပ်သည်။

သိန်းထွန်း (ဒီပဲယင်း)

မိုးရွာသွန်းမှုနည်းခြင်းကြောင့် စပါးကုပ်ကျိုးရောဂါများ ဖြစ်ပေါ်နေ

ကျောင်းကုန်း ဩဂုတ် ၂

ယခုအခါ မိုးလယ်ကာလ ရောက်ရှိနေပြီဖြစ်သော်လည်း မိုးရွာသွန်းမှုနည်းခြင်းကြောင့် လတ်တလောတွင် စပါးကုပ်ကျိုးရောဂါ လက္ခဏာများတွေ့ရှိနေရကြောင်း စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

လယ်ယာမြေများတွင် အပူဒဏ်ကြောင့် ရေလိုအပ်ချက်များ ဖြစ်ပေါ်နေကြောင်း၊ ငွေကြေးအဆင်ပြေသူများသာ ရေသွင်းစိုက်ပျိုးနိုင်သည့်အတွက် အခက်ကြုံနေရကြောင်း စပါးစိုက်တောင်သူ ဦးဝင်းစိန်က ပြောသည်။

ရောဂါလက္ခဏာမှာ ပျိုးခင်းမှ အနံ့ထွက်ချိန် အရွက်၊ ပင်စည်အနံ့များပေါ်တွင် နီညိုရောင်လွှန်းပုံသဏ္ဍာန်အကွက်များ ဖြစ်ပေါ်နေခြင်း၊ ရောဂါပြင်းထန်ပါက အကွက်တစ်ခုနှင့်တစ်ခု ဆက်သွားပြီး စပါးရွက်ခြောက်သွားခြင်း၊ အနံ့အရင်းပိုင်း ကုပ်နှင့် ရိုးတံပေါ်တွင် အနာကွက်များ ဖြစ်ပေါ်လာပြီး အနံ့ကျိုးကျသဖြင့် စပါးအထွက်နှုန်းကို သိသိသာသာ ကျဆင်းစေမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်ကျော်ဦးက ပြောသည်။

တောင်သူတွေအနေနဲ့ ရောဂါခံနိုင်ရည်ရှိတဲ့ မျိုးတွေကို စိုက်ကြပါ၊ အပင်စိပ်စိပ် စိုက်ခြင်းကို ရှောင်ပါ၊ ရောဂါလက်ခံပင်ဖြစ်သော ရိုးပြတ်များနှင့် ပေါင်းများကို ရှင်းလင်းပါ၊ မျိုးစေ့လူးနယ်ဆေးတစ်မျိုးမျိုးနဲ့ လူးနယ်စိုက်ပါ၊ ရောဂါရအခင်းမှာ ပုလဲမြေဩဇာကို လုံးဝမထည့်ဘဲ ပိုတက်ရှ်မြေဩဇာထည့်ပါ၊ လိုအပ်ပါက ပင်လုံးပြန့်အာနိသင်ရှိတဲ့ မှိုသတ်ဆေးတွေကို အသုံးပြုကြဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

ဝင်းကြိုင် (ပြန်/ဆက်)

ဒီးမော့ဆိုမြို့နယ်ရှိ နန်းစံဖူးရေထွက်ပေါက်ကြီး ရေထွက်နှုန်း လျော့နည်းမှုဖြစ်ပေါ်

လွိုင်ကော် သြဂုတ် ၂

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြလဲကျေးရွာအုပ်စု ဆီးမီဆိုဒါးကျေးရွာအနီးတွင် တည်ရှိသော နန်းစံဖူးအမည်ရှိ သဘာဝရေထွက်ပေါက်ကြီးသည် ယခုနှစ်တွင် ထူးခြားစွာ ရေထွက်နှုန်းကျဆင်းလျက်ရှိသောကြောင့် ရေထွက်နှုန်း ပြန်လည်ကောင်းမွန်လာစေရန်အတွက် ဒေသခံအချို့က ရိုးရာပူဇော်ပသဆုတောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။ **(ယာပုံ)**

အဆိုပါ နန်းစံဖူး သဘာဝရေထွက်ပေါက်ကြီးသည် ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရေထွက်နှုန်းကျဆင်းခဲ့သောကြောင့် ယင်းရေထွက်ပေါက်အောက်ဘက်ရှိ ဆည်၊ ကန်များ ရေလျော့နည်းခန်းခြောက်ကုန်ပြီး မိုးစပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေအခက်အခဲ ဖြစ်ပေါ်ကြသည့်အပြင် ကျေးရွာအချို့အတွက် သောက်သုံးရေလည်း အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ နန်းစံဖူးရေထွက်ပေါက်ကြီး ရေထွက်နှုန်း ပြန်လည်ကောင်းမွန်လာစေရန်အတွက် ဒေသခံများက ရိုးရာပူဇော်ပသဆုတောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း ဆောင်ဒူလာကျေးရွာအုပ်စု ဒိုင်းလင်းအေးသာကျေးရွာ၏ ကျေးရွာတာဝန်ခံ ဦးဆောင်ရီက ပြောသည်။

ယင်းနန်းစံဖူး သဘာဝရေထွက်ပေါက်ကြီးသည် ရှေးဘိုးဘွားများ၏ ပြောကြားချက်အရ နှစ်ပေါင်းများစွာ ကြာမြင့်မှတစ်ကြိမ် ရေလျော့နည်းခန်းခြောက်မှု ဖြစ်ပေါ်တတ်ကြောင်း သိရှိရပြီး လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က တစ်ကြိမ်နှင့် လွန်ခဲ့သော နှစ်ပေါင်း ၁၅ နှစ်ခန့်ကတစ်ကြိမ် ရေလျော့နည်းခန်းခြောက်သည်ကို မျက်မြင်ကြုံတွေ့ခဲ့ရဖူးကြောင်း၊ ယင်းသို့ လျော့နည်းခန်းခြောက်သည့်အခါတိုင်းလည်း ရိုးရာပူဇော်ပသ ဆုတောင်းမှုများ ပြုလုပ်ကြစမြဲဖြစ်ကြောင်း ဒိုင်းလင်းအေးသာကျေးရွာ၏ ကျေးရွာတာဝန်ခံက ပြောသည်။

ယင်းနန်းစံဖူးရေထွက်ပေါက်မှ အစပြု၍ စီးဆင်းသော နန်းစံဖူးချောင်းသည် ဒီးမော့ဆိုမြို့နယ် အတွင်းဖြတ်သန်းစီးဆင်းသော ငွေတောင်ချောင်း၊ နန်းမယ်ခုံချောင်း အစရှိသည့် ချောင်းငယ်၊ မြောင်းငယ်များနည်းတူ ဒီးမော့ဆိုနှင့် လွိုင်ကော်မြို့နယ်များအတွင်းရှိ လယ်မြေများကို ရေပေးဝေရေးအတွက် အလွန်အရေးပါသည့် ရေအရင်းမြစ်ကြီးတစ်ခုဖြစ်ကြောင်းလည်း သိရသည်။ ယင်းနန်းစံဖူးရေထွက်ပေါက်ရေလျော့နည်းပျောက်ကွယ်မှုမရှိစေရေးအတွက် ရှေးနှစ်ပေါင်းများစွာကတည်းက သက်ဆိုင်ရာနှင့် ဒေသခံများက ရေထွက်ပတ်ဝန်းကျင်တွင် ရေထိန်းတောဧရိယာအဖြစ် သစ်တောကို ထိန်းသိမ်းစောင့်ရှောက်ထားရှိခဲ့ကြရာ ယခုအခါ ရေထိန်းတော ဧရိယာ ၁၄၂ ဧကကျန်ရှိကြောင်း သက်ဆိုင်ရာမှတ်တမ်းများအရ သိရသည်။

ကြီးမြင့်နိုင် (လွိုင်ကော်)

ကန့်ဘလူမြို့နယ်တွင် မိုးခေါင်မှုဒဏ်ကြောင့် ပြောင်းစိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်

ကန့်ဘလူ သြဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဂါးထာကျေးရွာအုပ်စုအတွင်းရှိ ပြောင်းစိုက်တောင်သူများ အနေဖြင့် ယခုနှစ် ဧပြီလက စတင်စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းပင်များသည် မိုးခေါင်မှုဒဏ်ကြောင့် ခြောက်သွေ့လာ၍ နွားစာအဖြစ်သာ ခုတ်ကျွေးနေရကြောင်း သိရသည်။ **(အောက်ပုံ)**

"ကျွန်တော် ဂါးထာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာမှာ အစေ့ထုတ်ပြောင်း ၁၀ ဧက စိုက်ပျိုးထားပါတယ်။ အခု မိုးခေါင်တဲ့အတွက် ပြောင်းပင်တွေ ခြောက်သွေ့လာပါတယ်။ ပြောင်းဖူးတွေတောင် ထွက်နေပါပြီ။ အစေ့အဆန်မအောင်တဲ့အတွက် နွားစာအဖြစ်သာ သုံးစွဲနေရပြီး လုပ်အား၊ ငွေအား၊ မျိုးစေ့ဖိုး စတဲ့တောင်သူ လယ်ယာသုံးစရိတ်တွေ ဆုံးရှုံးပါတယ်။ မနှစ်ကတော့ ပြောင်းတင်း ၅၀၀ ခန့်ရပါတယ်" ဟု တောင်သူ ဦးမြင့်ဝင်းက ပြောသည်။

နောက်ကျစိုက်ပျိုးသူ ပြောင်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိနိုင်သေးကြောင်း၊ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းသီးနှံ ၆၀၉၁၇ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ခုနှစ်က မိုးလို/မိုးခေါင်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် ကန့်ဘလူမြို့နယ်အတွင်းရှိ သီးနှံပျက်စီးသူတောင်သူများအတွက် ငွေကျပ် ၁၅၇၂၂ သိန်းကို ယခုနှစ် ဇူလိုင် ၂၈ ရက် က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း (ကန့်ဘလူ)

မိုးရွာသွန်းမှုနည်းပါးသောကြောင့် စပါးခင်းများအတွင်း မြေကြီး ကွဲအက်နေ

ရေတာရှည် သြဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရက်ပေါင်း ၂၀ ခန့် မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် မိုးစပါးစိုက်ပျိုးပြီး လယ်မြေများ ပက်ကြားကွဲအက်ကာ ရေရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်နေကြရသည်ကို ဒေသအနှံ့အပြား၌ မြင်တွေ့နေရသည်။

"မိုးမရွာတာ အတော်ကြာနေပြီ စပါးစိုက်တာက အစောပိုင်း အခြောက်ထယ်ရေးနဲ့ ကြဲတဲ့သူတွေက တစ်လခွဲသားလောက်ရသွားပြီ။ မိုးက တစ်ခါတလေ ရွာပေမယ့် ရေကမပါဘူး။ နေအပူချိန် အလွန်ပြင်းတော့ လယ်တွေ ပက်ကြားကွဲကုန်ပြီ။ အခုတော့ လယ်တွေထဲမှာ အဝီစိတွင်းတွေတူးကြရတယ်။ တူးခက ငွေကျပ် ကိုးသောင်း၊ ပစ္စည်းဖိုးက ခြောက်သောင်းကျော်၊ အင်ဂျင်တို့၊ ပိုက်တွေ ဝယ်တာနဲ့ဆို ငွေကျပ် ခြောက်သိန်းဝန်းကျင်ကုန်တယ်"ဟု ကုန်းကြီးအုပ်စု အင်ကြင်းကုန်းကျေးရွာနေ တောင်သူ ဦးရွှေသီးက ပြောသည်။

တောင်သူများအနေဖြင့် ကိုဗစ်ကာလ စီးပွားရေးအကျပ်အတည်းဖြစ်နေချိန် ယခုကဲ့သို့ မိုးခေါင်ခြင်းကြောင့် ပေါင်းမြက်များကို လူဖြင့်နုတ်မရခြင်း ပေါင်းသတ်ဆေးများမှာလည်း ထိရောက်သောအာနိသင်မရှိဖြစ်နေရာ စပါးအထွက်နှုန်း ထိခိုက်မည်ကို တောင်သူများ စိုးရိမ်ပူပန်နေကြောင်း သိရသည်။ **သန်းလွင်(ဆွာ)**

မိုးသည်းထန်စွာရွာသွန်းသဖြင့် ကော့သောင်းမြို့တွင် မြေပြိုမှုနှင့် သစ်ပင်များ ကျိုးကျမှုဖြစ်ပွား

ကော့သောင်း သြဂုတ် ၂

လေပြင်းများ တိုက်ကာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းသဖြင့် ယမန်နေ့ ညနေပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် မြေပြိုခြင်းနှင့် အပင်များ ကျိုးကျသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်တွင် အဆိုပါနေ့ မတိုင်မီ နံနက်ပိုင်းမှ စတင်ကာ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်း ပုလဲလမ်းတောင်ကုန်း တောင်စောင်းများပေါ် အမြင့်ပေ ၁၅၀ ခန့်မှ မြေသားထုများပြိုကျမှုဖြစ်ပွားကာ တောင်ခြေရှိ လူနေအိမ်တစ်လုံး အမိုးပေါ်သို့ ပိမိရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး အေးမြကန်သာရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးတွင် အပင်များကျိုးကျကာ အိမ်အမိုးပေါ်သို့ ပိကျသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး အဆောက်အအုံ အမိုးများ ပျက်စီးခဲ့၍ လူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာများသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကွက်တာဝန်ရှိအဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူများ စုပေါင်းရှင်းလင်းဖယ်ရှားခဲ့ကြပြီး ကော့သောင်းခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းများနှင့် ရိက္ခာဆန်များ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ပန်းတောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဆက်လက် မြင့်တက်လျက်ရှိ

ပန်းတောင်း သြဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိရာ ယနေ့တွင် မြစ်ကမ်းနံဘေး မြေနိမ့်ကျေးရွာများအပြင် ပန်းတောင်းမြို့ပေါ်ရပ်ကွက်များအထိ ဝင်ရောက်နေသဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတအဖွဲ့များမှ ကယ်ဆယ်ရေးစခန်းများဖွင့်ကာ ကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါဧရာဝတီမြစ်ရေသည် မြစ်ကမ်းနံဘေးမြေနိမ့်ရွာများသို့ ဝင်ရောက်နေရာမှ ယခုအခါတွင် ပန်းတောင်းမြို့ပေါ်ရပ်ကွက်များဖြစ်သော ကြခတ်ရပ်ကွက်၊ ဝန်လိုရပ်ကွက်၊ စည်သာရပ်ကွက်၊ ဖောင်းကန်ရပ်ကွက်များပါ ဝင်ရောက်နေပြီး မြစကိုင်းကျေးရွာ၊ ပဲကြီးအင်းကျေးရွာ၊ တောင်ဘွေကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ဂျင်းရဲကျွန်းကျေးရွာ၊ အောင်မင်္ဂလာကျေးရွာများပါ ဆက်လက်ဝင်ရောက်လျက်ရှိသည်။

ဧရာဝတီမြစ်ရေ ဆက်လက်ဝင်ရောက်မှုများကြောင့် ထုံးဘိုကျေးရွာတွင် နယ်မြေခံတပ်မတော်သားများ၊ ခဲရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ပရဟိတအဖွဲ့များမှ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပို့ဆောင်ပေးလျက်ရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ကလည်း စည်သာရပ်ကွက်၊ ဝန်လိုရပ်ကွက်၊ ထုံးဘိုကျေးရွာများသို့ စားသောက်ကုန်ပစ္စည်းများ လိုက်လံကူညီ ပံ့ပိုးပေးလျက်ရှိသည်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုသည် ပန်းတောင်းမြို့နယ်၌ နှစ်စဉ်ရေမြုပ်သည့်အခြေအနေလောက်သာ ရှိသေးသော်လည်း ယနေ့တိုင် ဆက်လက်မြင့်တက်လျက်ရှိသဖြင့် ယခုနှစ်တွင် ရေပိုကြီးနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အောင်မြင့် (ပန်းတောင်း)

သံဖြူဇရပ်မြို့နယ်ရှိ ကြာကန်အင်း သဘာဝရေကန်နှင့် တောင်ဖုလုစံပြကျေးရွာရှိ စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

သံဖြူဇရပ် ဩဂုတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သံဖြူဇရပ်မြို့နယ်ရှိ ကြာကန်အင်း သဘာဝရေကန်နှင့် တောင်ဖုလုစံပြကျေးရွာရှိ စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတို့ကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညဏ်ဟိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း၊ ပြည်နယ်ဦးစီးဌာနမှူး ဦးဌေးဝင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးဟန်ထွန်းနိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွေး၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်၍ ငါးမျိုးစိုက်ထည့် ပေးကြသည်။

ယနေ့ အခမ်းအနားတွင် ကြာကန်အင်းသဘာဝရေကန်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးတန် ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ နှင့် တောင်ဖုလုကျေးရွာ ကွင်းအမှတ် က၅/၂ အတွင်းရှိ တောင်သူကိုးဦး၏ စပါးခင်း ၇၅ ဧကအတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၃၅၀၀၀ တို့ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲများ ဖျက်သိမ်းရန် အာဆီယံဘောလုံးအဖွဲ့ချုပ် ဆုံးဖြတ်

ရန်ကုန် ဩဂုတ် ၂

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲများအားလုံး ဖျက်သိမ်းခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ပြိုင်ပွဲများဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကိုသာ လာမည့်နှစ်တွင် ကျင်းပမည်ဖြစ်သည်။ အခြားပြိုင်ပွဲများဖြစ်သည့် အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ဖူဆယ်ပြိုင်ပွဲ၊ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ကို ဖျက်သိမ်းခဲ့ပြီး တစ်နှစ်တစ်ကြိမ် ကျင်းပနေသည့် ပြိုင်ပွဲများဖြစ်၍ လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများကို မေလတွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းမှုများပြုလုပ်ခဲ့ပြီး နှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် အလုံးစုံထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် လာမည့်နှစ်မှသာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမှာလည်း ခွင့်ပြုချက်မရသေးသောကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲများအပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ညီမြတ်သော်တာ

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးသည် မန္တလေးတိုင်းဒေသကြီး တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးပေါ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်မှူး၊ မြို့နယ်မှူးများ၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးအဖွဲ့နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာ (၁)အတွင်း ဧရာဝတီလင်းပိုင် (၀၀၁) ရေယာဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်စဉ်အတွင်း ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး၊ ငါးသယံဇာတ ထိန်းသိမ်းရေး၊ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုပပျောက်ရေးတို့အတွက် ရှေ့ဆက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ခရီးစဉ်အတွင်း မြစ်ရေကြီးနေစဉ်ကာလဖြစ်သော်လည်း ဧရာဝတီလင်းပိုင် ခုနစ်ကောင် တစ်အုပ်ကို မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာနှင့် မင်းကွန်းအကြား ရေပြင်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်၊ ဓာတ်ပုံ- WCS

● *ကျော့ဖုံးမှ*

ငင်း၏ပြိုင်ဘက် စီရိုနယ်ဒိုက လေးကြိမ်သာ ဆွတ်ခူးရရှိထားကြောင်း မှတ်တမ်းများရ သိရသည်။

အင်မိုဘိုင်းသည် စီးရီးအေရွှေဖိနပ်ဆုကို ယခုအကြိမ် ဆွတ်ခူးနိုင်ခြင်းသည် ကစားသမားဘဝ သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စီးရီးအေ သွင်းဂိုး ၂၂ ဂိုးဖြင့် ပထမဆုံးစီးရီးအေရွှေဖိနပ်ဆု ရရှိခဲ့ပြီး ဒုတိယအကြိမ် စီးရီးအေရွှေဖိနပ်ဆုကိုမူ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် သွင်းဂိုး ၂၉ ဂိုးဖြင့် အီကာဒီနှင့် ပူးတွဲရရှိခဲ့ကြောင်း သိရသည်။ အင်မိုဘိုင်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လာဇီယိုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇၈ ပွဲ ပါဝင်ကစားထားကာ ၁၂၅ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

အခြားဆက်စပ်သတင်းအနေဖြင့် အသက် ၃၈ နှစ်အရွယ် ရှိပြီဖြစ်သည့် အေစီမီလန်တိုက်စစ်မှူး အီဗရာဟီမိုဗစ်သည် အေစီမီလန်က ကက်ဂလီယာရီ ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် စီးရီးအေရာသီပိတ်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ရာသီအတွင်း စီးရီးအေ ၁၀ ဂိုးသွင်းယူနိုင်သည့် အသက်ကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အတ္တလန်တာအသင်းသည် ယခုနှစ် စီးရီးအေတွင် ဂိုးမသွင်းနိုင်သည့်ပွဲ သုံးပွဲအထိ ရှိလာခဲ့သော်လည်း ၉၈ ဂိုးဖြင့် ရာသီပိတ်သိမ်းနိုင်သောကြောင့် နှစ်ပေါင်း ၆၈ နှစ်အတွင်း သွင်းဂိုးအများဆုံးဖြင့် စံချိန်မှတ်တမ်းတင်နိုင်ခဲ့သည်။ ကွန်တီ၏ အင်တာမီလန်အသင်းသည်လည်း ၂၀၁၀-၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စီးရီးအေ အမှတ်ပေးဇယားတွင် ဒုတိယနေရာဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အောင်ဇော်

သီပေါမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ပထမအကြိမ်ကြေညာထားမှု မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ကွင်းဆင်းစစ်ဆေး

သီပေါ ဩဂုတ် ၂

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများအား ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားရှိရာ ဒေသခံပြည်သူများမဲစာရင်းများ လာရောက်ကြည့်ရှုလျက်ရှိသည်။ **(အောက်ပုံ)** ယင်းသို့ မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုများကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းမှစ၍ သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မဲဆန္ဒရှင်စာရင်းများ ကြေညာကပ်ထားကြောင်း အသိပေးနှိုးဆော်ထားမှု ရှိ၊ မရှိ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိ၊ မဲဆန္ဒရှင်များအနေဖြင့် မိမိအမည်မပါရှိခြင်း၊ အချက်အလက် ကွဲလွဲမှုရှိခြင်း၊ ပြင်ဆင်ကန့်ကွက်လိုခြင်းတို့အတွက် ပုံစံ(၃)၊ (၄)နှင့် (၄-က) စသည့် သတ်မှတ်ပုံစံများ ပြည့်စုံစွာထားရှိမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

သီပေါမြို့နယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၃၅၇၉၉ ဦးရှိပြီး မဲရုံ ၁၁၄ ရုံ ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

လောင်းလုံးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရန် လက်ထောက် မြို့နယ်ဦးစီးမှူး ဦးခင်အောင်နှင့် တာဝန်ရှိသူများက လောင်းလုံးမြို့ (က)ရပ်ကွက်ရှိ မူလတန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများကို ဇူလိုင် ၃၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ဖိုးရွှေသွန်း(ထားဝယ်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၂

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကလော၊ သီပေါ၊ ကျောက်မဲနှင့် သိန္နီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက ကလောမြို့နယ် ပင်လောင်း-အောင်ပန်းသွားကားလမ်း နန့်အွန်တံတားအနီးတွင် ခွန်စံသိန်း(ခ)တရွှေ မောင်းနှင်ပြီး ထွန်းငွေ လိုက်ပါလာသည့် Caldina အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ

နောင်လွမ်းနှင့် မခေါင်နော တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

ဘိန်းစိမ်း ၂၄ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် သန့်ဇင်ဝေ(ခ)ဖေကြီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၉၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် သူရအောင် မောင်းနှင်လာသည့် Toyota Fielder အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံး၊ မြန်မာငွေကျပ် ၅၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ ထိုနေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် နားဆော့ကျေးရွာအုပ်စု စံလောင်းကျေးရွာနေ မခေါင်နော၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နောင်လွမ်းအားတွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းနှင့် ၎င်းတို့နှစ်ဦးထံက ဘိန်းဖြူ သုည ဒသမ ၁၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၉၅ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တနင်္သာရီမြို့နယ် ဘန်ကြိုတ်ဒေသတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့က ဘိန်းစာပင်များ မီးရှို့ဖျက်ဆီး

ထားဝယ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဘန်ကြိုတ်ဒေသတွင် ယနေ့ နံနက် ၉ နာရီက မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့် ဦးစီး၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ KNU ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပါဝင်သည့် အဖွဲ့သည် မူးယစ်ဆေးဝါးဘိန်းစာပင်များ ပေါက်ရောက်လျက်ရှိသည့် မြေနေရာ ၁၅ ဧကခန့်ရှိ ဘိန်းစာပင် ၁၅၀၀၀၊ ဘိန်းစာရွက်အစို အလေးချိန် ၁၅၀၀၀ ကီလိုဂရမ်ခန့်အား မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

ရဲပြန်ကြား

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တို့တွင် လက်ကိုင်ဖုန်း လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် သောင်ကြီးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၁ ရက်က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် လုယက်မှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ကျော်ဖြိုးသူကို (၁၁)ရပ်ကွက် ပဲခူးလမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသော Redmi အမျိုးအစား ဖုန်းတစ်လုံးနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်မှုမရှိသဖြင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်ဖြိုးသူကို အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်းရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် သူငယ်ချင်းဖြစ်သူ ဇင်ထွန်းအောင်နှင့်အတူ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လအထိ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တို့အတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်သွားလာ၍ ခရီးသွားပြည်သူများထံမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၁၆ လုံးကို လုယူခဲ့ကြောင်းနှင့် လုယူရရှိသည့် လက်ကိုင်ဖုန်းများကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် (၈)ရပ်ကွက်နေ ဖြိုးခန့်(ခ)ဖြိုးဖြိုးက လက်ခံဝယ်ယူခဲ့ကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်သဖြင့် ပူးပေါင်းပါဝင်သူ ဇင်ထွန်းအောင်နှင့် လက်ကိုင် ဖုန်းများ လက်ခံဝယ်ယူသူ ဖြိုးခန့်(ခ)ဖြိုးဖြိုးတို့ နှစ်ဦးကို အမှုဖြင့် အတည်ပြု ဖမ်းဆီးခဲ့သည်။

သက်သေခံပစ္စည်း လက်ကိုင်ဖုန်းအမျိုးမျိုး ၁၆ လုံးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ကျော်ဖြိုးသူပါ သုံးဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၇ စီး၊ သွင်းကုန်အစီး ၃၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂၀ တန်ဖိုးရှိ တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

နောင်ချိုတွင် ဆိုင်ကယ်ခိုးမှု ကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

နောင်ချို ဩဂုတ် ၂

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့မရဲစခန်းမှူး ဒုရဲမှူး ရဲမြင့်အောင်ဦးစီးသော နယ်ထိန်း ဒုရဲအုပ်လှိုင်မင်းသန်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် မော်တော်ဆိုင်ကယ်များ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိရာ ဇူလိုင် ၃၀ ရက်က နောင်ချိုမြို့နယ် ဂုတ်တွင်းတံတားရဲကင်းရှေ့အရောက်တွင် မသင်္ကာဖွယ်ဆိုင်ကယ်စီးနင်းလာသူတစ်ဦး တွေ့ရသည်။

အဆိုပါ ဆိုင်ကယ်စီးလာသူ အမျိုးသားအား ရပ်တန့်စစ်ဆေးရာ ၎င်းစီးနင်းလာသော ဆိုင်ကယ်မှာ ကျောက်မဲမြို့နယ် နမ့်ထုံရပ်ကွက်(၂)နေ ဖုန်းပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူ စိုင်းဟိန်းထွဋ် (ခ)အတီးလေး၏ ပျောက်ဆုံးသွားသောဆိုင်ကယ်ဖြစ်နေသဖြင့် ဆိုင်ကယ်ခိုးယူမောင်းနှင်ထွက်ပြေးသွားသော မိုးကုတ်မြို့ ရွှံပန်းရပ်နေ အောင်မြတ်ကျော်အား ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း(သီပေါ)

အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကိုဗစ်-၁၉ ကြောင့် ကန့်သတ်ချိန်အတွင်းအပြင်မထွက်ရ အမိန့်ထုတ်

မဲလ်ဘုန်း ဩဂုတ် ၂

ဩစတြေးလျနိုင်ငံရှိ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မဲလ်ဘုန်းတွင် ဩဂုတ် ၂ ရက်က တစ်ညလုံး အပြင်မထွက်ရအမိန့် ထုတ်ထားပြီး လူများကိုလည်း နေအိမ်မှ ငါးကီလိုမီတာထက် ကျော်လွန်ပြီး သွားခွင့်မပြုခဲ့ပေ။ နေ့စဉ် ကိုဗစ် -၁၉ ကူးစက် ခံရသူ ရာနှင့်ချီပြီး တွေ့ရှိနေသည့်အတွက် ကူးစက်မှုနှုန်း လျှော့ချရန်ရည်ရွယ်ပြီး ယခုလို အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။

အရေးပေါ် အခြေအနေအဖြစ် ကြေညာပြီး ဗစ်တိုးရီးယားပြည်နယ် ဝန်ကြီးချုပ် ဒင်နီရယ်အန်ဒရူးက ဒေသတွင်းကူးစက်မှုနှုန်းမြင့်နေသည့်အတွက် မဲလ်ဘုန်းမြို့ကို စက်တင်ဘာ ၁၃ ရက်မတိုင်မီအချိန်အထိ အဆင့်လေးကန့်သတ်ချက်များနှင့် ထားရှိမည်ဟု ကြေညာခဲ့သည်။

ပြည်သူများသည် ည ၈ နာရီမှ နံနက် ၅ နာရီအထိ အပြင်ထွက်ခွင့်ရမည်မဟုတ်ပေ။ ယင်းအမိန့်သည် သီတင်းပတ်ခြောက်ပတ်ကြာမြင့်မည်ဖြစ်ပြီး မရှိမဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းများနှင့် အရေးပေါ်ပြုစုကုသမှုခံယူရန်ရှိသူများကိုမူ ယင်းကန့်သတ်ချိန်အတွင်း သွားလာခွင့်ပြုထားကြောင်း သိရသည်။

မဲလ်ဘုန်းမြို့မှ ပြည်သူများသည် တစ်နေ့လျှင် တစ်နာရီအားကစားလုပ်ရန် ကန့်သတ်ခံရမည်ဖြစ်ပြီး ဩဂုတ် ၂ ရက်မှ စတင်ကာပြည်သူများသည် နေအိမ်မှ ငါးကီလိုမီတာထက် ပိုပြီးသွားလာခွင့်ရမည် မဟုတ်ပေ။

အိမ်ထောင်စု တစ်စုလျှင် တစ်ဦးသာ နေ့စဉ်မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူခွင့်ရှိမည်ဖြစ်ပြီး ကျောင်းများနှင့်တက္ကသိုလ်အများစုသည် အွန်လိုင်းမှတစ်ဆင့် သင်ကြားမှုကို ပြန်လည်စတင်မည်ဖြစ်သည်။

မင်္ဂလာဆောင်ခံပွဲများ ကျင်းပမှုကိုလည်း ပိတ်ပင်ထားဆဲဖြစ်သည်။

အေအက်ဖ်ပီ

ဈေးဝယ်ရန် တန်းစီစောင့်ဆိုင်းနေကြသည့် ဩစတြေးလျပြည်သူများကို တွေ့ရစဉ်။

မျက်နှာအကာအကွယ်ဝတ်ဆင်ထားကြသည့် မက္ကဆီကို ပြည်သူများကို တွေ့ရစဉ်။

လက်တင်အမေရိကနှင့် ကာရေဘီယံတို့တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၂၀၀၀၀၀ ကျော်လွန်လာ

ဩဂုတ် ဗူလိုင် ၂

လက်တင်အမေရိကနှင့် ကာရေဘီယံတို့တွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ၂၀၀၀၀၀ ကျော်လွန်လာပြီး သေဆုံးသူများထဲမှ သုံးပုံပုံ တစ်ပုံမှာ ဘရာဇီးနှင့်မက္ကဆီကိုနိုင်ငံတို့မှ ဖြစ်ကြောင်း ဩဂုတ် ၂ ရက်တွင် အစိုးရအရာရှိများ၏ ထုတ်ပြန်ချက်များအပေါ် အေအက်ဖ်ပီ၏ တွက်ချက်မှုအရ သိရသည်။

လက်တင်အမေရိကနှင့် ကာရေဘီယံတို့တွင် သေဆုံးမှုစာရင်းမှာ ၂၀၀၂၁၂ ဦးရှိပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၄၉၁၉၀၅၄ ဦး ရှိသည်။

တစ်လအတွင်းပင် သေဆုံးသူစာရင်းမှာ နှစ်ဆတိုးလာခြင်းဖြစ်သည်။ လက်တင်အမေရိကသည် ဥရောပပြီးလျှင် ကိုဗစ် -၁၉ ရိုက်ခတ်မှုကို ဒုတိယအများဆုံးခံရသည့်ဒေသလည်း ဖြစ်သည်။

ဥရောပတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၂၁၀၄၂၅ ဦးရှိပြီး ကူးစက်ခံရသူ ၃၁၈၉၃၂၂ ဦးရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့မှာ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

လက်တင်အမေရိကတွင် ဘရာဇီးနှင့်မက္ကဆီကိုပြီးလျှင် ကိုဗစ် - ၁၉ ကြောင့် ဆိုးရွားစွာထိခိုက်ခံရသည့် နိုင်ငံများမှာ ပီရူး၊ ကိုလံဘီယာနှင့် ချီလီနိုင်ငံတို့ပင်ဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှုနှုန်းကို လူဦးရေနှင့်အချိုးချကြည့်လျှင် ဒေသတွင်း တွင် ပီရူးမှာ ထိပ်ဆုံးမှရှိနေပြီး ယင်းနောက်တွင် ချီလီ၊ ဘရာဇီး၊ မက္ကဆီကိုနှင့် ပနားမားနိုင်ငံတို့က အသီးသီး ရပ်တည်နေကြသည်။ ဒေသတွင်း အာဏာပိုင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သတင်းအချက်အလက်များကို ယူကာ အေအက်ဖ်ပီက စုစည်းထားခြင်းဖြစ်သည်။

နိုင်ငံအများစုသည် ရောဂါလက္ခဏာပြင်းထန်သူများနှင့် ရောဂါလက္ခဏာပြသူများကိုသာ ထောက်လှမ်းမိကြသည်။

အေအက်ဖ်ပီ

တောင်အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၀၀၀၀၀ ကျော်ရှိလာ

ကိပ်တောင်း ဩဂုတ် ၂

တောင်အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၅၀၃၂၉၀ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်အာဖရိကမှာ အာဖရိကတွင် ကိုဗစ် -၁၉ အဆိုးဆုံးဒဏ်ခံနေရသည့်နိုင်ငံလည်းဖြစ်သည်။ အာဖရိကတိုက်တွင် တောင်အာဖရိကနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားရာ ဗဟိုချက်မနေရာဖြစ်နေပြီး အာဖရိကရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူ လေးပုံတစ်ပုံမှာ တောင်အာဖရိကမှ ဖြစ်သည်။

ဩဂုတ် ၂ ရက်တွင် တောင်အာဖရိက၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ အရေအတွက်မှာ သန်းတစ်ဝက်နီးပါးရှိလာပြီဟု ကျန်းမာရေးဝန်ကြီး ဇာဝီလီမခိုက်က သတင်းထုတ်ပြန်သည်။ တောင်အာဖရိက၏ ဘဏ္ဍာရေးမဏ္ဍိုင်ဖြစ်သည့် ဂေါက်တန်ပြည်နယ်တွင် ကိုဗစ် -၁၉ ကူးစက်မှုအများဆုံး ဖြစ်နေသည်။

နိုင်ငံအတွင်း စုစုပေါင်းသေဆုံးသူ ၈၁၅၃ ဦးရှိပြီး ကိုဗစ် - ၁၉ကြောင့်သေဆုံးသူမှာ များပြားလာသည်ဟု တရားဝင် မှတ်တမ်းတင်ထားသည်။ တောင်အာဖရိကတွင် လူသေဆုံးမှုနှုန်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိသည့်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာပျမ်းမျှနှုန်းထက် နည်းပါးသည်ဟု သမ္မတ စီရယ်ရမ်မာဖိုဆာက ဩဂုတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

တောင်အာဖရိကသည် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် -၁၉ ကူးစက်မှုတွင် ပဉ္စမမြောက် ကူးစက်မှုအမြင့်ဆုံးနိုင်ငံလည်းဖြစ်သည်။ တောင်အာဖရိကသည် ဆေးစစ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေပြီး မတ်လအတွင်းကိုဗစ် -၁၉ စတင်တွေ့ရှိချိန်မှစတင်ကာ လူပေါင်း သုံးသန်းကျော်ကို ဆေးစစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

တောင်အာဖရိကတွင် ကုသမှုခံယူနေကြသည့် ကိုဗစ် – ၁၉ လူနာများကို တွေ့ရစဉ်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုပြင်းထန်နေသည့် ဖလော်ရီဒါပြည်နယ်အနီးသို့ အပူပိုင်းမုန်တိုင်း အီဆာအက်စ် ချဉ်းကပ်လာ

ဖလော်ရီဒါ ဩဂုတ် ၂

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်နေရသည့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်အနီးသို့ အပူပိုင်းမုန်တိုင်း အီဆာအက်စ်ဝင်ရောက်လာဖွယ်ရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်နိုင်ရန်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်အတွက် ကိုးခုမြောက် မုန်တိုင်းဖြစ်သည့် မုန်တိုင်း အီဆာအက်စ်သည် တာ့က်စ်နှင့်ကိုင်ကိုစ် ကျွန်းစုနှင့် ဘဟားမားစ်တို့တွင် ဝင်ရောက်ခဲ့ပြီးနောက် ဟာရီကိန်းမုန်တိုင်းအဖြစ်မှ အပူပိုင်းမုန်တိုင်းအဆင့်သို့ အားနည်းရောက်ရှိလာခဲ့သည်။

သို့ရာတွင် မုန်တိုင်း၏အားလျော့လာမှုကို လျှော့မတွက်ကြရန် ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်တစ်က ဒေသခံပြည်သူများအား သတိပေးထားသည်။ ပြည်နယ်အာဏာပိုင်များက မုန်တိုင်းဒဏ်ခံ အမိုးအကာအဆောက်အအုံများကို ဖွင့်လှစ်ခဲ့ပြီး ကမ်းခြေများနှင့် ပန်းခြံများကို ပိတ်ထားကြောင်း သိရသည်။

ဖလော်ရီဒါပြည်နယ်သည် အမေရိကန်ပြည်ထောင်စုရှိ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုပြင်းထန်သည့် ပြည်နယ်များထဲမှ တစ်ခုဖြစ်ပြီး ကိုဗစ်–၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၄၈၀၀၀၀ ကျော်ရှိပြီဖြစ်ကာ ကယ်လီဖိုးနီးယားပြည်နယ်ပြီးလျှင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ဒုတိယအများဆုံးပြည်နယ်ဖြစ်သည်။

မုန်တိုင်းအန္တရာယ်ကြောင့် လတ်တလောတွင် ကိုဗစ်–၁၉ စစ်ဆေးသည့်ဌာနများကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

အစားအစာဖူလုံရေးအတွက် ဘင်္ဂလားဒေ့ရှ်သို့ ကမ္ဘာ့ဘဏ်က ဒေါ်လာ ၂၀၂သန်းကူညီ

ဒါကာ ဩဂုတ် ၂

ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့၏ အမှုဆောင်အရာရှိချုပ်က အစားအစာဖူလုံရေးအတွက် ဘင်္ဂလားဒေ့ရှ်သို့ အမေရိကန်ဒေါ်လာ ၂၀၂ သန်း အကူအညီပေးရန် ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။

ခေတ်သစ် အစားအသောက်သိုလှောင်ရေး စီမံကိန်းအတွက် အစားအသောက်သိုလှောင်မှု ပိုမိုလုပ်ဆောင်လာနိုင်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အမျိုးသားဆန်သိုလှောင်မှုမှာ တန် ၅၃၅၅၀၀ အထိရှိပြီး အိမ်ထောင်စု ၄ ဒသမ ၅သန်းအတွက် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းသည် မကြာခဏဆိုသလို မုန်တိုင်းဒဏ်ခံရလေ့ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော အစားအစာဖူလုံမှုမရှိခြင်းကို ကူညီပေးခြင်းပင်ဖြစ်သည်ဟု ပြောသည်။

ခရိုင် ရှစ်ခုရှိ ဆန်နှင့်ဂျုံ သိုလှောင်ရေးအဆောက်အအုံရှစ်ခု တည်ဆောက်ရေး လုပ်ငန်းအတွက် ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်က ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ကြပြီး ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ဒေသနေပြည်သူများ၏ လူမှု နေထိုင်မှုဘဝနှင့် အစားအစာဖူလုံရေးအတွက် ခြိမ်းခြောက်မှုများ ဖြစ်နေသည်ဟု ဘင်္ဂလားဒေ့ရှ်နှင့် ဘူတန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဒေသတွင်း ညွှန်ကြားရေးမှူးဖြစ်သူ မိုဟာမက် အနစ်က ပြောသည်။

ယခုစီမံကိန်းကြောင့် အများပြည်သူသုံး ဆန်သိုလှောင်ရေးအဆောက်အအုံများတွင် ဆန်စပါး ဆုံးရှုံးမှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ပြီး အာဟာရတန်ဖိုးကိုလည်း လက်ရှိအချိန်တွင် ခြောက်လသာထိန်းသိမ်းထားနိုင်ရာမှ နှစ်နှစ်အထိ ထိန်းသိမ်းထားနိုင်မည်ဟု ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဆင်ဟွာ

နှာခေါင်းစည်းများ တစ်ဆင့်ပြန်ရောင်းခြင်းကို ဂျပန်ပိတ်ပင်တော့မည်မဟုတ်

တိုကျို ဩဂုတ် ၂

ကိုဗစ် - ၁၉ ရောဂါကျရောက်မှုကာလအတွင်း ဂျပန်တစ်နိုင်ငံလုံးတွင် နှာခေါင်းစည်းမလုံလောက်မှုများ ဖြစ်ပေါ်နေသည့် အခြေအနေကို ဖြေရှင်းရန် ထုတ်လုပ်သူများက ပစ္စည်းထုတ်လုပ်မှုကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိချိန်တွင် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ တစ်ဆင့်ပြန်လည်ရောင်းချမှုအား ပိတ်ပင်ထားမှုကို ဖယ်ရှားတော့မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားခဲ့သည်။

နှာခေါင်းစည်းများဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချမှုကို ယခင်ကပိတ်ပင်ထားပြီး ထောင်ဒဏ်တစ်နှစ်နှင့်အထက် သို့မဟုတ် ယန်းငွေတစ်သန်း (အမေရိကန်ဒေါ်လာ ၉၅၀၀) သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးချမှတ်ရန် အာဏာပိုင်များက အမိန့်ထုတ်ခဲ့ရာ ယခုအခါ ယင်းပိတ်ပင်မှုကို ယခုလအတွင်း ဖယ်ရှားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ သို့ရာတွင် ပိတ်ပင်မှုဖျက်သိမ်းမည့်နေ့ရက် အတိအကျကို အသေးစိတ်ဖော်ပြထားခြင်း မရှိသေးပေ။

ထို့ပြင် ဂျပန်အစိုးရသည် ဘိုးဘွားစောင့်ရှောက်ရေးဂေဟာများနှင့် အခြားရောဂါကူးစက်မှုပြင်းထန်သည့် နေရာများဆီသို့ နောက်ထပ်အဝတ်နှာခေါင်းစည်း သန်း ၈၀ ပေးပို့မည့် အစီအစဉ်ကို ပယ်ဖျက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ခတ်ဆုနိုဘူကာတိုက ပြောကြားခဲ့သည်။

ဝေဖန်သူများက အစိုးရ၏နှာခေါင်းစည်းဖြန့်ဝေမှုကို အခွန်ထမ်းပြည်သူများ၏ ငွေများကိုဖြုန်းတီးနေသည့် လုပ်ဆောင်ချက်အဖြစ် ဝေဖန်ခဲ့ကြကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဂျပန်နိုင်ငံတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှာခေါင်းစည်းတပ်ဆင်ထားသည့် ရုပ်ပုံပါ တီရှပ်များရောင်းချနေစဉ်။

အာဖဂန်အစိုးရနှင့်တာလီဘန်စစ်သွေးကြွအဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု နောက်ဆုံးရက်အထိ ကျိုးပေါက်ခြင်းမရှိဘဲတည်ငြိမ်နေ

ကဘူးလ် ဩဂုတ် ၂

အာဖဂန်အစိုးရနှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့ကြား ခဲယဉ်းစွာ သဘောတူညီမှုရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသည် နောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ် ၂ ရက်အထိ အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများမရှိခဲ့ကြောင်း သိရသည်။

အာဖဂန်အစိုးရသည် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်မည့် ဆွေးနွေးပွဲများ နီးစပ်လာစေရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် တာလီဘန်အကျဉ်းသားများကို ရာနှင့်ချီလွှတ်ပေးခဲ့သည်။

အစ္စလာမ် ဘာသာဝင်တို့၏ အထိမ်းအမှတ်အိဒ်နေ့ဖြစ်သည့် ဇူလိုင် ၃၁ ရက်မှစတင်ကာ အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား အပစ်အခတ်ရပ်စဲမှုစတင်ခဲ့ခြင်းဖြစ်ပြီး သုံးရက်မြောက်နေ့အထိ နှစ်ဖက်စလုံးမှ အကြီးစား ပစ်ခတ်တိုက်ခိုက်မှုများ ထွက်ပေါ်လာခြင်းမရှိဘဲ အာဖဂန်နိုင်ငံတစ်ဝန်း ထူးခြားစွာတည်ငြိမ်လျက်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။

အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီနှင့် တာလီဘန်စစ်သွေးကြွအဖွဲ့ နှစ်ဖက်စလုံးက အိဒ်နေ့ပြီးဆုံးပြီး နောက်ပိုင်း ကာလအတန်ကြာအောင် နှောင့်နှေးကြန့်ကြာနေခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများကို ဖြောင့်ဖြောင့်တန်းတန်း ပြန်လည်လုပ်ဆောင်လိုသည့် သဘောထားကို ဖော်ပြခဲ့ကြသည်။

အာဖဂန်အစိုးရက လွှတ်ပေးလိုက်သည့် တာလီဘန်အကျဉ်းသားများ ပျော်ရွှင်စွာဝိုင်းဖွဲ့စားသောက်နေစဉ်။

အစိုးရနှင့်တာလီဘန်တို့အကြား ယခုတစ်ကြိမ်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေသကဲ့သို့ ခံစားရပြီး ပန်းခြံများတွင် လူများဖြင့် ပြည့်နှက်နေကာ နိုင်ငံအတွင်း နှစ်ပေါင်း ၄၀ ကြာအောင် ဖြစ်ပွားခဲ့သည့် စစ်ပွဲကို မေ့ပျောက်လုနီးနီး ဖြစ်သွားကြောင်း အာဖဂန်အရှေ့ပိုင်း ဂျာလာလာဘတ်မြို့မှ ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ် ပြည်နယ်ဝန်ကြီးတစ်ဦး ကိုဗစ်-၁၉ ကြောင့် သေဆုံး

နယူးဒေလီ ဩဂုတ် ၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ ဝန်ကြီးတစ်ဦးဖြစ်သည့် ကာမယ်လ်ရာနီသည် ဩဂုတ် ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် သေဆုံးသွားကြောင်း ပြည်နယ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဝန်ကြီး ကာမယ်လ်ရာနီသည် ကိုဗစ် - ၁၉ ကူးစက်ခံခဲ့ရပြီးနောက် လက်ခနောင်းမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကာမယ်လ်သည် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးရသည့် ပထမဆုံးသောအကြီးတန်း နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်သည်။

အသက် ၆၂ နှစ်ရှိပြီဖြစ်သည့်ကာမယ်လ်သည် ဇူလိုင် ၁၈ ရက်က ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။၎င်းသည် ဥတ္တာပရာဒေ့ရှ် အစိုးရအဖွဲ့တွင် နည်းပညာဆိုင်ရာ ပညာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် ယိုဂီ အဒစ်ရာနတ်က ကာမယ်လ် သေဆုံးခဲ့မှုအတွက် ဝမ်းနည်းပူဆွေးကြောင်းနှင့် ပြည်နယ်၏ တာဝန်ကျေပွန်သည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦးကို ဆုံးရှုံးလိုက်ရကြောင်း သတင်းစကားဖော်ပြခဲ့သည်။

ဆင်ဟွာ

အိန္ဒိယပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာနေစဉ်။

ဟောင်ကောင်၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် – ၁၉ လူနာတစ်ဦးကို ရွှေ့ပြောင်းနေစဉ်။

ဟောင်ကောင်၌ ကိုဗစ် - ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၅ ဦးထပ်တိုး

ဟောင်ကောင် ဩဂုတ် ၂

ဟောင်ကောင်၌ ဩဂုတ် ၂ ရက်တွင် ကိုဗစ် – ၁၉ ထပ်မံကူးစက်ခံရသူ ၁၁၅ ဦး စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဟောင်ကောင် ကျန်းမာရေးဆိုင်ရာ ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရောဂါထပ်မံ ကူးစက်ခံရသူ အရေအတွက် ၁၀၀ ကျော်ကို တွေ့ရှိရသည်မှာ ၁၂ ရက်ဆက်တိုက်ရှိပြီဖြစ်ပြီး ရောဂါထပ်မံကူးစက်ခံရသူများ အားလုံးမှာ ပြည်တွင်း၌ ကူးစက်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ဟောင်ကောင်၌ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်စုစုပေါင်းမှာ ၃၅၁၁ ဦး ရှိလာပြီဖြစ်သည်။ ရောဂါကူးစက်ခံရသူ ၁၁၅ ဦးအနက် ၇၉ ဦးမှာ ယခင်က ရောဂါကူးစက်ခံခဲ့ရသည့်လူနာများနှင့်ဆက်နွှယ်သည့် ကူးစက်ဖြစ်ပွားမှုများဖြစ်ပြီး ကျန် ၃၆ဦးမှာ မည်သည့်နေရာမှ မည်သို့ကူးစက်ခံလာခဲ့ရသည်ကို မသိရှိရသေးကြောင်း ကူးစက်ရောဂါ ဖြစ်ပွားမှုဆိုင်ရာဌာနခွဲ အကြီးအကဲ ချောင်ရှပ်ခွမ်က ဇူလိုင် ၂ ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဩဂုတ် ၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကိုဗစ်–၁၉ ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာပြီး ဆေးရုံမှ ပြန်ဆင်းလာသူ ၁၉၅၉ ဦး ရှိပြီး ဆေးရုံတက်ကုသမှုခံယူနေသူ အရေအတွက်မှာ ၁၁၀၇ ဦးရှိကြောင်းနှင့် ၃၄ ဦးမှာ အရေးပေါ်ကုသမှုခံယူလျက်ရှိကာ ၇၁ ဦးမှာ ရောဂါပြင်းထန်ပြီး အသက်အန္တရာယ်စိုးရိမ်ရကြောင်း ဟောင်ကောင်ဆေးရုံများ အာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဆာရာဟိုက ပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၃၄ ဦးအထိ ရှိလာကြောင်း သိရသည်။

ဆင်ဟွာ

ပထမဆုံးကာကွယ်ဆေးဖြန့်ဝေသူဖြစ်လာတော့မယ့် ရုရှား

ကလျာမိုးမြင့်

ရုရှားနိုင်ငံမှာ ကျန်းမာရေးအာဏာပိုင်တွေက လာမယ့်အောက်တိုဘာလထဲမှာ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ထုတ်နိုင်ရေးအတွက် လူထုအတွင်း ကာကွယ်ဆေးတွေထိုးနှံပေးခြင်းကို စတင်လုပ်ဆောင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပြီလို့ ရုရှားကျန်းမာရေးဝန်ကြီး မစ်ခ်ဟေးလ်မူရက်ရှ်ကိုက ပြောကြားခဲ့ပါတယ်။

ကာကွယ်ဆေးထိုးပေးခြင်းကို စတင်လုပ်ဆောင်ပြီဆိုတဲ့အခါမှာ ကာကွယ်ဆေးကို ပထမဆုံးလက်ခံရရှိမယ့်သူတွေကတော့ ဆရာဝန်တွေနဲ့ ကျောင်းဆရာ၊ ဆရာမတွေဖြစ်လိမ့်မယ်လို့ ကျန်းမာရေးဝန်ကြီးရဲ့ ပြောကြားချက်ကို ရုရှားသတင်းမီဒီယာတွေက ဖော်ပြကြပါတယ်။

ချဉ်းကပ်မှုမြန်ဆန်လွန်း

ရုရှားနိုင်ငံက ပထမဆုံး တီထွင်ထုတ်လုပ်လိုက်တဲ့ ကာကွယ်ဆေးကို ယခုလမှာ စည်းကမ်းကြပ်မတ်ရေးအဖွဲ့တွေက ခွင့်ပြုချက်ပေးတော့မှာ ဖြစ်တယ်လို့လည်း သတင်းရင်းမြစ်တချို့က ဖော်ပြနေပါတယ်။ သို့သော်လည်း ကျွမ်းကျင်သူပညာရှင်တချို့ကတော့ ရုရှားရဲ့ ကာကွယ်ဆေးဖော်စပ်တဲ့ ချဉ်းကပ်မှုက မြန်ဆန်လွန်းတယ်ဆိုပြီး စိတ်မချရမှာကို စိုးရိမ်ပူပန်နေကြပါ တယ်။

ယခုရက်ပိုင်းအတွင်းမှာပဲ အမေရိကန်ပြည်ထောင်စုက ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူဒေါက်တာအန်တိုနီဖော်စီက ရုရှားနဲ့ တရုတ်နိုင်ငံတို့ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အမှန်တကယ်စမ်းသပ်မှုတွေ လုပ်ဆောင်နေတယ်လို့ ပြောကြားခဲ့ပါတယ်။ တခြားနိုင်ငံတွေနည်းတူ မိမိနိုင်ငံသားတွေကို အကောင်းဆုံးအကာအကွယ်ပေးဖို့ ကြိုးပမ်းနေတဲ့ အမေရိကန်အနေနဲ့လည်း ယခုနှစ်ကုန်လောက်မှာတော့ ထိရောက်ပြီး စိတ်ချရတဲ့ကာကွယ်ဆေးတစ်ခုကို ရသင့်ပြီလို့ ဒေါက်တာဖော်စီက ပြောပါတယ်။

မယုံကြည်နိုင်

အမေရိကန်က ကာကွယ်ဆေးရဖို့ ကျားကုတ်ကျားခဲ လုပ်ဆောင်မှုမပြီးသေးခင် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ရနေပြီဆိုတာမျိုး၊ ကာကွယ်ဆေးရဖို့ ကျွန်ုပ်တို့က တခြားနိုင်ငံတွေကို မှီခိုအားကိုးပြီး နေရမှာမျိုးကို မယုံကြည်နိုင်ဘူး ဖြစ်နေတယ်လို့ ဒေါက်တာဖော်စီက အမေရိကန်ဥပဒေပြုလွှတ်တော်အမတ်တွေကို ပြောကြားခဲ့ပါတယ်။

ကိုဗစ်-၁၉အတွက် ရည်ရွယ်ပြီး ကမ္ဘာတစ်ဝန်းမှာ ကာကွယ်ဆေးပေါင်း အမြောက်အမြားကို ဖော်စပ်ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းနေကြပြီး အဲဒီထဲကမှ ကာကွယ်ဆေးအမျိုး ၂၀ လောက်ဟာအခုဆိုရင် လက်တွေ့စမ်းသပ်ကုသမှုလုပ်ဆောင်နေတဲ့ အဆင့်မှာ ရှိနေပါတယ်။

စမ်းသပ်မှုပြီးဆုံး

ရုရှားနိုင်ငံ မော်စကိုမြို့က ဂါမာလီရာ အင်စတီကျူသုတေသနဌာနမှာ ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှုတွေ ပြီးဆုံးသွားပြီဖြစ်ပြီး ကာကွယ်ဆေးကို မှတ်ပုံတင်နိုင်ဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ကြိုတင်ပြင်ဆင်ထားပြီလို့ မစ္စတာမူရက်ရှ်ကိုရဲ့ ပြောကြားချက်ကို အင်တာဖက်စ်သတင်းအေဂျင်စီက ကိုးကားဖော်ပြပါတယ်။

ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို လာမယ့်အောက်တိုဘာလထဲမှာ ပြည်သူလူထုအတွင်းကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်နေပြီဖြစ်ပြီး ပထမဆုံးကာကွယ်ဆေးလက်ခံရရှိမယ့်သူတွေကတော့ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ ပညာရေးဝန်ထမ်းတွေဖြစ်တယ်လို့ သိရပါတယ်။

အောင်မြင်မှုရှိ

ပြီးခဲ့တဲ့လအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတွေ ဖြစ်ပွားစေတတ်တဲ့ ဗိုင်းရပ်စ်ကို အခြေခံပြီးဖော်စပ်ထားတဲ့ ကာကွယ်ဆေးကို ဂါမာလီရာ အင်စတီကျူက ကနဦးအဆင့်စမ်းသပ်မှုတွေလုပ်ဆောင်ပြီးသွားပြီဖြစ်ကြောင်းနဲ့ စမ်းသပ်မှုကနေ ထွက်ပေါ်လာတဲ့ရလဒ်တွေအရ အောင်မြင်မှုရှိကြောင်း ရုရှားသိပ္ပံပညာရှင်တွေက ပြောကြားခဲ့ပါတယ်။

“ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို လာမယ့်အောက်တိုဘာလထဲမှာ ပြည်သူလူထုအတွင်းကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်နေပြီဖြစ်ပြီး ပထမဆုံးကာကွယ်ဆေးလက်ခံရရှိမယ့်သူတွေကတော့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပညာရေးဝန်ထမ်းတွေဖြစ်တယ်လို့ သိရပါတယ်”

ပြီးခဲ့တဲ့လအတွင်း ဗြိတိန်၊ အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေက လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုအဖွဲ့အစည်းတွေက ရုရှားနိုင်ငံက ဟက်ကာအဖွဲ့တစ်ဖွဲ့ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးဖော်စပ်ထုတ်လုပ်ရာမှာ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြတဲ့အဖွဲ့အစည်း အများအပြားကို ပစ်မှတ်ထားတဲ့ သတင်းအချက်အလက်ခိုးယူမှုတွေ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့တယ်လို့ ဆိုပါတယ်။

စွပ်စွဲချက်ကိုငြင်းဆန်

The Dukesor Cozy Bear လို့အမည်ရတဲ့ APT29 ဟက်ကာအဖွဲ့ဟာ ရုရှားနိုင်ငံရဲ့ လျှို့ဝှက်ထောက်လှမ်းရေးဝန်ဆောင်မှုအဖွဲ့ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်ဆိုတာ ၉၅ ရာခိုင်နှုန်းမက သေချာတယ်လို့ ဗြိတိန်အမျိုးသားလုံခြုံရေးစင်တာက ပြောကြားခဲ့ပါတယ်။ ဗြိတိန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အန်ဒရီကီလင်ကတော့ အဲဒီစွပ်စွဲချက်ကို လက်မခံနိုင်ကြောင်း ငြင်းဆန်လိုက်ပြီး အဓိပ္ပာယ်မရှိတဲ့ စွပ်စွဲချက်ဖြစ်တယ်လို့ ပြန်လည်ချေပပြောဆိုခဲ့တာကို တွေ့ရပါတယ်။

ကျန်းမာရေးဝန်ကြီးက ရုရှားရဲ့ ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှု တတိယအဆင့်မှာ လူပေါင်း ၈၀၀ လောက်အထိ ပူးပေါင်းပါဝင်ခဲ့ဖွယ်ရှိပြီး တစ်ချိန်တည်းမှာပဲ ထုတ်လုပ်မှုတွေ စတင်ခဲ့ဖွယ်ရှိတယ်လို့ ဆိုပါတယ်။ ကာကွယ်ဆေးကို ဩဂုတ်လအတွင်းမှာ ဒေသဆိုင်ရာစည်းကမ်းကြပ်မတ်ရေး အဖွဲ့အစည်းတွေဆီက အတည်ပြု ထောက်ခံချက်ရရှိဖို့ မျှော်မှန်းထားပြီး အဲဒီလုပ်ငန်းစဉ်တွေ ပြီးတာနဲ့ ဖြန့်ဝေရေးဆောင်ရွက်နိုင်ဖို့ ခန့်မှန်းထားပါတယ်။

သံသယမေးခွန်းတွေထွက်ပေါ်

ဒါပေမယ့် ရုရှားနိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန်နဲ့ ပထမဆုံးဖော်စပ်ထုတ်လုပ်လို့ ပြီးသွားတာနဲ့ပတ်သက်ပြီး မေးခွန်းအချို့ ထွက်ပေါ်လာခဲ့ပါတယ်။ ဝေဖန်သူတွေက ရုရှားဟာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အားလုံးထက်ဦးစွာ ထုတ်လုပ်နိုင်ဖို့ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေး တွေမှာ စိတ်ချရအောင် လုပ်ဆောင်ခဲ့ခြင်းဟုတ်မဟုတ် ဝေဖန်သူတွေက သံသယမေးခွန်းတွေ ထုတ်လာခဲ့ပါတယ်။

သဘောတူလက်မှတ်ရေးထိုးထား

ဗြိတိန်နိုင်ငံမှာလည်း အောက်စဖို့ဒ်တက္ကသိုလ်က ကိုဗစ်- ၁၉ အတွက် ကာကွယ်ဆေးစမ်းသပ်မှုတွေ အကြိမ်ကြိမ်လုပ်ဆောင်နေပြီး လက်တွေ့စမ်းသပ်ကုသမှုမှာ ၎င်းတို့ရဲ့ကာကွယ်ဆေးဟာ ခုခံအားစနစ်တုံ့ပြန်မှုတစ်ခုကို ဖြစ်ပေါ်စေပြီး ဗြိတိန်တစ်နိုင်ငံတည်းမှာတင် ကာကွယ်ဆေးအခုရေ သန်း ၁၀၀ လောက်အထိဖြန့်ဝေဖို့ Astra Zeneca နဲ့ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားတယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် ကပ်ရောဂါဆိုးကြီးရဲ့ ဖိစီးနှိပ်စက်မှုကို တစ်ကမ္ဘာလုံးက အလူးအလဲ ရင်ဆိုင်နေရချိန်မှာ ကာကွယ်ဆေး ဘယ်နိုင်ငံက အရင်ထုတ်လုပ်နိုင်သည်ဖြစ်စေ ပြည်သူလူထုအတွက် သတင်းကောင်းတစ်ခု ဖြစ်မှာမလွဲပါ။ ။

ကိုးကား- ဒေးလီးမေးလ်၊ ဆင်ဟွာ

နိုင်ငံတကာသတင်းတိုထွာ

ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ဆိုင်ရာ ကန့်သတ်ချက်များအပေါ် လူထောင်ချီဆန္ဒပြ

မြူးနစ် ဩဂုတ် ၂

ဂျာမနီနိုင်ငံ မြို့တော်ဘာလင်၌ ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် အစိုးရက ချမှတ်ထားသည့် ကန့်သတ်ချက်များအပေါ် လူထောင်ချီ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

နှာခေါင်းစည်းတပ်ဆင်ခြင်းအပါအဝင် ကန့်သတ်ချက်အများအပြားသည် ၎င်းတို့၏လွတ်လပ်ခွင့်ကို ချိုးဖောက်လျက်ရှိကြောင်း ဆန္ဒပြသူများက ပြောသည်။ ဂျာမနီနိုင်ငံသည် အခြားသောဥရောပနိုင်ငံများနှင့်စာလျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဒဏ်ကို ဆိုးဆိုးရွားရွား ထိခိုက်ခံစားရခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ရောဂါကူးစက်ဖြစ်ပွားမှုထပ်မံမြင့်တက်လာလျက်ရှိသည်။

ဇူလိုင် ၃၁ ရက်က ဂျာမနီနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၉၀၀ ကျော်အထိ ထပ်တိုးလာပြီး သေဆုံးသူ ခုနစ်ဦးရှိခဲ့သည်။ ကိုဗစ်- ၁၉ဆိုင်ရာ ကန့်သတ်ချက်များအပေါ် ဆန္ဒပြရာတွင် လူ ၁၅၀၀၀ ထက်မနည်း ပါဝင်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

တရုတ်နိုင်ငံ၌ ဟာဂူပစ်တိုင်ဖွန်းမုန်တိုင်း ဖြစ်ပေါ်နိုင်ကြောင်း သတိပေးနှိုးဆော်

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဟာဂူပစ်ဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းကြောင့် နိုင်ငံတောင်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးနှိုးဆော်ထားသည်။ လတ်တလောတွင် မုန်တိုင်းအန္တရာယ် သတိပေးချက်အဆင့်ကို အပြာရောင်အဆင့်သာ သတ်မှတ်ထားကြောင်း သိရသည်။

ယခုနှစ်တွင် လေးခုမြောက်တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ဟာဂူပစ်သည် ဩဂုတ် ၁ ရက်ညနေပိုင်းတွင် အင်အားကောင်းလာကာ ဩဂုတ် ၂ ရက်တွင် လေတိုက်နှုန်းတစ်နာရီလျှင် ၆၄ ဒသမ ၈ ကီလိုမီတာရှိကြောင်း မိုးလေဝသဌာနက ဖော်ပြသည်။

မုန်တိုင်းသည် အနောက်မြောက်ဘက်ဆီသို့ တစ်နာရီလျှင် လေတိုက်နှုန်း ၁၅ ကီလိုမီတာမှ၂၀ ကီလိုမီတာနှုန်းဖြင့် ဆက်လက်ရွေ့လျားနိုင်ကာ ဩဂုတ် ၃ ရက်တွင် ဇီကျန်းနှင့် ဖူကျန်းပြည်နယ်အကြားကမ်းခြေတစ်လျှောက် မိုးသက်မုန်တိုင်းများ ကျရောက်နိုင်ပြီး အားပျော့သွားနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဆင်ဟွာ

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊
➢ ထောင်ဒဏ်ကျခံနေရသူ၊
➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

❍ *ကျောဖုံးမှ*

မဲဆန္ဒရှင်စာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၁၆၃၈ ဦးခန့် နှင့် ပုံစံ (၁-က) ဗမာမဲဆန္ဒရှင် ၄၆၇ ဦး၊ ရှမ်းမဲဆန္ဒရှင် ၁၀၇ ဦး၊ လီဆူမဲဆန္ဒရှင် ၃၇၂၂ ဦး၊ ရဝမ်မဲဆန္ဒရှင် ၆၆ ဦးရှိကြောင်း မဲဆန္ဒရှင် စာရင်းကြေညာခြင်းကို ဩဂုတ် ၇ ရက်အထိ ကပ်ထားကြေညာမည်ဖြစ်ပြီး ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ ၄ (ဂ) ဖြင့် လျှောက်ထားခြင်းများကို ဩဂုတ် ၇ ရက်အထိ လာရောက်လျှောက်ထားနိုင်ကြောင်းလည်း သိရသည်။

နန်းမြင့် (ပြန်/ဆက်)

ရွေးကောက်ပွဲများသည်-

➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

✤ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏ အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါ ရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

✤ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

✤ အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

✤ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

ကွန်ဟိန်းမြို့၌ ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကွန်ဟိန်း ဩဂုတ် ၂

ရှမ်းပြည်နယ် တောင်ပိုင်း ကွန်ဟိန်းမြို့၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေသည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပိုစတာများ ချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ လက်ကမ်းစာစောင်နှင့် ပိုစတာများတွင် ဆန္ဒမဲပေးပိုင်ခွင့် ပြည့်သူများအနေဖြင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး အသိပညာပေး အကြောင်းအရာများ၊ မဲဆန္ဒရှင်ဆိုင်ရာ မေးခွန်းနှင့် အဖြေများ၊ မဲဆန္ဒရှင်စာရင်းတွင် အမည်မပါဝင်ပါက ဆောင်ရွက်ရမည့် အချက်များ၊ ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါက ဆောင်ရွက်ရမည့်အချက်များ ၊ မပါဝင်သင့်သူပါဝင်နေပါက ပယ်ဖျက်ရန် ဆောင်ရွက်ရမည့်အချက်များ အစရှိသည်တို့ကို ပြည့်စုံစွာထည့်သွင်းဖော်ပြထားသည်။

ယင်းသို့ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပိုစတာများ ချိတ်ဆွဲခြင်းကို မြို့နယ်ကော်မရှင်ရုံး ဦးစီးအရာရှိ ဦးဇန်ကယ်မီလျာနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ယာယီပျံကျဈေးနှင့် ကွန်ဟိန်းတံတားစစ်ဆေးရေးဂိတ်တို့တွင် ဖြန့်ဝေပေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

Covid ကနေ ရတဲ့ တန်ဖိုးအရှိဆုံး သင်ခန်းစာ

Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရပါတယ်။ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ 'သတိ'အား ကောင်းအောင်လေ့ကျင့်ရခြင်းကတော့ Covid ကနေရတဲ့ တန်ဖိုးအရှိဆုံး သင်ခန်းစာပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၀-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

၁။ (၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

ဆေးသုတေသနဦးစီးဌာန (DMR) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၂၉၁) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၅၀၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၀) ခု၊

စုစုပေါင်း (၉၁၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၃။ (၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃)ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁-၈-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း	(၂၉၁) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၅၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၇) ခုနှင့်
- စုစုပေါင်း (၅၇၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၃) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 331) ရှိသဖြင့် စုစုပေါင်း (၂၉၈) ဦးရှိပါသည်။ ၎င်းတို့ အနက် (၂၈၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၅၃) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁) ဦး	(၂၉၈) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၅၃) ခု
(၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၁၈၁၂၇	၃၅၃

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၉၈	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၈၁၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၈	၅
၂	ရခိုင်	၁၆	
၃	ချင်း	၁၄	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၇	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
	စုစုပေါင်း	၃၅၃	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

မြဝတီမြို့ ချစ်ကြည်ရေးတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၀၁ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၀၁ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်တွင် ၄၄၀၊ ဩဂုတ် ၂ ရက်တွင် ၇၀၁ ဦး စုစုပေါင်း ၅၆၇၅၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၁၂ ဦး၊ အမျိုးသမီး ၂၈၉ ဦး စုစုပေါင်း ၇၀၁ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

၂-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၄၇၆၆၃၂၃	၂၃၆၃၁၆၅	၁၅၇၉၂၄
၂။	ဘရာဇီး	၂၇၀၈၈၇၆	၁၈၈၄၀၅၁	၉၃၆၁၆
၃။	အိန္ဒိယ	၁၇၆၇၈၃၆	၁၁၅၇၁၃၉	၃၇၅၇၀
၄။	ရုရှား	၈၅၀၈၇၀	၆၅၀၁၇၃	၁၄၁၂၈
၅။	တောင်အာဖရိက	၅၀၃၂၉၀	၃၄၂၄၆၁	၈၁၅၃
၆။	မက္ကဆီကို	၄၃၄၁၉၃	၂၈၄၈၄၇	၄၇၄၇၂
၇။	ပီရူး	၄၂၂၁၈၃	၂၉၀၈၃၅	၁၉၄၀၈
၈။	ချီလီ	၃၅၇၆၅၈	၃၃၀၅၀၇	၉၅၃၃
၉။	စပိန်	၃၃၅၆၀၂	စိစစ်ဆဲ	၂၈၄၄၅
၁၀။	အီရန်	၃၀၉၄၃၇	၂၆၈၁၀၂	၁၇၁၉၀

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂-၈-၂၀၂၀

	COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၁၁၁၄၅၅	၆၈၉၇၅	၅၂၃၆
ဖိလစ်ပိုင်	၁၀၃၁၈၅	၆၅၅၅၇	၂၀၅၉
စင်ကာပူ	၅၂၈၂၅	၄၆၉၂၆	၂၇
မလေးရှား	၈၉၉၉	၈၆၆၄	၁၂၅
ထိုင်း	၃၃၁၇	၃၁၄၂	၅၈
ဗီယက်နမ်	၆၂၀	၃၇၃	၆
မြန်မာ	၃၅၃	၂၉၈	၆
ကမ္ဘောဒီးယား	၂၄၀	၁၉၆	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၂၀	၁၉	၀

COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

စိုက်ပျိုးရေးသိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်း

ပုသိမ်ကြီး ဩဂုတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံ ဌာနခွဲ စိုက်ပျိုးရေးသိပ္ပံများမှ စိုက်ပျိုး ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလယ်အလတ်အဆင့် စိုက်ပျိုးရေး အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူ များကို သင်ကြားလေ့ကျင့်မွေးထုတ် ပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့် အောင်သည် ဇူလိုင်လနောက်ဆုံးပတ် က စိုက်ပျိုးရေးသိပ္ပံ ပုသိမ်ကြီးသို့ ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင် များ၊ အိပ်ဆောင်အတွင်းရှိ ခုတင် များ၊ လျှပ်စစ်မီးများပြင်ဆင်ထားမှု၊ သန့်စင်ခန်းများ၊ ရေချိုးကန်၊ ထမင်း စားဆောင်များကို ကြည့်ရှုစစ်ဆေး သည်။ **(အပေါ်ယာပုံ)**

ဝန်ထမ်းလေ့ကျင့်ရေးသင်တန်း ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ တာဝန်ခံဒေါ်ဥမ္မာကိုနှင့် အဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ အလွန် စိုက်ပျိုးရေးသိပ္ပံကျောင်း များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင် ပြင်ဆင်ထားမှုများကို ကွင်းဆင်း စစ်ဆေးရာကျောင်းအုပ်ကြီးနှင့် တာဝန် ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး)၌ နယူးဇီလန်နိုင်ငံအစိုးရ (MITA PROJECT)၏ အကူအညီဖြင့် ဆောင်ရွက်ထားရှိသော နို့စားနွား မွေးမြူရေးနှင့် စားကျက်မြက်စိုက်ခင်း စိုက်ပျိုးထားရှိမှုများ၊ နို့စားနွားခြံ တည်ဆောက်ထားရှိမှု၊ နွားထိန်းခြံ တပ်ဆင်ထားရှိမှုများ၊ မြက်စဉ်းစက် တပ်ဆင် ထားရှိမှုများ၊ စားကျက်မြက် အမျိုးမျိုး စိုက်ပျိုးထားရှိမှုများ၊ မြက်ခင်းရေပေးဝေရန်နှင့် နွားခြံ ရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှု များ၊ နွားခြံရှေ့ ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေးသိပ္ပံ ကျောင်းများရှိ စာသင်ခန်းအားလုံးရှေ့တွင် လက်ဆေး ကန်များ တပ်ဆင်ထားရှိခြင်း၊ လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်း များ စီစဉ်ထားရှိခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန် ချက်နှင့်အညီ စာသင်ခန်းများတွင် စာသင်ခုံများကို ခြောက်ပေအကွာ စီစဉ် ထားရှိပြီး၊ ပရိုဂျက်တာဖြင့် သင်ကြား နိုင်ရေးကိုလည်း စီစဉ်ထားရှိကြောင်း၊ လေဝင်လေထွက် ကောင်းမွန်ရန်နှင့် အလင်းရောင် ကောင်းစွာရရှိအောင် ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ သန့်စင် ခန်းများ၊ ရေချိုးကန်များ၊ ထမင်းစား ဆောင်၊ စားပွဲ၊ ကုလားထိုင်များ စနစ် တကျနေရာချထားခြင်းများ ဆောင်ရွက် ပြီးဖြစ်ကြောင်း၊ အမျိုးသမီးအဆောင် ရေချိုးခန်းအမိုးအကာ ဆောက်လုပ် ပြင်ဆင်ခြင်း လုပ်ငန်းများအပြင် ကျောင်းအဝင်လမ်းဘေးနှင့် မြေနေရာ လွတ်များတွင် မိသားစုအိမ်ခြံဝင်း စိုက်ခင်းအဖြစ် ဖန်တီးစိုက်ပျိုးထားရှိ ပြီး ကျောင်းဝန်းကျင်သာယာလှပရေး ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရ သည်။ **ညီညီသန်း(နေပြည်တော်)**

မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင် သည်။ မနက်ဖြန်အတွက် ခန့်မှန်း ချက်မှာ မုတ်သုံလေ အားကောင်း ရာမှ အားအလွန်ကောင်းမည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ဒေသအလိုက်နှင့် ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၄၈ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဩဂုတ် ၂

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင် မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာ သည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည် ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင် ပေးလျက်ရှိရာ ဩဂုတ် ၁ ရက် ညနေ ၆ နာရီက ၄၂ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ခြောက်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၄၈ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင် ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၄၈ ဦး မှာ အမျိုးသား ၂၇ ဦး၊အမျိုးသမီး ၂၁ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မှ တစ်ဦး၊ ကလေးဝမြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မအူပင် မြို့နယ်မှ တစ်ဦး၊ ကချင်ပြည်နယ် ဒေါ့ဖုန်ယန်မြို့နယ်မှနှစ်ဦး၊ ရှမ်း ပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် မှ နှစ်ဦး၊ တန့်ယန်းမြို့နယ်မှ တစ်ဦး၊ မိုင်းရယ်မြို့နယ်မှ လေးဦး၊ မူဆယ် မြို့နယ်မှ တစ်ဦး၊ သီပေါမြို့နယ်မှ တစ်ဦး၊ သိန္နီမြို့နယ်မှ လေးဦး၊ လောက်ကိုင်မြို့နယ်မှကိုးဦး၊ ကုန်းကြမ်း မြို့နယ်မှ ၁၆ ဦး၊ ကွမ်းလုံမြို့နယ်မှ တစ်ဦးနှင့် ဟိုပန်မြို့နယ်မှ သုံးဦးတို့ ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ် လွှဲပြောင်းပို့ဆောင်ပေးလျက် ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၆၇ ဦးနှင့် အမျိုးသမီး ၆၂၅၁ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန် ပြည်သူ ၁၄၀၁၈ ဦးတို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ဇင်ဇင်(ပြန်/ဆက်)

COVID - 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်း ကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဒုတိယအကြိမ် ချေးငွေလျှောက်ထားနိုင်

ရန်ကုန် ဩဂုတ် ၂

ကိုဗစ် – ၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများအတွက် ဒုတိယအကြိမ် အတိုးနှုန်း သက်သာသည့်ချေးငွေကို ကုန်သည်စက်မှု အသင်းချုပ် (UMFCCI) နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကုန်သည်စက်မှုအသင်းများတွင် ဇူလိုင် ၂၉ ရက်မှစတင်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

ထိုသို့လျှောက်ထားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊ ပြည်ပ ပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်း များ၊ သွင်းကုန် အစားထိုးပစ္စည်းထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ် မှုကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်း များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက် မွေးဝမ်းကျောင်းပညာသင်ကျောင်းများတို့ကို ဦးစားပေး လုပ်ငန်းကဏ္ဍများအဖြစ် သတ်မှတ်ထားသည်။

ချေးငွေလျှောက်ထားသူများအနေဖြင့် အထက် ဖော်ပြပါ ဦးစားပေးလုပ်ငန်းကဏ္ဍတွင် အကျုံးဝင်သော လုပ်ငန်းများသာ လျှောက်ထားနိုင်သည်။ ချေးငွေခွင့်ပြု ရာတွင် ဦးရာလူထုတ်ပေးခြင်းမပြုဘဲ စာရွက်စာတမ်း ပြည့်စုံမှု၊ ချေးငွေပြန်ဆပ်နိုင်မှုတို့အပေါ်မူတည်၍ ခွင့်ပြုပေးခြင်းဖြစ်သည်။ အမြန်လာရောက် လျှောက်ထား ခြင်းထက် လိုအပ်သည့်စာရွက်စာတမ်းများ ပြည့်စုံစွာ ဖြည့်စွက်ပြီးမှသာ လျှောက်ထားသင့်ပြီး ပထမအကြိမ် ချေးငွေရရှိထားသူများ ထပ်မံလျှောက်ထား၍မရကြောင်း သိရသည်။

ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ လျှောက်လွှာပုံစံများကို https://bit.ly/3f9vL4h တွင် ဒေါင်းလုပ်ရယူနိုင်ပြီး အွန်လိုင်းမှတစ်ဆင့် ချေးငွေ လျှောက်ထားလိုသူများသည် UMFCCI Website Link– https://umfccicovid19loam.dedc.gov.mm သို့ ဝင်ရောက်၍ လွယ်ကူလျင်မြန်စွာလျှောက်ထားနိုင်သည်။ လျှောက်လွှာများကို ကုန်သည်စက်မှုအသင်းချုပ်ရုံး (UMFCCI) အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီခွဲ အထိ နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း သိရ သည်။ **အောင်သူရ**

မြစ်ရေကြီးမှုဖြစ်လာလျှင် ရေပြင်ကယ်ဆယ်ရေးလုပ်ဆောင်ရန် အဆင်သင့်ပြင်ဆင်ထား

မကွေး ဩဂုတ် ၂

ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေတက်လာပြီး လူနေအိမ်များသို့ ရေဝင်ရောက်မှုများရှိနေသည့်အတွက် ကူညီမှုများ လုပ်ဆောင်နေရသည်နှင့်အတူ မြစ်ရေကြီးမှု သဘာဝဘေးအတွက် ရေပြင်ကယ်ဆယ်ရေးလုပ်ဆောင်ရန် မီးသတ် တပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားများကို အဆင်သင့် စုဖွဲ့ ပြင်ဆင်ထားကြောင်း မကွေးတိုင်းဒေသကြီး မီးသတ် ဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်၌ တစ်မြို့နယ်လျှင် ၃၅ ဦးနှုန်းဖြင့် ရေပြင်ကယ်ဆယ် ရေး လူအင်အား ၈၇၅ ဦး၊ တိုင်းဒေသကြီးအခြေစိုက်၌ တပ်ခွဲတစ်ခွဲစာ ၁၁၆ ဦး၊ စပိဘုတ်ခြောက်စင်း၊ ရော်ဘာလေသွင်းလှေလေးစင်း တို့အပါအဝင် ရေယာဉ် ၂၈ စင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို အရန်သင့်ပြင်ဆင်ထားခြင်း ဖြစ်သည်။

"တိုင်းဒေသကြီးအစိုးရက စက်သုံးဆီကအစ ပြင်ဆင်ထိန်းသိမ်းစရိတ်အထိ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားတယ်။ နောက်ပြီး တပ်ဖွဲ့ဝင်တွေကလည်း ကယ်ဆယ်ရေးနည်းပညာတွေကို လေ့ကျင့်ထားတယ်။ လူအင်အား၊ ပစ္စည်းကိရိယာအင်အား၊ စက်ပစ္စည်းအင်အားတွေကိုလည်း ပြည့်စုံအောင် ဆောင်ရွက်ထားတဲ့အတွက်ကြောင့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အဆင်သင့်ရှိပါတယ်" ဟု တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။ မြစ်ရေကြီးမှုအခြေအနေကို ပြည်သူများသိရှိနိုင်ရန် ရေပြင်ကယ်ဆယ်ရေးအဖွဲ့များကို ရေကင်းများ ချထားပေးလျက်ရှိပြီး ရေကင်းအဖွဲ့က မြစ်ရေတက်မှု၊ ဆည်တမံများက ရေလွှတ်မှု၊ စိုးရိမ်ရေမှတ်ရောက်ရှိမှု အခြေအနေများကို အသိပေးမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

၂၀၁၅ ခုနှစ်က မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း၌ မြစ်ရေကြီးမှု သဘာဝဘေးကြုံခဲ့ရပြီး လူဦးရေ သိန်းနှင့်ချီသည့် သဘာဝဘေးအတွေ့အကြုံ ရှိထားဖူးသည့်အတွက် ဖြစ်နိုင်ခြေများကို တွက်ချက်ကာ သရုပ်ပြလေ့ကျင့်မှုများလည်း လုပ်ဆောင်ထားကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။ **ဇေယျာတု(မကွေး)**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ နယ်မြေလုံခြုံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများအား သိရှိနားလည်စေရန် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က မြို့နယ်အတွင်း တပ်ဖွဲ့ဝင်အရာရှိများနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား သင်ကြားပို့ချစဉ်။

မြို့နယ် (ပြန်/ဆက်)

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၈-၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၉၀၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၆၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၁၄၁၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၉၀၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၆၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၁၄၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၄၀/၅၇၀	ကျပ်	၅၇၀/၅၉၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၅၀/၅၈၅	ကျပ်	၅၈၅/၆၀၅	ကျပ်
အောက်တိန်း ၉၂	၄၉၀/၅၂၀	ကျပ်	၅၅၀/၅၇၀	ကျပ်
အောက်တိန်း ၉၅	၆၂၀/၆၃၅	ကျပ်	၆၇၅/၇၀၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၆၃ . ၇
ဥရောပ	တစ်ယူရို	ကျပ်	၁၆၀၂ . ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၉၁ . ၁၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၇၁ . ၄
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၉၇ . ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၇၃ . ၈၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၄ . ၇၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈ . ၂၂၆
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၄ . ၁၁
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၁ . ၄၄
ထိုင်း	တစ်ဘတ်	ကျပ်	၄၃ . ၄၀၉

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၅၀၀	၁၀၅၀၀	၄၆	၄၈၃၀၀၀
MTSH	၃၇၅၀	၃၇၅၀	၁၁၅၄၃	၄၃၂၈၆၂၅၀
MCB	၈၂၀၀	၀	၀	၀
FPB	၂၂၀၀၀	၂၂၀၀၀	၅၉	၁၂၉၈၀၀၀
TMH	၂၈၀၀	၂၈၀၀	၁၄	၃၉၂၀၀
EFR	၂၇၅၀	၂၈၀၀	၅၄၃	၁၅၁၇၉၀၀

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကျွန်တော်နဲ့ မြန်မာ့စီးပွားရေး အလားအလာ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးမှာ စီးပွားရေးကပ်ဆိုက်နေတာ ထင်ရှားပါတယ်။ တစ်ဖက်က ကျန်းမာရေးကပ်ရောဂါကြီး ရင်ဆိုင်နေရသလို တစ်ဖက်မှာလည်း စီးပွားရေး အခြေအနေဟာ အလွန်ဆိုးရွားလျက်ရှိတယ်။ အလုပ်လက်မဲ့အရေအတွက်ဟာ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေးကပ်ဆိုးထက် မြင့်မားလျက်ရှိတယ်။ ကိုဗစ်-၁၉ ရဲ့ဒဏ်ကို ကဏ္ဍတစ်ခုတည်း၊ တစ်နိုင်ငံတည်း ခံရတာမဟုတ်ဘဲ ကဏ္ဍတိုင်း၊ နိုင်ငံတိုင်းမှာ အလူးအလဲခံနေရတယ်။

စီးပွားရေးရိုက်ခတ်မှု

အခြေခံ စီးပွားရေးသဘောအရ အစက တရုတ်နိုင်ငံ ဝူဟန်ဒေသကနေစတဲ့ပြဿနာဟာ ရောင်းလိုအားတုန်လှုပ်ချောက်ချားမှု(Supply Shock) စတင်ခဲ့တယ်။ အခုလို ရောင်းလိုအားမှတစ်ဆင့် ဝယ်လိုအား တုန်လှုပ်ချောက်ချားမှု (demand shock)အဖြစ် ကူးပြောင်းခဲ့တာဖြစ်တယ်။ ဒါကြောင့် တစ်ချိန်တစ်ခါမှ မကြုံတွေ့ရဖူးတဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားနှစ်ဖက်က ဖြစ်ပေါ်လာတဲ့အတွက် စီးပွားရေး ရိုက်ခတ်မှုတွေဟာ ပိုမိုကြီးထွားလာခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ အတွင်း ပေါ်ပေါက်လာပြီး တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို မောင်းနှင်ပေးတဲ့ (Globalization) အရှိန်အဟုန်ကို ရပ်တန့်အောင် ဖန်တီးခဲ့တယ်။

နိုင်ငံတိုင်းမှာ အခုလို ဒွန်တွဲနေတဲ့ ပြဿနာကြီးကို ပုံစံအမျိုးမျိုးနဲ့ ဖြေရှင်းနိုင်အောင် ကြိုးစားနေကြရတာ တွေ့ရတယ်။ သေသေချာချာသုံးသပ်ရင် အသက်(Lives) နဲ့ အသက်မွေးမှု(Livelihoods)ကို လွန်ဆွဲနေရတဲ့ ဒုက္ခ ဖြစ်တယ်။ တစ်နည်းပြောရရင် ကျန်းမာရေး ပြဿနာနဲ့ စီးပွားရေးအခက်အခဲ။ ဒီနှစ်ရပ်ကို ရွေးချယ်နေရသလိုဖြစ်တယ်။ အမှန်တော့ အခုလို ဝိရောဓိ ရွေးချယ်မှုမဟုတ်ဘဲ တစ်ဖက်က ကျန်းမာရေး စောင့်ရှောက်မှုကို ဦးစားပေးသလို တစ်ဖက်မှာလည်း စီးပွားရေးအခက်အခဲတွေကို ကျော်လွှန်နိုင်အောင် ကြိုးစားရမှာသာဖြစ်တယ်။ အစားထိုးရမယ့် ကိစ္စနှစ်ရပ် အနေနဲ့ သုံးသပ်လို့ မဖြစ်ပါဘူး။

အမေရိကန်ပြည်ထောင်စုမှာ အခုလို လွန်ဆွဲတဲ့ မေးခွန်းတွေ ထုတ်ခဲ့တာမို့ အခက်အခဲတွေ ရင်ဆိုင်နေရတာကို တွေ့ရပါတယ်။ စီးပွားရေးထိခိုက်မှုကို ကုစားဖို့ လုပ်ငန်းတွေ၊ စားသောက်ဆိုင်တွေ၊ စက်ရုံအလုပ်ရုံတွေကို အမြန်ဆုံးဖွင့်ဖို့ ကြိုးစားခဲ့တယ်။ ပြည်သူတွေအနေနဲ့ မွန်းကျပ်နေကြတာမို့ ပုံမှန်အတိုင်း လှုပ်ရှားနေထိုင်ခဲ့ကြတယ်။ အန္တရာယ်ကို အလေးမထားခဲ့လို့ ကပ်ရောဂါကြီးရဲ့ အရှိန်အဟုန်ဟာ တစ်ဟုန်ထိုး တိုးမြင့်လာခဲ့တယ်။ ဂျာမနီ၊ အီတလီနဲ့ ဥရောပနိုင်ငံတွေမှာတော့ တင်းတင်းကျပ်ကျပ် လုပ်ခဲ့တာမို့ ကပ်ရောဂါကြီးကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်နိုင်ခဲ့တယ်။ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်နိုင်ငံတွေမှာလည်း ပြဿနာကို ကျော်လွှားနိုင်ခဲ့တယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ အခုလို ကျန်းမာရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာ ထိခိုက်မှုတွေရှိရုံမက နိုင်ငံရေး အခင်းအကျင်းမှာလည်း အကျုံးဝင်လာတာကို တွေ့ရတယ်။ အမေရိကန်ပြည်ထောင်စုမှာ နိုဝင်ဘာလမှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးကို ကိုဗစ်-၁၉ ဟာ လွှမ်းမိုးလာခဲ့တာကို တွေ့ရတယ်။ အပြန်အလှန် ဝေဖန်မှုတွေ၊ ပြစ်တင်မှုတွေနဲ့ မဲဆွယ်နေတာ တွေ့ရတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးကို ဖွင့်လိုက်တဲ့ ကာလကစပြီး ကမ္ဘာကြီးနဲ့ ပိုပြီးရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံလာခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုဖိတ်ခေါ်ခဲ့တယ်။ အားပေးလျက်ရှိတယ်။ ဒါကြောင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်ပြီး ဝင်နေတာကို ဝမ်းသာစရာတွေ့ရတာ။ လုံးဝရပ်တန့်သွားခြင်းမရှိဘဲ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဝင်ရောက်ဆဲဖြစ်တယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပုံစံအမျိုးမျိုးနဲ့ ပံ့ပိုးအားပေးလျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် အဆင်ပြေချောမွေ့နိုင်အောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။

တလောက ကျွန်တော့်ကို ရုပ်မြင်သံကြား အစီအစဉ်တစ်ခုက ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး မေးမြန်းခဲ့တယ်။ လက်ရှိအခြေအနေမှာ သတ်မှတ်ထားသလို ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်တွေ ပြည့်မီဖို့အလားအလာကောင်းပါတယ်။ အမှန်တော့ မြန်မာနိုင်ငံဟာ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ မျိုးစုံရှိပါတယ်။ ဒါကြောင့်လည်း ရင်းနှီးလိုတဲ့သူတွေက မျက်စိကျကြတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာကို အများက စိတ်ဝင်စားကြတယ်။ ဒါကြောင့် ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး ကျွန်တော် ရုပ်မြင်သံကြားကတစ်ဆင့် အစီအစဉ်တွေ ဆောင်ရွက်ခဲ့တယ်။ ပထမအစီအစဉ်ကတော့ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းရဲ့ အစီအမံနဲ့ နှစ်ပွဲလုပ်ခဲ့တယ်။ ပထမပွဲမှာတော့ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြတဲ့ ဦးသောင်းတင်နဲ့ ဦးဝေဖြိုးတို့နဲ့ ဒီအစီအစဉ် ဆောင်ရွက်ဖို့ အသင်းချုပ်ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက ကျွန်တော့်ကို ကမ်းလှမ်းခဲ့တယ်။ ဒါကြောင့် လက်ရှိအနေအထားအရ လူတွေ့ပြီးဆောင်ရွက်ဖို့ အခက်အခဲရှိတာမို့ Zoom နည်းပညာနဲ့ လုပ်ခဲ့တယ်။ အစီအစဉ်တစ်ခုလုံးရဲ့ ခေါင်းစဉ်ကို ကိုဗစ်-၁၉ ကာလနဲ့ ကိုက်ညီအောင် (New Beginnings Through Renewed Partner-ships)အဖြစ် ပေးခဲ့တယ်။ အဓိပ္ပာယ်က ကိုဗစ်-၁၉ အလွန်ကာလကို ခြေလှမ်းအသစ်များအဖြစ် စဉ်းစားဖို့ လိုအပ်ပါတယ်။

> **“ကိုဗစ်-၁၉ ကြောင့် ပုံမှန်အခြေအနေဆိုတာ မရှိနိုင်တော့တာကို လက်ခံရမှာဖြစ်တယ်။ ‘အရင်အတိုင်း’ ဆိုတဲ့အခြေအနေမရှိတော့ဘူးဆိုတာကို လက်ခံဖို့ လိုအပ်တယ်။ ကျွန်တော့်စိတ်ထဲမှာ အများက လက်မခံကြသေးဘူးလို့ ခံစားမိတယ်။ ‘အရင်လို-အရင်အတိုင်း’ ကို တမ်းတနေကြတယ်။ မျှော်လင့်နေကြတယ်။ ပုံမှန်ဆိုတာ မရှိနိုင်တော့ဘဲ ပုံမှန်အသစ်ကို လက်ခံရမှာဖြစ်”**

ပုံမှန် အသစ်

အခုကာလမှာ အသုံးများတဲ့(New Normal) ပုံမှန်အသစ်။ အမှန်တော့ ကိုဗစ်-၁၉ ကြောင့် ပုံမှန်အခြေအနေဆိုတာ မရှိနိုင်တော့တာကို လက်ခံရမှာဖြစ်တယ်။ "အရင်အတိုင်း"ဆိုတဲ့အခြေအနေ မရှိတော့ဘူးဆိုတာကို လက်ခံဖို့ လိုအပ်တယ်။ ကျွန်တော့်စိတ်ထဲမှာ အများက လက်မခံကြသေးဘူးလို့ ခံစားမိတယ်။ "အရင်လို – အရင်အတိုင်း"ကို တမ်းတနေကြတယ်။ မျှော်လင့်နေကြတယ်။ ပုံမှန်ဆိုတာ မရှိနိုင်တော့ဘဲ ပုံမှန်အသစ်ကို လက်ခံရမှာဖြစ်တယ်။ အရင်လို ရုံးတွေပြန်တက်လို့ မရတော့ဘူး။ အစည်းအဝေးတွေ အရင်လိုလုပ်လို့ မရတော့ဘူး။ အရင်လို သင်တန်းတွေဖွင့်လို့ မရတော့ဘူး။ ပုံစံအသစ်နဲ့ လှုပ်ရှားရမှာ၊ ဆောင်ရွက်ရမှာ။ အခုလိုလုပ်တာကို မလုပ်ချင်ကြဘူး။ အကျင့်ပါနေသလိုပဲ လှုပ်ရှားချင်ကြတယ်။ ဒါက သဘာဝမကျဘူး။ မဖြစ်နိုင်တော့ဘူးဆိုတာကို လက်ခံနိုင်ဖို့ လိုအပ်တယ်။ အခြေအနေတွေ ကောင်းပြီဆိုပြီး နှာခေါင်းစည်းတွေ မတပ်ကြတော့ဘူး။ လူစုလူဝေးတွေ လုပ်ချင်ကြတယ်။ စားသောက်ဆိုင်တွေမှာလည်း လူအပြည့်၊ လမ်းတွေပေါ်မှာလည်း အရင်လို ကားတွေကျပ်နေတာ။ ခပ်ခွာခွာနေဖို့ ကြော်ငြာဘုတ်တွေ ထောင်ထားပေမယ့် လက်တွေ့မှာ မလုပ်ကြဘူး။ လက်ဆေးဖို့ တိုက်တွန်းနေပေမယ့် မလုပ်ကြတော့ဘူး။ တာဝန်ရှိသူတွေက အစဉ် သတိပေးနေပေမယ့် ဂရုမစိုက်ကြတော့ဘူး။ ဒါကြောင့် အသစ်ကစဖို့ လိုအပ်ကြောင်း ဆွေးနွေးဖို့ စီစဉ်ခဲ့တာ။

နိုင်ငံတော်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍ

တစ်ဖက်မှာလည်း နိုင်ငံတော်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍ နှစ်ခုအကြား ပိုမိုရှင်သန်တဲ့ ပူးပေါင်းဆောင်ရွက်မှု လိုအပ်မှာဖြစ်တယ်။ အမှန်တော့ ဒီကဏ္ဍနှစ်ခုဟာ နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံအတွက် ပဓာနကျတာဖြစ်တယ်။ ကဏ္ဍနှစ်ခုနားလည်ဖို့ လိုအပ်တယ်။ အသိအမှတ်ပြုရမယ်။ နိုင်ငံရေးဘောဂဗေဒအမြင် ရှိရမယ်။ ကဏ္ဍနှစ်ခု အကြား၊ ယုံကြည်မှုတွေ တည်ဆောက်ရမယ်။ ခိုင်မြဲအောင် စီစဉ်ရမယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး ယနေ့အချိန်အထိ ကဏ္ဍနှစ်ခုရဲ့ ဆက်သွယ်မှု ဆက်စပ်မှုတွေကို ပုံစံအမျိုးမျိုးနဲ့ ဖော်ထုတ်ခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး စီးပွားရေးပုံစံအခြေခံအဆောက်အအုံအမျိုးမျိုးကို စမ်းသပ်ပြီး ကြိုးစားခဲ့ကြတယ်။ ဒီနေရာမှာ အတိတ်ရဲ့ ထမင်းလုံးတစ္ဆေအခြောက်ခံခဲ့ရတယ်။ ကိုလိုနီခေတ်ကာလမှာ ကိုလိုနီအုပ်ချုပ်မှုအောက် နိုင်ငံခြားအရင်းရှင်တွေရဲ့ လွှမ်းမိုးမှုတွေ ခံခဲ့ရတယ်။

ဒါကြောင့်လည်း လွတ်လပ်ရေးကြိုးပမ်းမှုတွေနဲ့ အတူ အရင်းရှင်စနစ်ဆန့်ကျင်ရေးဝါဒက လွှမ်းမိုးခဲ့တယ်။ အရင်းရှင်စီးပွားရေးစနစ်ကို ကိုလိုနီနိုင်ငံရေးစနစ်နဲ့တွဲပြီး သုံးသပ်ခဲ့တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ ပုဂ္ဂလိကကဏ္ဍကို မေးမှိန်အောင်လုပ်ခဲ့တယ်။ ပြည်သူပိုင်သိမ်းခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍရဲ့နေရာမှာ သမဝါယမစနစ်ကို ဒုတိယမဏ္ဍိုင်အနေနဲ့ ထူထောင်ခဲ့တယ်။ အရင်းရှင်စနစ်ကို ဆန့်ကျင်ခဲ့တယ်။ ၁၉၈၈ နောက်ပိုင်းမှာ နိုင်ငံရဲ့ စီးပွားရေးစနစ်ကို ဖွင့်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ထုတ်ခဲ့တယ်။ ဒါပေမယ့် ဒီဈေးကွက်စီးပွားရေးစနစ်ဟာ အရင်းရှင်စီးပွားရေးအပေါ် ရပ်တည်နေတာကို အသိအမှတ်မပြုခဲ့ဘူး။ ဒါကြောင့်လည်း အရင်းရှင်ဆိုတဲ့ အသုံးအနှုန်းကို မကြားရတော့ဘူး။ အမှန်တော့ တစ်ကမ္ဘာလုံးမှာလည်း အခုလို နိုင်ငံရေး ဘောဂဗေဒ အတွေးအခေါ် တွေဟာ ပြောင်းလဲခဲ့တယ်။ ဝေါဟာရ အသုံးအနှုန်းဟာ အရေးမကြီးတော့ဘဲ လက်တွေ့မှာ အဆင်ပြေဖို့ အရေးကြီးတာကိုပဲ စဉ်းစားလာကြတယ်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ နိုင်ငံရေးဘောဂဗေဒ အတွေးအခေါ်နဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ လျော့ပါးလာခဲ့တယ်။

ဆွေးနွေးပွဲအစီအစဉ်များ

ကျွန်တော်တို့ရဲ့ ပထမအစီအစဉ်မှာ အသင်းချုပ်က တာဝန်ယူနေတဲ့ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌ နှစ်ဦးက သူတို့ရဲ့ အမြင် အယူအဆတွေကို မျှဝေပေးခဲ့တယ်။ အသင်းချုပ်မှာ တာဝန်ယူရုံမက ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေကိုလည်း ဦးစီးနေကြသူတွေဖြစ်တာမို့ သူတို့ရဲ့ ဆွေးနွေးမှုတွေဟာ အလွန်စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ပုဂ္ဂလိကကဏ္ဍကို တစ်ထောင့်တစ်နေရာက တာဝန်ယူနေသူတွေ အနေနဲ့ အခုလို အမြင်ကျယ်ကျယ်နဲ့ သုံးသပ်ခဲ့တာ တွေ့ရတဲ့အတွက် အလွန် ကျေနပ်အားရ မိပါတယ်။

ဒုတိယအကြိမ်မှာတော့ နေပြည်တော် ဒုတိယမြို့တော်ဝန်နဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဦးရဲမင်းဦးနဲ့ ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဦးရဲမင်းဦးဟာ ကိုဗစ်-၁၉ ကပ်ရောဂါကြီးနဲ့ပတ်သက်ပြီး နိုင်ငံတော်ရဲ့စီးပွားရေးတုံ့ပြန်မှု အစီအစဉ်မှာ တာဝန်ယူထားသူမို့ နိုင်ငံတော်ကချမှတ်ထားတဲ့ ပေါ်လစီ မူဝါဒတွေ၊ လက်တွေ့ဆောင်ရွက်မှုတွေကို အသေးစိတ်သိခွင့်ရခဲ့တယ်။ စီးပွားရေးနာလန်ထူဖို့ ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်နေတာကို သိခွင့်ရခဲ့တယ်။ ငွေကြေးဆိုင်ရာ ဆောင်ရွက်ချက်တွေ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်မှုတွေကို အသေးစိတ် တင်ပြပေးခဲ့ပါတယ်။

ကျွန်တော်က B2B စီးပွားရေးစကားဝိုင်းမှာ ဒေါက်တာ သက်သက်ခိုင်၊ ဦးဝေဖြိုး၊ ဦးဇေယျာသူ သုံးဦးနဲ့ ဆွေးနွေးခဲ့ပါတယ်။ သူတို့သုံးဦးဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ မီဒီယာကဏ္ဍတွေမှာ ထင်ထင်ရှားရှား လှုပ်ရှားနေကြသူများ ဖြစ်တာမို့ သူတို့ရဲ့သုံးသပ်ချက်တွေဟာ အလွန်စိတ်ဝင်စားစရာကောင်းသလို တန်ဖိုးရှိလှ ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာနဲ့ ပတ်သက်လာရင် လူတွေမှာ ကိုယ်စီကိုယ်င အမြင်တွေ၊ အတွေးတွေ၊ သုံးသပ်ချက်တွေ တူညီကြမှာ မဟုတ်ကြပါဘူး။ ကိုယ်ရင်းနှီးတဲ့၊ အကျွမ်းတဝင်ရှိတဲ့ ရှုထောင့်ကနေ သုံးသပ်ကြမှာဖြစ်တယ်။ တစ်ဖက်တည်းကြည့်တာ မဟုတ်ဘဲ ဘက်စုံ ထောင့်စုံက သုံးသပ်ရမှာဖြစ်တယ်။

ကျွန်တော့်အနေနဲ့ ခြုံငုံသုံးသပ်တဲ့အခါ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုတွေရှိတာ သေချာပါတယ်။ လုပ်ငန်းတွေ ပိတ်ခဲ့ရတယ်။ အလုပ်လက်မဲ့တွေ တိုးလာခဲ့တယ်။ စားသုံးသူများရဲ့ ဝယ်လိုအားလျော့လာသလို နိုင်ငံတကာစီးပွားရေးဆက်ဆံမှုတွေဟာ နှေးကွေးခဲ့တယ်။ ခရီးသွားကဏ္ဍ၊ စားသောက်ဆိုင်၊ ဟိုတယ်လုပ်ငန်းတွေ ရပ်ဆိုင်းခံရတယ်။

အခွင့်အရေးနဲ့ အခွင့်အလမ်း

ဒါပေမယ့် အခုလို အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို အခွင့်အရေး၊ အခွင့်အလမ်းအနေနဲ့ မြင်ဖို့ လိုအပ်တယ်။ အခက်အခဲရှိတာမှန်သလို အခွင့်အရေးဆိုတာ မြင်တတ်ရင်၊ ယူတတ်ရင် ရစမြဲဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အများစုက လူငယ်တွေဖြစ်ကြတယ်။ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ရင်းနှီးကြတယ်။ ဒါကြောင့် အခုလို အခက်အခဲတွေ ကြုံတွေ့နေရချိန်မှာ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ဖော်ထုတ်ဖို့လိုတယ်။ လုပ်နေတာကိုလည်း ဝမ်းသာစရာ မြင်တွေ့ရတယ်။ တစ်ဖက်က အစိုးရအဖွဲ့အစည်းတွေမှာ ဒစ်ဂျစ်တယ်စနစ်ကို ဖော်ဆောင်ဖို့ ကြိုးစားခဲ့တာ အချိန် အတော်ကြာမြင့်ခဲ့တယ်။ အခုလို ကိုဗစ်-၁၉ လေးလအတွင်း ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ချက်ချင်းဖော်ထုတ်နိုင်ခဲ့တယ်။

အွန်လိုင်းစီးပွားရေးစနစ်ကို လူတိုင်းကျင့်သုံးနေကြတာ တွေ့ရတယ်။ ကြီးထွားမှုနှုန်း အဆမတန်ကြီးထွားခဲ့တယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေ ယာယီ ပိတ်ထားရပေမယ့် အွန်လိုင်းကတစ်ဆင့် ပညာရေးဝန်ဆောင်မှုတွေ ဖော်ထုတ်လျက်ရှိတာ မြင်ရတယ်။ ဒီထက် တိုးတက်အောင်လုပ်ဖို့ ဆန္ဒရှိနေတာကိုလည်း တွေ့ရတယ်။

ဒါကြောင့် ပုဂ္ဂလိကကဏ္ဍရဲ့ စွန့်ဦးတီထွင်မှုတွေကို အားပေးကြရမှာဖြစ်တယ်။ လွှတ်ပေးဖို့ လိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံကို လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်ကျော်က အရှေ့တောင်အာရှဒေသမှာ စီးပွားရေးအရ အလားအလာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့သတ်မှတ်ခဲ့တယ်။ ဒီမျှော်မှန်းချက်အတိုင်းဖြစ်အောင် ဆောင်ရွက်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ။

ပုလောမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ရုံးအဆောက်အအုံသစ်ဖွင့်

ပုလော ဩဂုတ် ၂

ပုလောမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်နောက်ဆုံးအပတ်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရုံးအဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်လှိုင်၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်နု၊ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရုံးအဆောက်အအုံသစ်မှာ အာရ်စီနှစ်ထပ်ဖြစ်ပြီး ခွင့်ပြုငွေကျပ် ၇၁ ဒသမ ၀၈၉ သန်း ဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာက စတင်တည်ဆောက်ခဲ့ရာ ဇူလိုင်လအတွင်း တည်ဆောက်ပြီးစီးခဲ့သည်။

စိုးမိုးဝင်း

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

(ခ) ပူးတွဲပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်တစ်ခု၏ ပိုင်ရှင်များ၏ အကျိုးစီးပွားများကို သေချာစွာ မဆုံးဖြတ်နိုင်လျှင် ယင်းရရန်ပိုင်ခွင့်၏ ပိုင်ရှင်များသည် ရရန်ပိုင်ခွင့်တွင် တူညီသည့် အကျိုးစီးပွား တစ်ရပ်စီရှိကြသည်ဟု မှတ်ယူရမည်။

ရရန်ပိုင်ခွင့်တစ်ခုကို ရယူခြင်း

၇၇။ (က) ရရန်ပိုင်ခွင့်တစ်ခုအား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့် (legal title) ကို ပုဂ္ဂိုလ်တစ်ဦး ထံ လွှဲပြောင်းပေးလျှင် ယင်းပုဂ္ဂိုလ်သည် ထိုရရန်ပိုင်ခွင့်ကို ရယူခြင်းဖြစ်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ(ဃ) တို့နှင့် မဆန့်ကျင်စေဘဲ ရရန်ပိုင်ခွင့်တစ်ခုအား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ကို ပုဂ္ဂိုလ်တစ်ဦးသို့ လွှဲပြောင်းပေးသည့်အချိန်တွင် ယင်းပုဂ္ဂိုလ်သည် ထိုရရန်ပိုင်ခွင့်ကို ရယူခြင်း ဖြစ်သည်။

(ဂ) အခွင့်အရေးတစ်ရပ်ဖြစ်သည့် သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ပိုင်ခွင့်ဖြစ်သည့် ရရန်ပိုင်ခွင့်တစ်ခုကို ပုဂ္ဂိုလ်တစ်ဦးထံ ခွင့်ပြုပေးသည့်အချိန်တွင် ယင်းပုဂ္ဂိုလ်သည် ယင်းအခွင့်အရေး သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ယင်းသို့ရောင်းဝယ်ပိုင်ခွင့်ကို ရယူခြင်း ဖြစ်သည်။

(ဃ) ပုဂ္ဂလိကရရန်ပိုင်ခွင့်တစ်ခုကို ယင်း၏ ပိုင်ရှင်ဖြစ်သူက လုပ်ငန်းတွင် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ယင်းရရန်ပိုင်ခွင့်အား ယင်းလုပ်ငန်းတွင် ပထမဆုံး စတင်အသုံးပြုသည့်အချိန်တွင် ပိုင်ရှင်ဖြစ်သူက ယင်းရရန်ပိုင်ခွင့်ကို ရယူသည်ဟု မှတ်ယူရမည်။

ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်း

၇၈။ (က) ပုဂ္ဂိုလ်တစ်ဦးသည် ရရန်ပိုင်ခွင့်တစ်ခုကို ရောင်းချခြင်း၊ ဖလှယ်ခြင်း၊ သို့မဟုတ် ရရန် ပိုင်ခွင့်အား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ကို အခြားနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်အချိန်တွင် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းဖြစ်ပြီး ယင်းစကားရပ်တွင် ရရန် ပိုင်ခွင့်ကို ပယ်ဖျက်ခြင်း၊ ပြန်လည်ရွေးယူခြင်း၊ ရုပ်သိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဆုံးရှုံးခြင်း၊ စွန့်လွှတ်ခြင်း သို့မဟုတ် ယင်းရရန်ပိုင်ခွင့် သက်တမ်းကုန်ဆုံးခြင်းလည်း ပါဝင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် ယခင်က တည်ရှိခဲ့ခြင်းမရှိသည့် ရရန်ပိုင်ခွင့်တစ်ခုကို အခြား ပုဂ္ဂိုလ်တစ်ဦးထံတွင် ပေါ်ပေါက်စေရန် ဖန်တီးခဲ့လျှင် ယင်းသို့ဖန်တီးသည့်အချိန်တွင် ပထမ ပုဂ္ဂိုလ်သည် ယင်းရရန်ပိုင်ခွင့်ကို ဒုတိယပုဂ္ဂိုလ်သို့ ထုခွဲရောင်းချသည်ဟု မှတ်ယူရမည်။

(ဂ) ရရန်ပိုင်ခွင့်တစ်ခုကို ဆက်ခံခြင်းအရဖြစ်စေ၊ သေတမ်းစာအရဖြစ်စေ လွှဲပြောင်းပေးလျှင် ယင်းရရန်ပိုင်ခွင့်အား လွှဲပြောင်းသည့်အချိန်တွင် ကွယ်လွန်သူသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခဲ့သည်ဟု မှတ်ယူရမည်။

(ဃ) ထုခွဲရောင်းချခြင်းတွင် ရရန်ပိုင်ခွင့်တစ်ခု၏ အစိတ်အပိုင်းတစ်ခုကို ထုခွဲရောင်းချခြင်းလည်း ပါဝင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦး (“ပိုင်ရှင်”ဟု ရည်ညွှန်းမည်) ၏ ရရန်ပိုင်ခွင့်တစ်ခုကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၊ ပစ္စည်းထိန်း သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးထံတွင် အပ်နှင်းခြင်းကို ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ယင်းရရန်ပိုင်ခွင့်အား ထုခွဲရောင်းချခြင်းဟု မယူဆဘဲ ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ပစ္စည်းထိန်း သို့မဟုတ် စီမံခန့်ခွဲသူ၏ လုပ်ဆောင်ချက်များကို ပိုင်ရှင်က လုပ်ဆောင်သကဲ့သို့ မှတ်ယူရမည်။

(စ) လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုကို ယင်းရရန်ပိုင်ခွင့်၏ ပိုင်ရှင်ဖြစ်သူက ကိုယ်ရေး ကိုယ်တာအတွက် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ယင်းရရန်ပိုင်ခွင့်အား ကိုယ်ရေးကိုယ်တာအတွက် ပထမဆုံးစတင်အသုံးပြုချိန်တွင် ပိုင်ရှင်ဖြစ်သူက ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည်ဟု မှတ်ယူရမည်။

(ဆ) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် ပြုလုပ်သည့် ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက် တစ်ရပ်သည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုဖြစ်လျှင် ယင်းဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်နှင့် ယင်းဆောင်ရွက်ချက်တည်ရှိသည့် မြေတို့ကို သီးခြားစီဖြစ်သည့် ရရန်ပိုင်ခွင့်များဟု မှတ်ယူရမည်။

ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်

၇၉။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ ဒြပ်မဲ့ ရရန်ပိုင်ခွင့်မဟုတ်သည့် ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် အောက်ပါငွေကြေး ပမာဏများ၏ စုစုပေါင်းဖြစ်သည် –

(၁) ယင်းပုဂ္ဂိုလ်က ရရန်ပိုင်ခွင့်တစ်ခုအတွက်ပေးသည့် စုစုပေါင်းအဖိုးစားနား၊ ယင်းတွင် ယင်းရရန်ပိုင်ခွင့်ကို ရယူချိန်၌ ဆုံးဖြတ်သောပစ္စည်းဖြင့် ပေးချေသည့် မည်သည့် အဖိုးစားနားမဆို၏ ပြင်ပဈေးကွက်ပေါက်ဈေးလည်း အကျုံးဝင်သည့်အပြင် ယင်းရရန်ပိုင်ခွင့်ကို တည်ဆောက်ထားခြင်း၊ ထုတ်လုပ်ထားခြင်း၊ သို့မဟုတ် ပြုစုဖော်ထုတ်ထားခြင်းဖြစ်ပါက ယင်းသို့ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပြုစုဖော်ထုတ်ခြင်းအတွက် ကုန်ကျစရိတ်လည်း ပါဝင်သည်၊

(၂) ယင်းရရန်ပိုင်ခွင့်ကို ရယူခြင်းနှင့် ထုခွဲရောင်းချခြင်းတို့အတွက် ယင်းပုဂ္ဂိုလ်က ကျခံသည့် အခါအားလျော်စွာ ပေါ်ပေါက်သည့် မည်သည့် အသုံးစရိတ်မဆို၊

(၃) ယင်းရရန်ပိုင်ခွင့်ကို တပ်ဆင်ရန်၊ ပြောင်းလဲရန်၊ ပြန်လည်သစ်လွင်စေရန်၊ ပြန်လည်တည်ဆောက်ရန်၊ သို့မဟုတ် တိုးတက်ကောင်းမွန်ရန် ထိုပုဂ္ဂိုလ်က ကျခံသည့် မည်သည့် ကုန်ကျစရိတ်မဆို၊

(၄) တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်မဟုတ်သော ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက် သို့မဟုတ် ကာလရှည်ငှားရမ်းမှုအတွက် ယင်းသို့ငှားရမ်းရယူရန် သို့မဟုတ် ယင်းငှားရမ်းမှုနှင့် စပ်လျဉ်းသည့် မြေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ရယူသည့် ချေးငွေအပေါ် အတိုး၊ ပစ္စည်းခွန်၊ မြေခွန်များနှင့် ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှု ကုန်ကျစရိတ်များနှင့် အာမခံကြေး။

(ခ) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် အောက်ပါ ကုန်ကျစရိတ်များ ဖြစ်သည် –

(၁) ဒြပ်မဲ့ရရန်ပိုင်ခွင့်သည် ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၂)၊ ပုဒ်မခွဲငယ်စိတ် (ဃဃ) နှင့် ပုဒ်မခွဲငယ်စိတ် (ငင) တို့တွင် ဖော်ပြထားသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်ဖြစ်လျှင် အသုံးစရိတ်ပမာဏ၊

(၂) ကျန်ကိစ္စရပ်အားလုံးတွင် ဒြပ်မဲ့ရရန်ပိုင်ခွင့်ကို ရယူရန်၊ ဖန်တီးရန်၊ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့်ပြန်လည်သစ်လွင်စေရန် လုပ်ဆောင်ရာ ၌ ယင်းပုဂ္ဂိုလ်က ကျခံသည့် စုစုပေါင်းအသုံးစရိတ်နှင့် ယင်းဒြပ်မဲ့ရရန်ပိုင်ခွင့်ကို ရယူခြင်းနှင့် ထုခွဲရောင်းချခြင်းပြုလုပ်ရာ၌ အခါအားလျော်စွာ ပေါ်ပေါက်သည့် အသုံးစရိတ်။

(ဂ) ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်တွင် ဤဥပဒေအရ နုတ်ပယ်ခွင့်ပြုသည့် ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ကျခံခဲ့ရသော မည်သည့်အသုံးစရိတ်မျှ ပါဝင်ခြင်း မရှိစေရ။

(ဃ) ပုဂ္ဂိုလ်တစ်ဦး၏ ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်တွင် ယင်းပုဂ္ဂိုလ်က ယင်းရရန်ပိုင်ခွင့်ကို ရယူရန် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ပိုင်ခွင့်တစ်ခုကို ခွင့်ပြုပေးစေရန် ပေးခဲ့ရသည့် မည်သည့်အဖိုးစားနားမဆို ပါဝင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးက ဆောင်ရွက်ချက်တစ်ခုတည်းဖြင့် ရရန်ပိုင်ခွင့်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမို၍ ရယူထားပြီး ရရန်ပိုင်ခွင့်တစ်ခုစီ၏ ကုန်ကျစရိတ်ကို သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် ထုခွဲရောင်းချလိုက်သည့် ယင်းရရန်ပိုင်ခွင့်များကို ရယူစဉ်အချိန်က သတ်မှတ်ခဲ့သည့် သက်ဆိုင်ရာ ပြင်ပဈေးကွက်ပေါက်ဈေးများအလိုက် စုစုပေါင်း ကုန်ကျစရိတ်အနက်မှ ရရန်ပိုင်ခွင့်တစ်ခုစီအတွက် အချိုးကျခွဲဝေသတ်မှတ်ရမည်။

(စ) ပုဂ္ဂိုလ်တစ်ဦး၏ ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် ယင်းပုဂ္ဂိုလ်၏ ဘဏ္ဍာရေးစာရင်းများတွင် ပြုလုပ်ထားသည့် ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ တန်ဖိုးကျခြင်း (impairment write down) ကြောင့် လျော့နည်းသွားခြင်း မရှိစေရ။

(ဆ) ပုဂ္ဂိုလ်တစ်ဦးသည် ရရန်ပိုင်ခွင့်တစ်ခု၏ အစိတ်အပိုင်းတစ်ခုကို ထုခွဲ ရောင်းချလျှင် ယင်းသို့ ထုခွဲရောင်းချသည့် ရရန်ပိုင်ခွင့်၏ အစိတ်အပိုင်းနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်ကို အောက်ပါ ပုံသေနည်းအတိုင်း တွက်ချက်နိုင်သည် –

$$A \times \frac{B}{B+C}$$

ယင်းတွင် –

A သည် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်၊

B သည် ထုခွဲရောင်းချသည့် ရရန်ပိုင်ခွင့် အစိတ်အပိုင်းအတွက် အဖိုးစားနားနှင့်

C သည် ထုခွဲရောင်းချချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏ ကျန်ရှိသည့် အစိတ်အပိုင်း၏ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်။

(ဇ) ပုဒ်မခွဲ (ဆ) ကို ကျင့်သုံးသည့်အခါ –

(၁) ရရန်ပိုင်ခွင့်၏ ကျန်ရှိသည့် အစိတ်အပိုင်းကို သီးခြားရရန်ပိုင်ခွင့် တစ်ရပ်အဖြစ် မှတ်ယူရမည်၊
ထို့ပြင်

(၂) ရရန်ပိုင်ခွင့်၏ ကျန်ရှိသည့် အစိတ်အပိုင်း၏ ကုန်ကျစရိတ်သည် ခွဲဝေလိုက်သည့် ရရန်ပိုင်ခွင့်၏ ထုခွဲရောင်းချခဲ့သည့် အစိတ်အပိုင်းအတွက် ကုန်ကျစရိတ်ကို ပုဒ်မခွဲ (ဆ) အရ တွက်ချက်ပြီးနောက် ကျန်ရှိသည့် ကုန်ကျစရိတ် ဖြစ်သည်။

(ဈ) ပုဂ္ဂိုလ်တစ်ဦး၏ ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်တွင် ယင်းရရန်ပိုင်ခွင့်ကို ရယူခြင်းနှင့် စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်သည့် ငွေကြေး ပမာဏအတိုင်းအတာအထိမှအပ ယင်းပုဂ္ဂိုလ်ကို ပေးအပ်သည့် မည်သည့် ထောက်ပံ့ငွေ၊ လျှော့ပေါ့သက်သာပေးသည့်ငွေ (subsidy)၊ ပြန်အမ်းငွေ (rebate)၊ သို့မဟုတ် အခြားဘဏ္ဍာငွေဆိုင်ရာ အကူအညီမျှ ပါဝင်ခြင်း မရှိစေရ။

(ည) ပုဂ္ဂိုလ်တစ်ဦးသည် ရရန်ပိုင်ခွင့် တစ်ခုကို ရယူခြင်းဖြင့် –

(၁) ယင်းပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် ငွေကြေးပမာဏတစ်ရပ်ကို ရရှိလာစေလျှင် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်သည် ယင်းသို့ ပါဝင်သည့် ငွေကြေးပမာဏအပြင် ယင်းပုဂ္ဂိုလ်က ထိုရရန်ပိုင်ခွင့်အတွက် ပေးချေခဲ့သည့် မည်သည့်ငွေကြေးပမာဏမဆို ပါဝင်သည်၊
သို့မဟုတ်

(၂) ယင်းပုဂ္ဂိုလ်က ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေကို ရရှိစေလျှင် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်သည် ယင်းကင်းလွတ်ခွင့်ပြုထားသည့် ငွေကြေး ပမာဏအပြင် ယင်းပုဂ္ဂိုလ်က ထိုရရန်ပိုင်ခွင့်အတွက် ပေးချေခဲ့သည့် မည်သည့် ငွေကြေးပမာဏမဆို ပါဝင်သည်။

(ဋ) ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသည့် ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် ယင်းရရန်ပိုင်ခွင့်ကို ရယူချိန်တွင်ရှိသည့် ယင်းရရန်ပိုင်ခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်။

(ဌ) ဤပုဒ်မတွင် ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် တစ်ခုနှင့် စပ်လျဉ်း၍ **“တန်ဖိုးကျခြင်း** (impairment write down)” ဆိုသည်မှာ ယင်းရရန်ပိုင်ခွင့်၏ ပြင်ပ ဈေးကွက်ပေါက်ဈေးသည် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ထက် လျော့နည်းသောကြောင့် ယင်းပုဂ္ဂိုလ်၏ ဘဏ္ဍာရေးစာရင်းများတွင် ယင်းရရန်ပိုင်ခွင့်၏ တန်ဖိုးအား လျှော့ချသတ်မှတ်ခြင်းကို ဆိုသည်။

စာရင်းအရလက်ကျန်တန်ဖိုး

၈၀။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ ရရန်ပိုင်ခွင့်တစ်ခု၏ စာရင်းအရ လက်ကျန်တန်ဖိုးသည် –

(၁) တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ ရရန်ပိုင်ခွင့် တစ်ခုအတွက်ဆိုလျှင် ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ခွင့်ပြုသည့် သို့မဟုတ် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) ကို ကျင့်သုံးခြင်းမပြုပါက ခွင့်ပြုခဲ့မည်ဖြစ်သည့် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်မှုများ (ရှိပါက) ကို နုတ်ထားသည့် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်၊

(၂) တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်မဟုတ်သည့် ကာလရှည် ငှားရမ်းမှုတစ်ခုအတွက်ဆိုလျှင် ယင်းငှားရမ်းမှုသည် စည်းကြပ်ထိုက်သောဝင်ငွေ ရရှိရန် အတွက်သာ အသုံးပြုသည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့် တစ်ခုဖြစ်ခဲ့လျှင် ခွင့်ပြုခဲ့မည်ဖြစ်သည့် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်မှုများကို နုတ်ထားသည့် ယင်းငှားရမ်းမှု၏ ကုန်ကျစရိတ်၊

(၃) အခြားရရန်ပိုင်ခွင့် မှန်သမျှအတွက်ဆိုလျှင် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ် ဖြစ်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ရရန်ပိုင်ခွင့် တစ်ရပ်အပေါ် ပုဒ်မ ၇၉၊ ပုဒ်မခွဲ (ဆ) ကို ကျင့်သုံးလျှင် –

(၁) ယင်းရရန်ပိုင်ခွင့်၏ ထုခွဲရောင်းချသည့် အစိတ်အပိုင်း၏ စာရင်းအရ လက်ကျန်တန်ဖိုးသည် ပုဒ်မ ၇၉၊ ပုဒ်မခွဲ (ဆ) အရ ယင်းရရန်ပိုင်ခွင့်၏ ထိုအစိတ်အပိုင်း အတွက် ခွဲဝေလိုက်သည့် ကုန်ကျစရိတ်မှ ထိုအစိတ်အပိုင်းအတွက် ခွဲဝေလိုက်သည့် ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ ခွင့်ပြုသည့် သို့မဟုတ် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(င) ကို ကျင့်သုံးခြင်း မပြုလျှင် ခွင့်ပြုခဲ့မည်ဖြစ်သည့် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်မှုများ(ရှိပါက)ကို နုတ်ထားသည့် ငွေကြေး ပမာဏဖြစ်သည်၊ ထို့ပြင်

(၂) ရရန်ပိုင်ခွင့်၏ ကျန်ရှိသော အစိတ်အပိုင်း၏ စာရင်းအရ လက်ကျန်တန်ဖိုးသည် ပုဒ်မ ၇၉ ပုဒ်မခွဲ (ဆ) အရ ယင်းရရန်ပိုင်ခွင့်၏ ထိုအစိတ်အပိုင်းအတွက် ခွဲဝေလိုက်သည့် ကုန်ကျစရိတ်မှ ထိုအစိတ်အပိုင်းအတွက် ခွဲဝေလိုက်သည့် ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ ခွင့်ပြုသည့် သို့မဟုတ် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) ကို ကျင့်သုံးခြင်း မပြုလျှင် ခွင့်ပြုခဲ့မည်ဖြစ်သည့် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်မှုများ (ရှိပါက) ကို နုတ်ထားသည့် ငွေကြေးပမာဏ ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဖလမ်း(ဆူရ်ဘုန်)လေယာဉ်ကွင်းစီမံကိန်း ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ဖလမ်း ဩဂုတ် ၂

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိပြီး မကြာမီ လပိုင်းအတွင်း ပြီးစီးတော့မည်ဖြစ်သော ဖလမ်း(ဆူရ်ဘုန်)လေယာဉ်ကွင်း စီမံကိန်းကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက် ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် လေယာဉ်ကွင်းမြောက်ဘက်ရှိ တောင်ဖြိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီးနောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ လေယာဉ်ကွင်း Fly Check ဆောင်ရွက်ရာတွင် လေယာဉ်မှူး၏ အကြံပြုချက်နှင့်ပတ်သက်ပြီး လုပ်ဆောင်ရမည့် အခြေအနေများကို လည်းကောင်း လေယာဉ်ကွင်းရှင်းလင်းဆောင်၌ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဖလမ်း(ဆူရ်ဘုန်) လေယာဉ်ကွင်း Fly Check ကို ဇွန်လ ၂၅ မှ ၂၇ ရက်အထိ ပြုလုပ်ခဲ့ပြီးဖြစ်ကာ လေယာဉ်မှူး၏ အကြံပြုချက်အရ လေယာဉ်မှူးများ ပိုမို အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ရန်အတွက် လေယာဉ်ကွင်း၏ မြောက်ဘက် Runway(18) ဘယ်ညာ တောင်ကုန်းကို ပိုင်းဖြတ်ခြင်း၊ နိမ့်ချခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လေယာဉ်ကွင်း တည်ဆောက်မှုလုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်၍ လာမည့် အောက်တိုဘာလတွင် Test Landing ပြုလုပ်နိုင်ရန်နှင့် လေယာဉ်ကွင်းဖွင့်ပွဲများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျွန်းစုမြို့နယ် သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီသို့ ဖိုင်ဘာစက်လှေငယ်တစ်စီး ထောက်ပံ့ပေးအပ်

ကျွန်းစု ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကူညီကယ်ဆယ်ရေးတွင် အသုံးပြုရန်အတွက် ကျွန်းစုမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီသို့ မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဟွန်ဒါ ၁၃ ကောင်စက်ပါ ဖိုင်ဘာစက်လှေငယ်တစ်စင်းကို ဇူလိုင် ၃၁ ရက်က ထောက်ပံ့ပေးအပ်သည်။

ကျွန်းစုမြို့နယ်၌ သဘာဝဘေးကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကရုဏာ နာရေးကူညီမှုအသင်း၏ အရေးပေါ်ကျန်းမာရေးကူညီမှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် စက်လှေကို မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်မြင့်က ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျွန်းစုမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေးနှင့် ကရုဏာ နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများက လက်ခံရယူသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်တွင် ကျွန်းစုမြို့နယ်သည် ရေလမ်းခရီးကိုသာ အဓိကအသုံးပြုရသော မြို့နယ်ဖြစ်သည့်အတွက် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကရုဏာ နာရေးကူညီမှုအသင်းအနေဖြင့် ဘေးသင့် ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်သွားရောက်ဆောင်ရွက်ပေးနိုင်ရေးအတွက် စက်လှေတစ်စင်း ထောက်ပံ့ပေးရန် ကရုဏာနာရေးကူညီမှုအသင်းက တင်ပြခဲ့မှုကြောင့် ယခုလို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မင်းကျော်စော(ပြန်ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ မော်လူးအထကသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်

မော်လူး ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်၌ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်က မော်လူးအထကသို့ အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနား၌ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြား ပြီး အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီဇင်နှင့် ကျောင်းကော်မတီဝင် ဦးတင်ရွှေတို့က လက်ခံယူပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြုံးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းတို့က ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ကေသီဇင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးဘိုးသန်းညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြုံး၊ အင်းတော် မြို့နယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မော်လူးမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ကေသီဇင်နှင့်ပညာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များတက်ရောက်ကြကြောင်းသိရသည်။

နီတိုး

သထုံမြို့၌ အခြေခံ ငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်းဆင်း

သထုံ ဩဂုတ် ၂

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သော အခြေခံ ငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်း အမှတ်စဉ် (၂/၂၀၂၀) ဆင်းပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးငွေးဝင်းက မွန်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် စိတ်ဝင်စားသူများအား ငါးမွေးမြူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းသင်ကြားပေးနေကြောင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့် သင်တန်းတွင် သိရှိခဲ့သည့် နည်းစနစ်များကို လက်ဆင့်ကမ်း ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေကြသူများအား ပံ့ပိုးကူညီမှုများ ပြုလုပ်သွားမည်ဖြစ်သလို ငါးမွေးတောင်သူများအနေဖြင့်လည်း ကောင်းမွန်သည့် ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ ဂရုပြု မွေးမြူကြစေလိုကြောင်း အမှာစကားပြောကြားပြီး သင်တန်းတက် ရောက်ခဲ့သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ မော်လမြိုင်တက္ကသိုလ် သတ္တဗေဒဌာနမှ နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ဖြူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ကွင်းဆင်းကြည့်ရှု

ဖြူး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ရန်နိုင်မောင်နှင့် တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် အဖွဲ့သည် ဖြူးမြို့ မြို့မအရှေ့ရပ်ကွက် သာသနာ့ဗိမာန်၌ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများအတွက် ဖွင့်လှစ်ထားသော အသွားအလာကန့်သတ် စောင့်ကြည့်စခန်းသို့ သွားရောက်၍ ပြည်ပပြန်များအား နေရာချထားပေးမှု အခြေအနေ၊ ခတ်ခွဲနမူနာယူခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ နီးနွယ်ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့ပေးသော ရောဂါကာကွယ်ရေးသုံးပစ္စည်းများကိုလည်း ပေးအပ်သည်။

ထို့နောက် ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းဖွင့်ချိန်တွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ၏ ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီးနောက် ကျောင်းဖွင့်ထားသည့် ကာလတစ်လျှောက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ အပါအဝင် အခြားကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဌာနနှင့် ကျောင်းတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်သူလူထုအနေဖြင့် လိုက်နာရန်အချက်များကို ကျောင်းသူ ကျောင်းသားများမှတစ်ဆင့် မိဘများ ပြည်သူများ သိရှိလိုက်နာကျင့်သုံးနိုင်ရေးအတွက်ပါ ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း ဦးစီးမှူးက တိုက်တွန်းဆွေးနွေးသည်။

ဖြူးမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စုအသီးသီးတွင် ဇူလိုင် ၃၁ ရက်အထိ စာရင်းအရ ပြည်ပမှပြန်လာသူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုနေသည့် စခန်းပေါင်း ၅၆ ခုရှိနေပြီး ထိုစခန်းများတွင် ပြည်ပပြန် ၃၁၉ ဦးအား ထားရှိ၍ ကျန်းမာရေးဝန်ထမ်းများ၊ ထွေအုပ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက စနစ်တကျ ကြည့်ရှုစောင့်ရှောက်ပေးနေသည်။

ဖြူးမြို့ သာသနာ့ဗိမာန်မှ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

ကျောင်းများတွင်လည်း အခြေခံပညာ အထက်တန်းကျောင်းနှင့် ကိုယ်ပိုင် အထက်တန်းကျောင်း စုစုပေါင်း ၃၂ ကျောင်း ရှိသည့်အနက် ၂၉ ကျောင်းကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကာ ကျန်သော သုံးကျောင်းမှာလည်း ကျန်းမာရေးအဆင့် "A" ရရှိပြီးဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ဖုန်းများကို တစ်နာရီအတွင်း ပြင်ပေးမည့် 1 Hour Flash Fix ဝန်ဆောင်မှုသစ်ကို OPPO က စတင်မိတ်ဆက်ထား

ရန်ကုန် ဩဂုတ် ၂

ပြည်တွင်းမှ OPPO စမတ်ဖုန်းများကို သုံးစွဲနေသူများအတွက် ဖုန်းပြုပြင်မှုများတွင် ပိုမိုအဆင်ပြေစေရန် ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်သည့် တစ်နာရီ အမြန်ပြုပြင်မှု(OPPO 1 Hour Flash Fix)ကို OPPO က ဇူလိုင်လဆန်းပိုင်းကပင် စတင်မိတ်ဆက်ထားကြောင်းနှင့် ထိုဝန်ဆောင်မှုသစ်ကို မြို့ကြီး ကိုးမြို့ရှိ OPPO ဆားဗစ်စင်တာ ၁၁ ခု၌ တနင်္လာနေ့မှ စနေနေ့အထိ ရုံးချိန်အတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တစ်နာရီ အမြန်ပြုပြင်မှု ဝန်ဆောင်မှုကို ရရှိနိုင်မည့် ဆားဗစ်စင်တာများမှာ ရန်ကုန်မြို့တွင် မြေနီကုန်း၊ လသာနှင့် သဃ်န်းကျွန်း ဆားဗစ်စင်တာများဖြစ်ပြီး အခြားမြို့များမှာ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ မူဆယ်၊ မြစ်ကြီးနားနှင့် တောင်ကြီးမြို့တို့ ဖြစ်သည်။ တနင်္ဂနွေနေ့တွင် ဖုန်းပြုပြင်လိုသူများအတွက်မူ လသာမြို့နယ် ဆားဗစ်စင်တာတွင် တနင်္လာမှ သောကြာအထိ ပုံမှန်အချိန်နှင့်အတူ စနေနေ့အစား တနင်္ဂနွေနေ့တွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

OPPO အနေဖြင့် အဆိုပါ တစ်နာရီ အမြန်ပြုပြင်မှု ဝန်ဆောင်မှုကို စမ်းသပ်ပြုလုပ်နေခဲ့သည်မှာ တစ်နှစ်ခွဲခန့်ရှိပြီဖြစ်ပြီး ဇူလိုင် ၄ ရက်တွင် ဝန်ဆောင်မှုကို တရားဝင် စတင်ခဲ့ကြောင်း၊ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲပိုင်း ပြုပြင်မှုများကို တစ်နာရီအတွင်း အရည်အသွေးကောင်း၍ မြန်ဆန်စွာ ပြုလုပ်ပေးမည်ဖြစ်ပြီး ဆားဗစ်စင်တာဘက်မှ တစ်နာရီအတွင်း မပြီးနိုင်သောအခြေအနေ ရှိခဲ့ပါက OPPO က လက်ဆောင်များ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

OPPO ဖုန်းများကို အသုံးပြုသူများသည် OPPO ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် (https://www.oppo.com/mm/)တွင်လည်း ဖုန်း၏ IMEI နံပါတ်ဖြင့် ဖုန်းအတွက် ကျန်ရှိသေးသော အာမခံကာလ၊ ဖုန်းပြုပြင်မည့် အခြေအနေနှင့် ပြင်ပြီးမည့်အချိန်တို့ကို အလွယ်တကူ စစ်ဆေးသိရှိနိုင်မည်ဖြစ်ကြောင်း၊ ဝက်ဘ်ဆိုက်တွင် ဖုန်းအပိုပစ္စည်းများ၏ ဈေးနှုန်းများကိုလည်း ဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် Color OS 7 ပါဝင်သော OPPO ဖုန်းများတွင် Service အက်ပလီကေးရှင်းလည်း ပါဝင်ပြီးဖြစ်ရာ အဆိုပါ အက်ပလီကေးရှင်းဖြင့်လည်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ဆားဗစ်နှင့်သက်ဆိုင်သည့် အချက်အလက်များ၊ အမေးများသည့် မေးခွန်းများနှင့် အဖြေများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

OPPO ၏ ဆားဗစ်အတွက် ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သော (https://www.face-book.com/OPPOCareMM/)တွင်လည်း ဖုန်းပြုပြင်သည့် ဝန်ဆောင်မှုများနှင့် ပတ်သက်သော အကြောင်းအရာအသစ်များကို နေ့စဉ်တင်ပေး၍ မေးမြန်းမှုများကိုလည်း ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇင်ဦး



၂၀၂၀ ပထမနှစ်ဝက်တွင် ဟွာဝေးက ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်ရောင်းချသူဖြစ်လာ

ရန်ကုန် ဩဂုတ် ၂

၂၀၂၀ ပထမနှစ်ဝက်အတွင်း ဟွာဝေးအနေနှင့် ပြိုင်ဘက် စမတ်ဖုန်းကုမ္ပဏီများကို ကျော်ဖြတ်ပြီး ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်ရောင်းချသူ ဖြစ်လာခဲ့ကြောင်း၊ ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်ရောင်းချသူ နေရာကို ပြီးခဲ့သည့် ကိုးနှစ်တာအတွင်း ဆမ်ဆောင်းနှင့် Apple တို့က အလှည့်ကျ ရရှိနေခဲ့ရာမှ ယခု ၂၀၂၀ ပထမနှစ်ဝက်တွင် ဟွာဝေးက ပထမနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Canalys မှ ထုတ်ပြန်သော ၂၀၂၀ ဒုတိယ သုံးလပတ် အစီရင်ခံစာစစ်တမ်းများကို ကိုးကားဖော်ပြထားသည့် အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းတင်ပို့ရောင်းချသူနေရာကို ရရှိထားသည့် ဆမ်ဆောင်းကို ဟွာဝေးက ပထမဦးဆုံးအကြိမ် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ဒုတိယ သုံးလပတ်အတွင်း စမတ်ဖုန်း ထုတ်လုပ်ရောင်းချမှုတွင် ဟွာဝေးက ၅၅ ဒသမ ၈ သန်း၊ ဆမ်ဆောင်းက ၅၃ ဒသမ ၇ သန်း၊ Apple က သန်း ၄၀ နှင့် ၄၅ သန်းကြား၊ Xiaomi မှ ၂၈ ဒသမ ၈ သန်းနှင့် Oppo က ၂၅ ဒသမ ၈ သန်းရှိကြောင်း ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဟွာဝေး၏ စမတ်ဖုန်းများ တင်ပို့ရောင်းချရမှုသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သော်လည်း ဆမ်ဆောင်းအနေဖြင့်လည်း ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့ကြောင်း၊ ၂၀၂၀ ဒုတိယ သုံးလပတ်အတွင်း ဟွာဝေးက တရုတ်ပြည်မကြီးပြင်ပ ဒေသများသို့ စမတ်ဖုန်းတင်ပို့ရောင်းချရမှုမှာ ယမန်နှစ်ကထက် ၂၇ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တရုတ်ပြည်မကြီးအတွင်း ရောင်းချရမှုမှာ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ယမန်နှစ်က အမေရိကန်ပြည်ထောင်စု၏ Entity List အတွင်း ထည့်သွင်းခဲ့မှုနှင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းတို့ ရှိခဲ့သော်လည်း ဟွာဝေးအနေဖြင့် တစ်နှစ်တာအတွင်း အလျင်အမြန် ပြန်လည်တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သလို နောက်ပိုင်းတွင် ထွက်ရှိလာသော ဟွာဝေးဖုန်းများတွင် အသုံးပြုနေသည့် Huawei Mobile Services နှင့် App Gallery တို့ကို အချိန်တိုအတွင်း သိသာသောရလဒ်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဟွာဝေးအနေဖြင့် ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်ရောင်းချသူနေရာကို ရလာခြင်းဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သူရဖြိုး

အာရှပစိဖိတ် Stevie® Awards ၂၀၂၀ တွင် အူရီဒူးမြန်မာက ဆုလေးဆု ရရှိ

ရန်ကုန် ဩဂုတ် ၂

အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများက ရွေးချယ်သည့် အာရှပစိဖိတ် Stevie® Awards ၂၀၂၀ တွင် အူရီဒူးမြန်မာက တီထွင်ဆန်းသစ်မှုနှင့် စီမံခန့်ခွဲမှုများအတွက် ရွှေတံဆိပ်ဆုတစ်ခု အပါအဝင် ဆုလေးဆုကို ရရှိခဲ့ကြောင်း သိရသည်။

Stevie® Awards တွင် ချီးမြှင့်သည့် ဆုအမျိုးအစားပေါင်း ကိုးခုရှိကာ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် အောင်မြင်မှုအတွက် ဆန်းသစ်တီထွင် ဖန်တီးမှုများကို အသိအမှတ်ပြု ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ အူရီဒူးမြန်မာအနေဖြင့် 'လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ အစီအစဉ်နှင့် လက်တွေ့လုပ်ဆောင်ချက်များ'အတွက် ရွှေတံဆိပ်ဆုကို ရရှိခဲ့သလို နည်းပညာဆိုင်ရာ စီမံခန့်ခွဲခြင်း၊ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ကြေးတံဆိပ်ဆုတစ်ခု၊ အထွေထွေအသုံးဝင်သော အက်ပလီကေးရှင်း တီထွင်ဆန်းသစ်မှုကဏ္ဍတွင် ကြေးတံဆိပ်ဆု တစ်ခုနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်ဆက်ဆံရေးလုပ်ငန်းများတွင် တီထွင်ဆန်းသစ်မှုအတွက် ကြေးတံဆိပ်ဆု တစ်ခုတို့ကို ရရှိခဲ့ခြင်း ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် ကောင်းမွန်သော အပြောင်းအလဲများကို ဖော်ဆောင်ရန်အတွက် မဏ္ဍိုင်ငါးခု ပါဝင်သည့် လူ့စွမ်းအားနှင့်အတူ အနိုင်ယူခြင်း မဟာဗျူဟာဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့၍ Stevie® Awards တွင် "လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ အစီအစဉ်နှင့် လက်တွေ့လုပ်ဆောင်ချက်များ" ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အခြေခံအဆောက်အအုံများတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုအဖြစ် မြန်မာနိုင်ငံတွင် ပထမဆုံး 4G ကွန်ရက်ကို စတင်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံတွင် အမြန်ဆန်ဆုံးသော မိုဘိုင်းကွန်ရက်အဖြစ် Ookla ၏ အသိအမှတ်ပြုခံရခြင်းနှင့် LTE ကွန်ရက် ချဲ့ထွင်ခဲ့ခြင်းတို့အတွက် "နည်းပညာဆိုင်ရာ စီမံခန့်ခွဲခြင်း၊ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် တီထွင်ဆန်းသစ်မှု"အတွက် ကြေးတံဆိပ်ဆု၊ အူရီဒူးမြန်မာ၏ ဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်သည့် My Ooredoo App ၏ ကောင်းမွန်ဆန်းသစ်သည့် ဝန်ဆောင်မှုများကြောင့် "အထွေထွေအသုံးဝင်သော Apps တီထွင်ဆန်းသစ်မှုကဏ္ဍ"တွင် ကြေးတံဆိပ်ဆု၊ မြန်မာနိုင်ငံအတွင်း ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အဓိကထား၍ နည်းပညာပံ့ပိုးမှုနှင့်အတူ လူမှုအသိုင်းအဝိုင်းကို ပြန်လည်ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်လျက် ဆောင်ရွက်ခဲ့သည့် ဒစ်ဂျစ်တယ်စာကြည့်တိုက်၊ Tech Age Girls နှင့် Hackathons ပြိုင်ပွဲစသည့် လူမှုအကျိုးပြုလုပ်ငန်းများကြောင့် "လူမှုအဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်ဆက်ဆံရေးလုပ်ငန်းများတွင် တီထွင်ဆန်းသစ်မှု"အတွက် ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Rajeev Sethi က "ကျွန်တော်တို့အနေနဲ့ အခုလိုမျိုး ကမ္ဘာလုံးဆိုင်ရာ ဂုဏ်သရေရှိ အသိအမှတ်ပြုဆုကြီးတွေ ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အူရီဒူးမြန်မာဟာ မြန်မာနိုင်ငံရဲ့ ရေရှည်နဲ့ လတ်တလော လိုအပ်ချက်တွေကို ပံ့ပိုးပေးနိုင်ဖို့နဲ့ လူမှုအသိုင်းအဝိုင်းရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အဆင့်မြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုတွေ၊ ဆန်းသစ်တီထွင်ထားတဲ့ ထုတ်ကုန်တွေနဲ့ နည်းပညာရဲ့စွမ်းအားကို အသုံးပြုပြီး လူမှုအကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

Stevie® Awards ဆုသည် ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းအမျိုးအစား များစွာနှင့် ယင်းလုပ်ငန်းများကို ပုံဖော်ဆောင်ရွက်သူများ၏ လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ထူးချွန်ပြောင်မြောက်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းဖြစ်ကာ ဆုအတွက် နှစ်စဉ် နိုင်ငံပေါင်း ၇၀ ကျော်မှ အဖွဲ့အစည်းပေါင်း ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ယခုနှစ်အတွက် ဆုများကို လာမည့် စက်တင်ဘာလတွင် virtual ဆုပေးပွဲအခမ်းအနားဖြင့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

New Product ဟွာဝေးရဲ့တန်ဖိုးနည်းဖုန်းစီးရီးထဲမှာ အကောင်းဆုံးဖြစ်လာတဲ့ စမတ်ဖုန်းသစ် Y8p

ဟွာဝေး Y8p ဟာ နိုင်ငံတကာဈေးကွက်မှာ ဇွန်လအတွင်း စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဇူလိုင်လအတွင်းက စတင်ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဟွာဝေးရဲ့ တန်ဖိုးနည်းဖုန်းစီးရီးတစ်ခုဖြစ်တဲ့ Y စီးရီးထဲမှာ အကောင်းဆုံးလို့ဆိုနိုင်တဲ့ စမတ်ဖုန်းသစ်ဖြစ်ပြီး ဈေးနှုန်းပိုင်း သိပ်မများသလို စွမ်းဆောင်ရည်ပိုင်းလည်း ကောင်းမွန်တာ တွေ့ရပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၃ လက်မရှိလို့ screen အရွယ်အစားကြီးမားပြီး Resolution က 1080x2400 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးပိုင်းလည်း အတော်ကို ကောင်းမွန်ပါတယ်။ Screen အမျိုးအစားအနေနဲ့လည်း OLED screen ကို သုံးထားလို့ အရည်အသွေး ပိုကောင်းစေမှာဖြစ်ပြီး ဟွာဝေးရဲ့ Y စီးရီးထဲမှာ ပထမဆုံး OLED screen ပါတဲ့ဖုန်းလည်း ဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10 ကို ဟွာဝေးရဲ့ UI ဖြစ်တဲ့ EMUI 10.1 နဲ့ ထည့်သွင်းပေးထားပါတယ်။ Chipset က Kirin 710F(12 nm)ကို သုံးထားပြီး CPU က Cortex-A73 နဲ့ Cortex-A53 လေးလုံးစီ ပါဝင်တဲ့ Octa-core CPU ဖြစ်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီပိုင်းမှာတော့ နိုင်ငံတကာဈေးကွက်မှာ 4/128 GB နဲ့ 6/128 GB လို့ နှစ်မျိုးထွက်ထားပေမယ့် ပြည်တွင်းမှာတော့ 6/128 တစ်မျိုးတည်းပဲ ရောင်းချနေတာ တွေ့ရပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးနိုင်ပြီး 256 GB အထိ ထောက်ပံ့ပေးထားပါတယ်။ ဒါပေမယ့် မင်မိုရီကတ်ကို ဒုတိယဆင်းကတ်ပေါက်နေရာမှာ သုံးရမှာဖြစ်လို့ မင်မိုရီကတ်သုံးရင် ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာကတော့ အားနည်းချက်တစ်ခု ဖြစ်ပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ် နှစ်ကတ် အသုံးပြုနိုင်ပြီး ကွန်ရက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာလည်း ပင်မကင်မရာဟာ Triple ကင်မရာဖြစ်ပြီး ၄၈ မဂ္ဂါပစ်ဇယ် (Wide)ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ် (Ultrawide)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(Depth)ကင်မရာတွေ ပါဝင်ပါတယ်။ အရည်အသွေးကောင်းတဲ့ ဓာတ်ပုံတွေနဲ့အတူ ဗီဒီယိုကိုလည်း 1080 pixels အရည်အသွေးနဲ့ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၁၆ မဂ္ဂါပစ်ဇယ်ရှိလို့ တန်ဖိုးမြင့်ဖုန်းတွေလောက်ကို ကောင်းမွန်နေပြီး ဆယ်လ်ဖီကင်မရာကို waterdrop notch ဒီဇိုင်းနဲ့ ထည့်သွင်းထားပါတယ်။

USB ချိတ်ဆက်မှုမှာတော့ Type-C 1.0 reversible connector ကို အသုံးပြုထားပြီး On-The-Go စနစ်ကိုလည်း သုံးနိုင်မှာဖြစ်ပါတယ်။ Fingerprint sensor ဟာ နောက်ဘက်မှာမဟုတ်တော့ဘဲ under display အနေနဲ့ ပါဝင်လာတာဟာလည်း တန်ဖိုးသိပ်မများတဲ့ ဖုန်းတစ်လုံးအနေနဲ့ ထူးခြားချက်တစ်ခုဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 4000 mAh ရှိတဲ့ Li-Po ဘက်ထရီပါဝင်ပြီး 10W အမြန်နှုန်းနဲ့ အားသွင်းနိုင်လို့ ကောင်းမွန်တဲ့အထဲမှာ ပါဝင်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ သလင်းကျောက်အရောင်နဲ့ အနက်ရောင် နှစ်မျိုးရရှိနိုင်ပြီး ဈေးနှုန်းက ကျပ် ၂၉၉၀၀၀ ဖြစ်ပါတယ်။

ကျော်ဇင်ဦး

အထူးသတိပြုသင့်သော သွေးလွန်တုပ်ကွေး

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ကိုဗစ်-၁၉ နှင့် သွေးလွန်တုပ်ကွေး

သွေးလွန်တုပ်ကွေးဆိုပြီး တစ်ကမ္ဘာလုံးကို နှိပ်စက်လာတာ ၁၉၈၀ ပြည့်လွန်နှစ်များက စပြီး ဖြစ်ပါတယ်။ အခုအချိန်ဟာ အများစိုးရိမ်နေရတဲ့ ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ကူးစက်ကပ်ရောဂါကြီးကို ရင်ဆိုင်နေရချိန်ဖြစ်တဲ့အပြင် ရာသီတုပ်ကွေးအဖျားကိုပါ သတိပြုနေကြရချိန်ဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးအဖျားကိုလည်း ပိုပြီးသတိပြုကြရဦးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ကိုဗစ်-၁၉ ကြောင့် လူခြောက်ဦးသာ သေဆုံးပေမယ့် သွေးလွန်တုပ်ကွေးရောဂါကတော့ ဇူလိုင် ၄ ရက်အထိ ဖြစ်ပွားသူ ၃၄၄၆ ဦးနဲ့ သေဆုံးသူ ၂၇ ဦးရှိပြီဖြစ်ကြောင်း သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ အဖြစ်များနေကြောင်း၊ အသက် ၁၅ နှစ် အထက်မှာ ဖြစ်ပွားပါက သေဆုံးနိုင်မှုများကြောင်းလည်း သိရပါတယ်။ ဒါကြောင့် သွေးလွန်တုပ်ကွေးရောဂါကို မမေ့မလျော့ သတိပြုကြဦးစို့လို့ သတိပေးလိုပါတယ်။

အမေရိကန်နိုင်ငံမှာဆို ၂၀၀၃ ခုနှစ်က ၅၂၀၀၀၀ ခန့်သာ ဖြစ်ပွားရာက ၂၀၁၃ ခုနှစ်မှာ ၂ ဒသမ ၃ သန်းခန့် ဖြစ်လာတာ တွေ့ရပါတယ်။ သွေးလွန်တုပ်ကွေးဟာ ၂၀၁၄ ခုနှစ်က ဘရာဇီးကမ္ဘာ့ဖလားပွဲကြီးကိုတောင် ခြိမ်းခြောက်ခဲ့တဲ့ အဖျားရောဂါလည်း ဖြစ်ပါတယ်။

ဒင်ဂီးန် ဗိုင်းရပ်စ်ပိုး

ဒီအဖျားရောဂါဟာ ဒင်ဂီးန်ဗိုင်းရပ်စ်ပိုး (dengue virus) မျိုးကွဲ လေးမျိုးကြောင့် ဖြစ်ရပါတယ်။ ဒီရောဂါပိုးတွေကို Aedes aegypti ခေါ် ခြင်ကျားအမကောင်တွေက သယ်ဆောင်ပြီး ခြင်က လူကိုကိုက်ခဲသွေးစုပ်ရာမှတစ်ဆင့် ပျံ့နှံ့ကူးစက်ပါတယ်။ ဒီခြင်မျိုးတွေဟာ အပူပိုင်းဒေသတွေနဲ့အနီးရှိ subtropic region ဒေသတွေမှာရှိနေကြပြီး အအေးပိုင်းဒေသတွေမှာတော့ Aedes albopictus ခြင်မျိုးတွေက ရောဂါသယ်ဆောင်ကြတာ ဖြစ်ပါတယ်။

အရှေ့တောင်အာရှဒေသများ၊ အာဖရိကတိုက်နဲ့ အနောက်ပစိဖိတ်ဒေသများဟာ အဓိက ဖြစ်ပွားရာဒေသများဖြစ်သော်လည်း အခုအခါ ဥရောပ၊ ရုရှား၊ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်နဲ့ မက္ကဆီကို နယ်စပ်ဒေသတွေမှာလည်း ဖြစ်ပွားလာနေကြောင်း သိရပါတယ်။ ဒီခြင်ကျားတွေ အကိုက်ခံရတဲ့ လူထက်ဝက်လောက်ဟာ ဘယ်လိုရောဂါလက္ခဏာမှ မပြကြဘဲ ကျန်တဲ့လူထက်ဝက်လောက်ကတော့ ကံဆိုးကြပါတယ်။ ခြင်ကိုက်ခံရပြီး လေးရက်မှ ၁၀ ရက်ခန့်အကြာမှာ အဖျားက ၁၀၄ ဒီဂရီဖာရင်ဟိုက်လောက်အထိ တက်လာတတ်ပြီး ခေါင်းကိုက်၊ ကိုယ်လက်ကိုက်ခဲ၊ အဆစ်အမျက်ကိုက်ခဲတာတွေ ခံစားလာရတတ်ပါတယ်။ အရိုးကွဲမတတ် ကိုက်ခဲတတ်လို့ breakbone fever လို့တောင် ခေါ်ပါသေးတယ်။

စနစ်တကျ ကုသမှုခံယူရင်

ဒီအဖျားရောဂါကြောင့် နှစ်စဉ် လူပေါင်း ငါးသိန်းလောက် ဆေးရုံတက် ကုသကြရပါတယ်။ အများစုကတော့ ဆေးရုံမှာ နှစ်ရက်ကနေ ခုနစ်ရက်လောက်နေပြီး ပြန်ဆင်းနိုင်ပါတယ်။ လူတချို့မှာတော့ ဖျားပြီး နှစ်ရက်လောက်အကြာမှာ အပူချိန်ကျသွားပေမယ့် သွေးကြောငယ်လေးတွေကနေ သွေးယိုစီးတတ်တာ၊ ကိုယ်တွင်းအင်္ဂါတွေ ထိခိုက်ပျက်စီးလာတာ၊ ကိုယ်ထဲက ရေနဲ့ ဓာတ်ဆားဓာတ်တွေ ဆုံးရှုံးသွားတာတွေ ဖြစ်လာပြီး အသက်ဆုံးတဲ့အထိ ဖြစ်ပွားတတ်ပါတယ်။ ဒါကို Dengue Haemorrhagic Fever လို့ ခေါ်ပါတယ်။ ဒီအခါမှာ သွေးပေါင်လုံးဝကျဆင်းသွားပြီး သုညဖြစ်သွားတာမို့ သွေးလွန်တုပ်ကွေးကြောင့် သွေးလန့် (ရှော့ခ်ဖြစ်) တယ်လို့ ဆိုကြပါတယ်။

ဒါကြောင့် အဖျားရဲ့ အစဦးကာလများကစပြီး ကျွမ်းကျင်တဲ့ ဆေးရုံများမှာ ကုသမှုခံယူသင့်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အထူးကျွမ်းကျင်တဲ့ ဆေးပညာရှင်များ ရှိနေပြီမို့ ပြင်ပဆေးခန်းတွေကနေ လွှဲလိုက်ရင် လိုက်နာဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ သွေးလွန်တုပ်ကွေးအတွက် ကာကွယ်ဆေးဆိုတာလည်း မရှိပါဘူး။ ဒါကြောင့် ကျန်းမာရေးပညာများကို လေ့လာလိုက်နာကြခြင်းသာ အကောင်းဆုံးကာကွယ်နည်းဖြစ်ပါတယ်။ စနစ်တကျ ကုသမှုခံယူရင် လူ ၁၀၀ မှာ သေပျောက်နှုန်းက တစ်ဦးခန့်သာ ရှိနိုင်ကြောင်းလည်း သိရပါတယ်။

ခြင်အန္တရာယ် သတိပြုဖို့လို

သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုး လေးမျိုးရှိပြီး ရောဂါတစ်ခါဖြစ်ပြီးရင် အဲဒီဗိုင်းရပ်စ်ပိုးအတွက် ခုခံအားရရှိပြီး ဖြစ်သွားပါတယ်။ သို့သော် ကျန်တဲ့ ပိုးသုံးမျိုးအတွက်တော့ ခုခံအားမရရှိနိုင်သေးပါဘူး။ ဒါကြောင့် အဲဒီပိုးတွေနဲ့တွေ့ရင် သွေးလွန်တုပ်ကွေးပြန်ဖြစ်နိုင်တာကို သတိပြုကြရပါမယ်။ နိုင်ငံအများစုမှာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး လေးမျိုးစလုံး ရှိနေတတ်ပါတယ်။ ပထမတစ်ခါဖြစ်ပြီး နောက်ပိုင်းပြန်ဖြစ်ရင် ပိုမိုပြင်းထန်တတ်ကြောင်း သိရပါတယ်။ တချို့သော ခြင်တွေဟာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်အပြင် Yellow Fever Virus၊ Chikungunya Virus စတဲ့ ရောဂါပိုးတွေကိုတောင် သယ်ဆောင်နိုင်တယ်လို့ သိရတာမို့ ခြင်တွေကို အထူးသတိထားဖို့ လိုပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)ရဲ့ ထုတ်ပြန်ချက်အရ နှစ်စဉ်လူပေါင်း သန်း၅၀ မှ သန်း ၁၀၀ လောက်ဟာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံနေရကြောင်း သိရပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ တစ်နှစ်တည်းကိုပဲ သန်း ၄၀၀ လောက် ကူးစက်ခံခဲ့ရတယ်လို့ ဆိုပါတယ်။ ခြင်ကျားတွေဟာ ကျွန်တော်တို့ အိမ်တွေနား၊ အိမ်ပတ်ပတ်လည် ရေဝပ်ရာနေရာတွေမှာ အောင်းနေတတ်သလို သူတို့လည်း Globalization လို့ ခေါ်ရလောက်အောင် ခရီးလမ်းကြောင်းများ၊ ကုန်ပစ္စည်းလမ်းကြောင်းများကနေ နိုင်ငံတကာကို လှည့်ပတ်နေကြပါပြီ။

သဘာဝပတ်ဝန်းကျင်

ထိခိုက်ပျက်စီးလာခြင်း

ဒီရောဂါတွေ ခေါင်းမော့လာခြင်းဟာ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာခြင်းနဲ့ အများကြီးဆိုင်ပါတယ်။ ၂၀၁၄ ခုနှစ် မေလဟာ ၁၈၈၀ ပြည့်နှစ်ကစပြီး မှတ်တမ်းပြုစုခဲ့တဲ့ ကမ္ဘာ့အပူဆုံးစံချိန် နှစ်တွေထဲမှာ အပူဆုံးဖြစ်တယ်လို့ သိရပါတယ်။ US National Oceanic and Atmospheric Association(NOAA) အဖွဲ့ကြီးရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၄ ခုနှစ်မှာ တစ်ကမ္ဘာလုံး မြေပြင်နဲ့ ရေမျက်နှာပြင်တို့ရဲ့ ပျမ်းမျှအပူချိန်ဟာ ၁၅ ဒသမ ၅၄ ဒီဂရီဆဲစီးယပ်စ်ဖြစ်ပြီး ၂၀ ရာစုနှစ်ရဲ့ ပျမ်းမျှ အပူချိန်ထက် ၀ ဒသမ ၇၄ ဒီဂရီဆဲစီးယပ်စ်များတယ်လို့ ဆိုပါတယ်။

၂၀၁၀ ပြည့်နှစ်ဟာ အပူဆုံးနှစ်လို့ မှတ်ယူခဲ့ပေမယ့် ၂၀၁၄ ခုနှစ်ကတော့ နံပါတ် ၁ ကို ရောက်သွားကြောင်း၊ ၂၀၁၂ နဲ့ ၁၉၉၈ ခုနှစ်တို့ဟာ နံပါတ် ၃ နဲ့ ၄ နေရာများကို ရောက်သွားပြီဖြစ်ကြောင်းလည်း သိရပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလ အပူချိန်ဟာ ၄၂ ဒီဂရီဆဲစီးယပ်စ်ရှိတာမို့ အလွန်ပူတဲ့နှစ်လို့ သိရပါတယ်။ ၂၀၁၈ ခုနှစ်က ၄၁ ဒသမ ၁ ဒီဂရီဆဲစီးယပ်စ်ပဲ ရှိခဲ့ပါတယ်။ ၁၈၈၁ ခုနှစ်ကစပြီး မှတ်သားလာခဲ့တဲ့ မှတ်တမ်းများဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ချောက်မြို့ဟာ အပူဆုံးမြို့ဖြစ်ပြီး ၄၅ ဒီဂရီဆဲစီးယပ်စ်ခန့် အမြင့်ဆုံးအပူချိန် ရှိတတ်ပါတယ်။

ဒီလို သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးပြီး ရာသီဥတုဖောက်ပြန်လာတာတွေဟာ ကမ္ဘာကြီးရဲ့ ဂေဟစနစ်တွေ ပျက်စီးကာ ဖောက်ပြန်တဲ့ ကူးစက်ရောဂါတွေလည်း ဖြစ်လာစေတာဖြစ်ပါတယ်။ အထူးသဖြင့် ခြင်တွေဟာ အပူဓာတ်လွန်ကဲလာလို့ ပိုမိုပေါက်ပွားလာကြပြီး ကူးစက်ရောဂါတွေကိုလည်း ပိုမိုကူးစက်လာစေတာ တွေ့နိုင်ပါတယ်။ ခြင်တွေရဲ့ ပင်ကိုဗီဇတွေလည်း ပြောင်းလဲပြီး ရောဂါတွေကိုလည်း ပိုမိုပြင်းထန်စွာ ဖြစ်လာစေမှာ စိုးရိမ်စရာဖြစ်ပါတယ်။ ဒါကြောင့်ခြင်တွေကို အထူးသတိထားတားဆီးကာကွယ်ကြရမှာ ဖြစ်ပါတယ်။

ခြင်အန္တရာယ် ကာကွယ်ရန်

ခြင်တွေပေါက်ပွားနိုင်တဲ့ ရေဝပ်ရာနေရာတွေကို ဖယ်ရှားဖို့၊ သူတို့ မပေါက်ပွားစေဖို့အတွက် ပိုးသတ်ဆေးများ သုံးခြင်း၊ ဆေးဖျန်းခြင်း၊ ဗီဇပြောင်းခြင်များ (genetically modified mosquitoes) မွေးမြူဖြန့်ဖြူးခြင်း၊ ခြင်အကိုက်မခံရအောင် ခြင်ထောင်ဖြင့် အိပ်ခြင်း၊ အင်္ကျီ၊ ဘောင်းဘီအထူ အရှည်များကို ဝတ်ခြင်း စသည်တို့ ဆောင်ရွက်သင့်ကြပါတယ်။ အထူးသဖြင့် မြို့ကြီးတွေမှာ တိုက်တာကြီးတွေဆောက်လုပ်တော့ မူလရေထွက်ပေါက် အသွားအလာများ ပျက်စီးပြီး ရေထွက်စရာမရှိ၊ ရေတွေစုနေ၊ ရေတွေကြီး၊ ရေတွေဝပ်ပြီး ခြင်တွေ မွေးထားတဲ့ ကန်တွေလို ဖြစ်လာပါတယ်။ ခြင်မွေးမြူရေးလုပ်ငန်းကြီးတစ်ခုလို ဖြစ်လာခြင်းက ဒီလိုမလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာစေပါတယ်။

ကျွန်တော်တို့ရဲ့ မျိုးဆက်တွေကို ပတ်ဝန်းကျင်ကိုချစ်တတ်အောင်၊ ထိန်းသိမ်းတတ်အောင်ကအစ ကျန်းမာရေးအသိ၊ အလေ့အကျင့်တွေကို မွေးမြူတတ်စေဖို့ သင်ကြား လေ့ကျင့်ပေးရပါမယ်။ ဒီသွေးလွန်တုပ်ကွေးအဖျားရောဂါဟာ ကလေးငယ်တွေမှာ အဓိက ကူးစက်တတ်ပြီး ကလေးငယ်တွေကို ဒုက္ခပေးလေ့ရှိပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ မေ ၂၇ ရက်အထိ မြန်မာနိုင်ငံမှာ လူပေါင်း ၃၃၀၄ ဦး သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့ပြီး ၁၉ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဖြစ်ပွားသူပေါင်း ၂၀၀၀ ခန့်ဟာ ရန်ကုန်တိုင်းဒေသကြီးတစ်ဝိုက်မှ ဖြစ်ပြီး ၇၅၀ ခန့်ကတော့ ရခိုင်ဒေသမှဖြစ်ကြောင်း သိရပါတယ်။ သွေးလွန်တုပ်ကွေးအဖျားရောဂါဟာ ယခင်က နှစ်စဉ်မိုးရာသီတွေမှာသာ အဖြစ်များခဲ့ပေမယ့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှုများကြောင့် ယခုအခါ တစ်နှစ်ပတ်လုံးဖြစ်ပွားနေတာကို သတိပြုသင့်ပါတယ်။

၂၀၁၉ ခုနှစ်က တစ်ကမ္ဘာလုံးမှာ လူပေါင်း ၄ ဒသမ ၂ သန်းခန့် ဖြစ်ပွားခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ၅၀၅၄၃၀၊ ၂၀၁၀ ပြည့်နှစ်မှာ ၂ ဒသမ ၄ သန်းရှိခဲ့လို့ လွန်ခဲ့တဲ့ ရာစုနှစ်ခုအတွင်း ဖြစ်ပွားမှု ရှစ်ဆတိုးလာခဲ့ပါတယ်။ သေဆုံးမှုကလည်း ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း လူပေါင်း ၉၆၀ ကနေ ၄၀၃၂ ဦးအထိ တိုးလာပါတယ်။ မြန်မာနိုင်ငံမှာလည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၃၂၀၃ ဦးရှိပြီး သေဆုံးသူ ၁၂၃ ဦးရှိခဲ့ကြောင်း သိရပါတယ်။ နှစ်စဉ် လူပေါင်း ၁၀၀၀၀ ဖြစ်ပွားလေ့ရှိပြီး သေဆုံးသူ ၆၀ ခန့် ရှိကြောင်းလည်း သိရပါတယ်။

“ခြင်များကိုနှိမ်နင်းပါ။”

ခြင်မရှိရင် သွေးလွန်တုပ်ကွေး မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ခြင်များကို နှိမ်နင်းရပါမယ်။

ခြင်ပေါက်ပွားမှု နှိမ်နင်းရန်ဆောင်ရွက်ရမယ့်အချက်များမှာ-

ရေထည့်သော အိုးခွက်များကို ခြင်များမခိုအောင်း၊ မပေါက်ပွားနိုင်ရန် မသုံးလျှင် ရေသွန်ပစ်ပါ။ အတွင်းဘက်ကို ဆေးကြောပါ။ လုံအောင် ဖုံးအုပ်ထားပါ။

ပန်းအိုး၊ သစ်ပင်စိုက်ထားသော အိုးများနှင့် အခြားသောအိုးများကို ဆေးကြောသန့်စင်ပါ။ မကြာခဏ ရေအသစ်လဲလှယ်ပေးပါ။ ရေမြောင်း၊ ရေပိုက်များကို သန့်ရှင်းရေးလုပ်ပါ။ ရေစီးကောင်းအောင် ဆောင်ရွက်ပါ။ ရေအောင်းနေနိုင်သော ကားတာယာအဟောင်းများ၊ အိုးခွက်များကို စွန့်ပစ်ပါ။ သိမ်းဆည်း မထားပါနှင့်။ မစွန့်ပစ်နိုင်ပါက မှောက်ထား၊ ဖုံးအုပ်ထားပါ။

(ထိုသို့ ဆောင်ရွက်ခြင်းကို ရက်သတ္တပတ်လျှင်တစ်ကြိမ် လုပ်ပေးပါ။)

ပုလင်းအဖုံးကလေးတစ်ခုမှာပင် ခြင်များပေါက်ပွားနိုင်လောက်သည့်ရေရှိနေနိုင်သည်ကို သတိပြုရပါမည်။

အခုအချိန်ဟာ ကိုဗစ် -၁၉၊ ရာသီတုပ်ကွေးနဲ့ သွေးလွန်တုပ်ကွေးတို့ အပြိုင်ဖြစ်သည့် ယခုကာလတွင် သွေးလွန်တုပ်ကွေးကြောက်ရင် ခြင်တွေကို နှိမ်နင်းကြပါ။ ခြင်အကိုက်မခံရအောင် ကြိုးစားကြပါ။ ခြင်တွေမပေါက်ပွားအောင် ဆောင်ရွက်ကြပါ။ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကာကွယ်ကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းလိုပါတယ်။ ။

“ခြင်တွေပေါက်ပွားနိုင်တဲ့ ရေဝပ်ရာနေရာတွေကို ဖယ်ရှားဖို့၊ သူတို့ မပေါက်ပွားစေဖို့အတွက် ပိုးသတ်ဆေးများ သုံးခြင်း၊ ဆေးဖျန်းခြင်း၊ ဗီဇပြောင်းခြင် (genetically modified mosquitoes) များ မွေးမြူဖြန့်ဖြူးခြင်း၊ ခြင်အကိုက်မခံရအောင် ခြင်ထောင်ဖြင့် အိပ်ခြင်း၊ အင်္ကျီ၊ ဘောင်းဘီအထူ အရှည်များကို ဝတ်ခြင်း စသည်တို့ ဆောင်ရွက်သင့်ကြပါတယ်။ အထူးသဖြင့် မြို့ကြီးတွေမှာ တိုက်တာကြီးတွေဆောက်လုပ်တော့ မူလရေထွက်ပေါက် အသွားအလာများ ပျက်စီးပြီး ရေထွက်စရာမရှိ၊ ရေတွေစုနေ၊ ရေတွေကြီး၊ ရေတွေဝပ်ပြီး ခြင်တွေမွေးထားတဲ့ ကန်တွေလို ဖြစ်လာပါတယ်။ ခြင်မွေးမြူရေးလုပ်ငန်းကြီးတစ်ခုလို ဖြစ်လာခြင်းက ဒီလို မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာစေပါတယ်”

သီးနှံစိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာနှင့် ဇီဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ

ဒေါက်တာ နိုင်ကြည်ဝင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုကို ကြုံတွေ့လျက်ရှိရာ ရာသီဥတုနှင့်အညီ လူတို့၏ နေထိုင်ပြုမူမှုများလည်း အတူလိုက်ပါပြောင်းလဲရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ၏ အကျိုးဆက်အဖြစ် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ထိခိုက်မှု အနည်းနှင့်အများကို ကြုံတွေ့နေရပြီဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်သော သွင်းအားစုများထုတ်လုပ်နိုင်မှု လျော့ကျခြင်းနှင့်အတူ သယ်ယူပို့ဆောင်ရေးအခက်အခဲများ ကြုံလာနိုင်သည့်အတွက် သွင်းအားစုများ အချိန်မီမသုံးစွဲနိုင်သည့် ဖြစ်ရပ်များကိုလည်း ရင်ဆိုင်ရဖွယ်ရှိသည်။

ဤဆောင်းပါးတွင် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှရရှိသော ဘေးထွက်ပစ္စည်းများ၊ မိမိတို့၏ ပတ်ဝန်းကျင်တွင် ရှိသည့် စွန့်ပစ်ပစ္စည်းများ စသည်တို့ကို အခြေပြု၍ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများ ထုတ်လုပ်ပုံများကို အသိပညာပေး ဖော်ပြသွားမည် ဖြစ်ပါသည်။

သဘာဝမြေဩဇာများဟူသည် တိရစ္ဆာန်များနှင့်သက်ဆိုင်သော ပစ္စည်းများ၊ တိရစ္ဆာန်နှင့် လူတို့၏ အညစ်အကြေးများနှင့် ဟင်းသီးဟင်းရွက်နှင့် သီးနှံများမှ ပြုလုပ်ထားသည့် မြေဩဇာများကို ဆိုသည်။ သဘာဝမြေဩဇာသည် ဓာတ်မြေဩဇာနှင့် နှိုင်းယှဉ်ပါက အာဟာရပါဝင်မှု နည်းပါးသော်ငြား မြေဆီလွှာကောင်းမွန်ရေးအတွက် မရှိမဖြစ် လိုအပ်ပေသည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ အခြေအနေများကို ပြုပြင်ပြောင်းလဲပြီး ရေရှည်တွင် မြေဆီလွှာကောင်းမွန်မှုကို ဖြစ်စေနိုင်သည်။ ဓာတ်မြေဩဇာကို အပင်များက တိုက်ရိုက်စားသုံးပြီး သဘာဝမြေဩဇာကိုမူ မြေတွင်းရှိ အဏုဇီဝသက်ရှိများက စားသုံးချေဖျက်၍ အပင်စားသုံးနိုင်သည့် အာဟာရဓာတ်များအဖြစ် ပြောင်းလဲပြီးမှ အပင်က ရယူစားသုံးခြင်းဖြစ်သဖြင့် ရေရှည်တွင် မြေဆီလွှာကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

မြေဆွေးမြေဩဇာ

သဘာဝမြေဆွေးမြေဩဇာ ပြုလုပ်ရန်အတွက် သီးနှံအကြွင်းအကျန်များ ဖြစ်သော(ကောက်ရိုး၊ စပါးခွံ၊ နှမ်းရိုး၊ နေကြာပွင့်ဖတ်၊ ပြောင်းဖူးဖတ်၊ ပြောင်းဖူးအူတိုင်၊ ပဲရိုး၊ ပဲခွံ၊ ပေါင်းမြက်အမှိုက်များ)နှင့် ပုလဲဓာတ်မြေဩဇာ၊ နုန်းမြေ၊ နွားချေး၊ တင်လဲရည်(သို့မဟုတ်)ကုက္ကိုသီး၊ ထရိုင်ခိုဒါးမား၊ ဖွဲနုတို့ လိုအပ်သည်။ မြေဆွေးပုံပြုလုပ်ရာတွင် မြေဆွေးပုံ အလျား ပေ ၃၀၊ အနံ ရှစ်ပေ၊ အမြင့် သုံးပေခန့်ရှိရန် လိုအပ်ပြီး အမြင့် ခြောက်လက်မရှိသော အလွှာခြောက်လွှာ ရရှိရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အလွှာတစ်လွှာရရှိရန် ဦးစွာ သီးနှံပင် အကြွင်းအကျန်များကို ညီညာစွာဖြန့်၍ ရေဖျန်းပြီး ခြေထောက်ဖြင့် နင်းရမည်။ ယင်းနောက် ပုလဲမြေဩဇာ(Urea) နို့ဆီဘူး လေးဘူးနှင့် နွားချေး နှစ်ပြည်တို့ကို ညီညာစွာ ဖြန့်ပေးရမည်။ နွားချေးအပေါ်၌ ထရိုင်ကိုဒါးမား တစ်ထုပ်နှင့် ဖွဲနု နှစ်ပြည်ကိုရောပြီး ညီညာစွာ ထပ်မံဖြူး၍ ယင်းအပေါ်မှ နုန်းမြေကို မျက်နှာပြင် တစ်ခုလုံး လုံအောင် ဖုံးပေးရမည်။ နုန်းမြေအပေါ်မှ တင်လဲရည် (သို့မဟုတ်) ကုက္ကိုသီးတစ်တင်းကို ဖြန့်ပေးရမည်။ ယင်းပုံစံအတိုင်း အလွှာခြောက်လွှာ ပြုလုပ်ပေး၍ မြန်မြန်ဆွေးမြည့်စေရန်နှင့် အစိုဓာတ်ထိန်းပေးနိုင်ရန်အတွက် ပလတ်စတစ်ဖြင့် ဖုံးအုပ်ပေးရမည်။

မြေဆွေးပုံကို ၄၅ ရက်အကြာတွင် အထက်အောက် သမအောင် ရောမွှေ၍ စနစ်တကျ ပြန်လည်ပုံပေးရမည်။ အစိုဓာတ်ရရှိရန် ရေလုံလောက်စွာ ဖျန်းပေးပြီးနောက် နောက်ထပ် ၄၅ ရက်အကြာတွင် အလွယ်တကူအသုံးပြုနိုင်သော မြေဆွေးကို ရရှိမည်ဖြစ်သည်။ မြေဆွေးပုံတစ်ပုံမှ မြေဆွေးတန်ချိန် နှစ်တန်ခန့် ရရှိနိုင်ပြီး တစ်ဧကအတွက် ၂-၃ တန် ထည့်ပေးပါက လုံလောက်မည်ဖြစ်သည်။

လယ်ယာစွန့်ပစ်ပစ္စည်းအားလုံးကို မြေဆွေးပြုလုပ်ရာ၌ အသုံးပြုနိုင်၍ စိုက်ကွက်သန့်ရှင်းစေခြင်း၊ စိုက်ကွက်အတွင်း လျော့ပါးသွားသော အပင်အာဟာရဓာတ်များကို အထိုက်အလျောက် ပြန်လည်ဖြည့်တင်းပေးခြင်းနှင့် ဓာတ်မြေဩဇာလိုအပ်မှုကို အထိုက်အလျောက် သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

တီကျစ်စာမြေဆွေး

တီကျစ်စာ မြေဆွေးဆိုသည်မှာ တီကောင်မျိုးများဖြစ်သော အာဖရိကမျိုး၊ အိန္ဒိယမျိုး၊ အမေရိကမျိုး၊ မြန်မာမျိုးတို့နှင့် သီးနှံအကြွင်းအကျန် (ကောက်ရိုး၊ စပါးခွံ၊ ပေါင်းပင်)များ၊ နွားချေးနှင့် ငှက်ပျောအူတို့ကို ဆွေးမြည့်စေခြင်းမှ ရရှိလာသော မြေဆွေးဖြစ်သည်။ တီကျစ်စာမြေဆွေး ပြုလုပ်နည်းမှာ ပထမဦးစွာ တီကောင်များ မွေးမြူရမည်ဖြစ်သည်။ တီကောင်များမွေးမြူရာတွင် (၆ x ၃x ၂ ဒသမ ၅)ပေရှိ အမိုးအကာအောက်တွင် မြေကျင်းကန်၊ ပလတ်စတစ် ကန်၊ မိုးကာကန်တို့ဖြင့်လည်းကောင်း၊ ဝါးကပ်များ၊ သစ်သားများ ကာ၍လည်းကောင်း၊ ကွန်ကရစ်ခွေများ အသုံးပြုခြင်းဖြင့်လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် မွေးမြူနိုင်သည်။

ထို့နောက် တီကျစ်မြေဆွေးပြုလုပ်ရန် အောက်ခြေကြမ်းပြင်ကို ဆင်ခြေလျှောပြုလုပ်ခြင်းနှင့် အောက်ခံတွင် အရည်များစစ်နိုင်ရန် ၁ ဒသမ ၅ လက်မ အရွယ်အစားရှိ ကျောက်ခဲ သို့မဟုတ် အုတ်ခဲကျိုးတို့ကို တစ်ထပ်ခင်းပါ။ ၎င်းအပေါ်မှ နွားချေးအခြောက်ကို ထုခြောက်လက်မခန့် ရရှိအောင် ထည့်သွင်းရမည်။ ထို့နောက် သီးနှံအကြွင်းအကျန်များ၊ သစ်ရွက်များ၊ တီကောင်များအတွက် အစာစိမ်းများဖြစ်သော ငှက်ပျောအူ၊ ဗေဒါ၊ ပေါင်းမြက်များကို စုစည်းပြီး ၈-၁၂ လက်မခန့် ထပ်ထည့်ပေးရမည်။ ယင်းအလွှာများအပေါ်မှ ကောင်းစွာဆွေးမြည့်သော နွားချေးကို ခြောက်လက်မခန့်အလွှာ ရရှိအောင် ၁ ဒသမ ၅ တင်းဝင်သုံးအိတ် ဖြည့်ထည့်ပေးပြီး ယင်းပေါ်၌ သစ်ရွက်ခြောက်များကို ၄-၆ လက်မခန့်ရအောင် ထည့်သွင်းရမည်။ ထို့နောက် ကန်အတွင်းသို့ တီကျစ်မြေဆွေး ထုတ်လုပ်ပေးမည့် တီကောင် အကောင် ၂၀၀ ခန့် ထည့်ပေးရမည်။

ကောက်ရိုးလွှာခြောက်လွှာပြုလုပ်ပြီး အစိုဓာတ်ထိန်းရန် ပလတ်စတစ်ဖြင့် ဖုံးအုပ်ခြင်း။

တီကောင်မွေးမြူထားသော ကန်ထဲတွင် အစိုဓာတ်ထိန်းရန် ရေလောင်းပေးပြီး လိုအပ်ပါက အပေါ်မှ ဂုန်နီအိတ်ခွံဟောင်း၊ ဓနိရွက်၊ အုန်းလက်များ၊ သက်ကယ်ရွက်များဖြင့် ဖုံးအုပ်ပေးရမည်။ နှစ်လခန့်ကြာပြီးနောက် တီကောင်အတွက် အစာထပ်ဖြည့်ပေးရမည်ဖြစ်ပြီး သုံးလခန့်ကြာပြီးနောက် အညိုရောင် တီကျစ်စာမြေဆွေးကို ရရှိနိုင်မည်ဖြစ်သည်။

တီကျစ်စာမြေဆွေး သုံးစွဲခြင်းဖြင့် အပင်ကြီးထွားစေခြင်း၊ အရွက်သစ်အထွက်မြန်စေခြင်း၊ သီးနှံအရည်အသွေးကောင်းမွန်စေခြင်းနှင့် သီးနှံသက်တမ်းတိုစေခြင်း အကျိုးများ ရရှိနိုင်သည်။ တီကျစ်စာမြေဆွေးသည် မြေဆီလွှာ တည်ဆောက်ပုံ ကောင်းစေခြင်း၊ လေဝင်လေထွက်နှင့် ရေထိန်းနိုင်စွမ်းကို ကောင်းစေခြင်းအပြင် မြေဆီလွှာတိုက်စားမှုကိုလည်း ကာကွယ်ပေးသည်။ ရိုးရိုးမြေဆွေးနှင့် နှိုင်းယှဉ်လျှင် နိုက်ထရိုဂျင်(N)၊ ဖော့စဖိတ် (P) နှင့် ပိုတက်စီယမ်(K) ပါဝင်မှု ပိုမိုများပြားသည်။

စပါးစိုက်ပျိုးရေးတွင် နှမ်းရိုးအသုံးပြုခြင်း

စပါးစိုက်ပျိုးရာ၌ လက်တွေ့အသုံးပြုနည်းမှာ နှမ်းခါပြီးရရှိသော နှမ်းရိုးများကို လက်တစ်ဆုပ်စီခန့် အစည်းငယ်များပြုလုပ်ပြီး စပါးစိုက်ပြီး တစ်လသားအရွယ်တွင် ရေရှိနေသော စပါးတန်းကြားအတွင်း နှမ်းရိုးအစည်းများကို ရေအောက်သို့မြုပ်နေရန် နှမ်းရိုးများကို အလျားလိုက် ခြေထောက်ဖြင့်နင်း၍ မြှုပ်ပေးရမည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှမ်းရိုးတွင်ပါသော ပိုတက်စီယမ်ဓာတ်သည် တစ်ညတာရေစိမ်ရုံမျှဖြင့် စပါးခင်းအတွင်းရောက်ရှိကာ စပါးပင်က စားသုံးနိုင်မည်ဖြစ်သည်။ နှမ်းရိုးထည့်သွင်းပြီးသည့်အကွက်မှ ရေကို သုံးရက်မှ ငါးရက်ကြာသည်အထိ ထိန်းထားပေးပြီး ရေပြန်မထုတ်ရပါ။ ထိုသို့ နှမ်းရိုးထည့်ခြင်းဖြင့် စပါးအထွက် ၁၀-၃၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်သည်။ စိမ့်ဆွဲသော မြေနှင့် ဒုံပေါက်သောမြေများတွင် သီးနှံစိုက်ပျိုးရန်နှင့် မြေပြင်ရန် ခက်ခဲသော အခြေအနေရှိလျှင် သီးနှံလှုပ်ပြီး ယင်းအကွက်ထဲသို့ နှမ်းရိုးများ ညီညာစွာ ဖြန့်ချပေးခြင်းကို သီးနှံရာသီ ၂-၃ ရာသီ ဆက်တိုက်ပြုလုပ်ပေးပါက ပြန်လည်စိုက်ပျိုးနိုင်သည့်မြေ ဖြစ်လာနိုင်သည်။

နှမ်းရိုးတွင် ပိုတက်စီယမ်ဓာတ် ကြွယ်ဝသောကြောင့် စပါးခင်းတွင် ရေရှိပါက ထည့်ပြီးသုံးရက်အတွင်း စုစုပေါင်းထုတ်ပေးမည့် ပိုတက်စီယမ်ဓာတ်၏ ၄၀ ရာခိုင်နှုန်းကို နှမ်းရိုးမဆွေးခင်မှာပင် ရရှိနိုင်သည်။ စပါးခင်းတွင် ထည့်ပေးထားသော နှမ်းရိုးတစ်တန် ဆွေးမြည့်သွားပါက နှမ်းရိုးမှ ယူရီးယား ၂၅ ပေါင်၊ တီစူပါ ငါးပေါင်၊ ပိုတက်ရှ် ၃၅ ပေါင်ခန့်နှင့် ညီမျှသော အပင်အာဟာရဓာတ်များ မြေတွင် ထည့်ပေးသကဲ့သို့ ရရှိနိုင်သည့်အပြင် မြေတွင် သစ်ဆွေးဓာတ်များ တိုးတက်လာပြီး မြေဩဇာ ပြန်လည်ထက်သန်လာနိုင်သည်။ နှမ်းစိုက်ခင်း တစ်ဧကမှ နှမ်းရိုးတစ်တန်မှ တစ်တန်ခွဲအထိ ထွက်ရှိနိုင်ပြီး ထိုပမာဏသည် စပါးစိုက်ခင်းတစ်ဧကကို ထည့်ပေးရန် လုံလောက်သည်။

စပါးခွံဖွဲပြာ

စပါးခွံဖွဲပြာသည် သဘာဝမြေဩဇာတစ်မျိုးဖြစ်သည်။ စပါးခွံဖွဲပြာ ဆိုသည်မှာ လောင်ကျွမ်းသည်အထိ မီးရှို့ထားခြင်းမဟုတ်ဘဲ ဆန်စက်မှထွက်ရှိသည့် ဖွဲပြာများကဲ့သို့ စပါးခွံများကို မဲသွားရုံမျှသာ မီးရှို့ပေးထားသည့် စပါးခွံဖွဲပြာ(Charcoal Rice Husk-CRH) များဟု ဆိုလိုသည်။ စပါးခွံဖွဲပြာကို သဲဆန်သောမြေများ၊ အချဉ်ဓာတ်လွန်ကဲသောမြေများ၊ မြေဆီဩဇာမထက်သန်သော မြေများ၊ ဒုံပေါက်သောမြေများတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ လယ်သီးနှံ သာမက ယာသီးနှံနှင့် ဟင်းသီးဟင်းရွက်သီးနှံများ အားလုံးတွင် တစ်ဧကလျှင် အနည်းဆုံး ငါးတန်နှုန်း ထည့်သွင်းအသုံးပြုနိုင်သည်။

သုတေသနတွေ့ရှိချက်အရ လယ်စပါးများတွင် စပါးခွံဖွဲပြာကို တစ်ဧကလျှင် ငါးတန်နှုန်း ထည့်သွင်းပေးခြင်းဖြင့် မည်သည့်မြေဩဇာမှမထည့်သည့် အကွက်ထက် တစ်ဧက စပါးအထွက် ၅ ရာခိုင်နှုန်း ပိုထွက်နိုင်ကြောင်း တွေ့ရှိထားသည်။ စပါးခွံဖွဲပြာသည် အယ်လ်ကာလီဂုဏ်သတ္တိ ရှိခြင်းကြောင့် မြေ၏ ချဉ်/ငန်ဓာတ်ကို သမမျှတစေပြီး သဘာဝမြေဩဇာကဲ့သို့ အသုံးပြုနိုင်သဖြင့် မြေသားဖွဲ့စည်းမှုကို ပိုမိုကောင်းမွန်စေနိုင်သည်။ မြေကြီးထဲသို့ ပိုတက်စီယမ် ဓာတ်ကိုလည်း အသင့်အတင့် ပြန်လည်ဖြည့်တင်းပေးနိုင်သည်။

သဘာဝရွက်ဖျန်းမြေဩဇာ ပြုလုပ်သုံးစွဲနည်း

သဘာဝရွက်ဖျန်းမြေဩဇာဆိုသည်မှာ ဒေသတွင်းရရှိနိုင်သော ပဲဖတ်၊ နှမ်းဖတ်၊ အနှစ်ရှိသော သီးနှံကြိတ်ဖတ်၊ ကုက္ကိုသီးကြိတ်ဖတ် စသည်တို့မှ ထုတ်လုပ်ထားရှိသည့် ရွက်ဖျန်းမြေဩဇာဖြစ်သည်။ သဘာဝရွက်ဖျန်းမြေဩဇာ ပြုလုပ်ရာတွင် အချိုဓာတ်ဖြည့်ပေးရန် ထန်းလျက် (သို့မဟုတ်) တင်လဲရည်၊ အဆွေးမြန်ရန် ပုလဲဓာတ်မြေဩဇာ၊ အချဉ်ဖောက်ရန် ထန်းရည်ခါး (သို့မဟုတ်) အရက်ဦးရေ (သို့မဟုတ်) ဒိန်ချဉ် (သို့မဟုတ်) ရှာလကာရည်နှင့် အကျိုးပြု အဏုဇီဝများ ပါဝင်သည့် အီးအမ်(EM)တို့ လိုအပ်သည်။

လိုအပ်သောပစ္စည်းများကို စဉ့်အိုး (သို့မဟုတ်) အုတ်ကန်ထဲတွင် ဖိသိပ်၍ ထည့်ပြီး ပစ္စည်းတစ်ဆလျှင် ရေနှစ်ဆနှုန်းဖြင့်ရော၍ အဖုံးလုံအောင် အုပ်ပေးထားရမည်။ အချိုးကျ ရောစပ်ထားသောအရည်ကို မနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညနေ တစ်ကြိမ် မွှေပေးရမည်။ ၁၀ ရက်မှ ၁၅ ရက်ကြာသည်အထိ အငွေ့သေအောင် မွှေပေးရမည်။ နှစ်လကြာလျှင် သဘာဝ ရွက်ဖျန်းမြေဩဇာ အရည်ကို စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ အပင်ငယ်စဉ်တွင် သဘာဝရွက်ဖျန်း မြေဩဇာ အမျိုးအစားအပေါ်မူတည်၍ မြေဩဇာအရည် တစ်ဆလျှင် ရေအဆ ၁၀၀-၁၅၀ ခန့် ရောစပ်အသုံးပြုရမည်။ အပင်ကြီးလာပါက သဘာဝ ရွက်ဖျန်း မြေဩဇာအမျိုးအစားအပေါ် မူတည်၍ မြေဩဇာအရည် တစ်ဆလျှင် ရေအဆ ၅၀-၁၀၀ ခန့် ရောစပ်၍ အသုံးပြုရမည်ဖြစ်သည်။ နှစ်ရက်ခြား တစ်ခါဖြစ်စေ၊ အပင်အခြေအနေအပေါ်မူတည်ပြီး အကြိမ်အရေအတွက်ကို ချိန်ဆ၍ဖြစ်စေ ဖျန်းပေးရန် လိုအပ်သည်။

သဘာဝရွက်ဖျန်းမြေဩဇာကို အသုံးပြုခြင်းဖြင့် သီးနှံများ အစေ့အဆန် ပြည့်ဝစေခြင်း၊ အထွက်နှုန်းကောင်းစေခြင်း၊ အရည်အသွေး ကောင်းမွန်စေခြင်း နှင့် တစ်ဧက ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

သစ်စိမ်းမြေဩဇာ

စိုက်ပျိုးရေးကဏ္ဍတွင် သစ်စိမ်းမြေဩဇာသည်လည်း အရေးကြီးသော ကဏ္ဍတစ်ခု ဖြစ်သည်။ သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော်၊ ဘောစကိုင်း၊ ညံ၊ ထိကရုန်း၊ မြေနိမ့်ချယ်ရီ(Gliricidia)နှင့် ပဲလွမ်းစသည့် ပဲမျိုးရင်းဝင်များကို စိုက်ပျိုး၍ အသုံးပြုနိုင်သည်။ ယင်းတို့မှ အပင်အတွက်လိုအပ်သော နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်စီယမ်ဓာတ်နှင့် အနည်းလို အာဟာရဓာတ်များ ရနိုင်သည်။ သစ်စိမ်းမြေဩဇာ အမျိုးအစားအလိုက် တစ်ဧကလျှင် မျိုးစေ့ ၄-၆ ပြည် အသုံးပြုရမည်။ သစ်စိမ်းမြေဩဇာအဖြစ် အများဆုံးအသုံးပြုသည့် သီးနှံပင်သုံးမျိုးကို ထယ်ထိုးမြေမြှုပ်ပါက အာဟာရဓာတ်ရရှိနိုင်မည့် အခြေအနေကို အောက်ပါဇယားအတိုင်း သိရှိနိုင်သည်။

သစ်စိမ်းမြေဩဇာပင် အမျိုးမျိုးတွင် ထယ်ထိုးနှစ်မြှုပ်သော အပင်သက်တမ်းအလိုက် မြေမှ အာဟာရဓာတ်ရရှိမှုအခြေအနေ

သစ်စိမ်းပင်	ထယ်ထိုးသည့်	မြေမှရရှိမည့်အာဟာရဓာတ်(ပေါင်/ဧက)		
	အပင်ရက်သား	နိုက်ထရိုဂျင်	ဖော့စဖရပ်စ်	ပိုတက်ရှ်
ပိုက်ဆံလျှော်	၄၅	၈၆	၁၁	၄၈
ပိုက်ဆံလျှော်	၆၅	၆၂	၈	၁၉
ပဲလွမ်း	၄၅	၇၄	၁၁	၂၈
ပဲလွမ်း	၇၅	၃၀	၇	၁၅
မတ်ပဲ	၄၅	၅၆	၁၀	၂၅
မတ်ပဲ	၇၅	၃၆	၅	၁၂

မြေနိမ့်ချယ်ရီသည် ပဲမျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပြီး မခုတ်ဖြတ်ဘဲ ထားပါက ၃၀-၃၆ ပေအထိ ကြီးထွားနိုင်သည်။ မြေအမျိုးအစားများစွာ၌ အလွယ်တကူ စိုက်ပျိုးနိုင်ခြင်းကြောင့် လယ်မြေတွင်သာမက ယာမြေများ၊ ခြောက်သွေ့သော အပူပိုင်းဒေသများတွင် လေကာတန်းပင်အဖြစ် အသုံးပြုနိုင်သည်။ မြေနိမ့်ချယ်ရီကိုစိုက်ပျိုးရန် သီးခြားမြေမလိုအပ်ဘဲ ကန်သင်းရိုးတွင် စိုက်ပျိုးနိုင်သည်။ ထို့အပြင် ကော်ဖီပင်များအတွက် အရိပ်ပင်အဖြစ် အသုံးပြုနိုင်သော အကြမ်းခံပင်ဖြစ်သည်။

သီးနှံစိုက်ရာသီတိုင်းတွင် မြေနိမ့်ချယ်ရီပင်များမှ ရရှိလာသည့် သစ်ကိုင်းများကို စိုက်ခင်းထဲသို့ ထည့်သွင်းပေးနိုင်သည်။ အသုံးပြုရာတွင် အပင်များကို ခုတ်ပြီး လယ်မြေတွင် ပျံ့နှံ့အောင် ဖြန့်ခင်းပါ။ ၁၀ ရက် အကြာတွင် အရွက်များ ကြွေသွားပြီး ကိုင်းခြောက်များကို ထင်းအဖြစ်လည်းကောင်း၊ ခြံစည်းရိုးတိုင် အဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ပျံ့နှံ့နေသော အရွက်များကို စက်ဖြင့်ဖြစ်စေ၊ နွားထယ်ဖြင့်ဖြစ်စေ ထယ်ထိုးမြေမြှုပ်ရပါမည်။ မြေနိမ့်ချယ်ရီသည် နိုက်ထရိုဂျင်ဓာတ် ကြွယ်ဝခြင်းကြောင့် လယ်မြေတစ်ဧကလျှင် နှစ်တန်နှုန်း ထည့်ပေးခြင်းဖြင့် စပါးအထွက် ၂၅- ၃၀ ရာခိုင်နှုန်း တိုးလာနိုင်သည်။ နှစ်ရှည် ထည့်သွင်းပေးလျှင် မြေဆီဩဇာ ထက်သန်လာနိုင်သည်။ တောင်သူများအတွက် စိုက်ပျိုးရလွယ်ကူသည့်အပြင် ကုန်ကျစရိတ်လည်း သက်သာသည်။

ဇီဝမြေဩဇာများ

ဇီဝမြေဩဇာဆိုသည်မှာ အပင်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အကျိုးပြုနိုင်သည့် အဏုဇီဝသက်ရှိများပါဝင်သော မြေဩဇာကို ဆိုလိုသည်။ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် သဘာဝမြေဩဇာ သုတေသနများအပြင် ဇီဝမြေဩဇာဖြစ်သည့် ပဲမြစ်ဖု ဇီဝမြေဩဇာ၊ ထရိုင်ခိုဒါးမားမှို၊ အီးအမ်ဘိုကာရှီ စသည်တို့ကို သုတေသနပြု ထုတ်လုပ်လျက်ရှိသည်။

စာမျက်နှာ ၂၆ သို့

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း အော်ဂဲနစ်သံပရာစိုက်ပျိုးထုတ်လုပ်သူ ပုံမှန်ဈေးကွက် ရရှိနေ

နေပြည်တော် ဩဂုတ် ၂

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးတွင် မြန်မာနိုင်ငံ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူအသင်းမှ အသိအမှတ်ပြုလက်မှတ်ရရှိထားသူတစ်ဦးဖြစ်သည့် ကိုပြည့်ဝဆိုသူက ထိုင်းနိုင်ငံထုတ်သံပရာမျိုးကို သဘာဝမြေသြဇာ (အော်ဂဲနစ်)နည်းဖြင့် စိုက်ပျိုးလျက်ရှိရာ ခူးဆွတ်ပြီး သံပရာသီးများကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ စားသုံးသူများထံ တိုက်ရိုက်ဖြန့်ဖြူးခြင်းစနစ်ဖြင့် ဖြန့်ဖြူးရောင်းချ၍ ဈေးကွက်ခိုင်မာပြီး စီးပွားရေး တွက်ခြေကိုက်လျက်ရှိသည်။

ယင်းစိုက်ပျိုးရေးခြံမှာ ၁ ဒသမ ၃ ဧက အကျယ်အဝန်းရှိပြီး အပင်အရေအတွက် ၁၉၁ ပင်ရှိကာ ရက်သတ္တပတ်လျှင် ၁၀၀ ကီလိုခန့် ခူးဆွတ်၍ စာချုပ်ချုပ် ရောင်းချနေရကြောင်း ခြံပိုင်ရှင် ကိုပြည့်ဝက ပြောသည်။

“အခုဆိုရင် အပင်သက်တမ်းက သုံးနှစ်ကျော်ခန့် ရှိပါပြီ။ မျိုးက ထိုင်းနိုင်ငံထုတ် (ဖန်ပိကျစ် -2) လို့ ခေါ်ပါတယ်။ တစ်ပင်မှာ သီးတဲ့အသီးနှုန်းက ၅၀၀ ကနေ ၆၀၀ အထိ သီးတယ်။ တစ်နှစ်ပတ်လုံးသီးတဲ့မျိုးလည်း ဖြစ်ပါတယ်။ မန္တလေးနဲ့ရန်ကုန်မြို့မှာရှိတဲ့ အော်ဂဲနစ်သစ်သီးဆိုင်တွေကို ကြားပွဲစားမရှိ အဓိက ပို့ဆောင်ရောင်းချတာဖြစ်ပြီး နေပြည်တော်မှာတော့ Junction နဲ့ Ocean စင်တာတွေကို ပို့ဆောင်ရောင်းချနေတာ ဖြစ်ပါတယ်။ ကျွန်တော် ပို့ဆောင်ရတဲ့ လက်ကားဈေးနှုန်းကတော့ ၁ ကီလိုကို ငွေကျပ် ၁၄၀၀ ရရှိပါတယ်။ ဒီရာသီမှာ လက်လီဈေးက တစ်လုံး ငွေ ကျပ် ၅၀ ရပါတယ်။ နွေရာသီဆိုရင်တော့ တစ်လုံး ငွေကျပ် ၁၅၀ ကနေ ၂၀၀ အထိ ရရှိတယ်။ အဓိကက ခူးဆွတ်ပြီးပြီးချင်း အခိုးထွက်အောင်ထားရတယ်။ အဲဒီမှာအခွံလည်း ပါးသွားသလို အရည်လည်း ရွှမ်းလာပြီး အခွံမှာပါတဲ့ အခါးဓာတ်လည်း လျော့ကျသွားတယ်။ လာမယ့်နှစ်မှာ ပျဉ်းမနားမြို့နယ် ကျီးအင်းရွာမှာရှိတဲ့ မြေတစ်ဧကခွဲမှာလည်း မြန်မာသံပရာကို ထပ်မံစိုက်ပျိုးဖို့ စီစဉ်ထားပါတယ်” ဟု ၎င်းက ပြောသည်။

အော်ဂဲနစ်သံပရာပျိုးပင်များ ပြုလုပ်နေစဉ်။

ထို့အပြင် အဆိုပါခြံပိုင်ရှင်မှာ ထိုင်းနိုင်ငံထုတ် (ဖန်ပိကျစ် -2) သံပရာမျိုးပျိုးပင်များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူဖြစ်ကြောင်း သိရသည်။

“ ခူးဆွတ်ပြီးတဲ့ အသီးများသွားရင်ဖြစ်စေ၊ ကိုယ်ပို့မယ့် ဈေးကွက်ထဲမှာ သံပရာသီး များနေတာမျိုး ဖြစ်ရင်ဖြစ်စေ၊ အခိုးထွက်ဖို့ သိုလှောင်တဲ့ အုတ်ကန် ပြုလုပ်ထားရပါတယ်။ လေးလက်မခွဲ အုတ်ကန်နှစ်ထပ် ပြုလုပ်ပြီး အဲဒီအုတ်ကန် နှစ်ထပ်ကြားထဲမှာ သဲထည့်ပြီးတော့ ရေဖျန်းထားလိုက်ရင် သဘာဝအအေးဓာတ်ကို ရရှိနိုင်မှာဖြစ်သလို ခူးဆွတ်ပြီး အသီးတွေကို ရက် ၂၀ ခန့် သိုလှောင်ထားနိုင်မှာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

ကိုပေါက်

ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်း စတင်မြင့်တက်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်ဈေးကွက်အတွင်း ဇူလိုင်လကုန်တွင် ကြက်သွန်နီဈေးနှုန်းများ စတင်မြင့်တက်လာသည်ဟု ပွဲရုံလုပ်ငန်း လုပ်ကိုင်သူများနှင့် နယ်ပို့အဝယ်တော်များထံမှ သိရသည်။

ဇူလိုင် ၁၈ ရက်က ရန်ကုန်ဈေးကွက်အတွင်း ဆိပ်ဖြူ ကြက်သွန်နီလက်ကားတစ်ပိဿာ ၃၇၅-၄၀၀-၄၀၀-၄၂၅ ကျပ်၊ မုံရွာ ကျပ် ၄၀၀-၄၂၅-၄၂၅-၄၀၀ နှုန်းသာ ရှိရာမှ ဇူလိုင် ၃၁ ရက်တွင် ဆိပ်ဖြူတစ်ပိဿာ ကျပ် ၄၇၅-၅၅၀-၅၅၀-၅၅၀ နှုန်းသို့ ဈေးမြင့်တက်လာသည်။ ရန်ကုန်ကုန်စည်ဒိုင်တွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၃ ရက်အထိ ပိတ်ရက်လေးရက်ရှိသဖြင့် ကြက်သွန်နီဈေးတက်လာရသည်ဟု နယ်ပို့အဝယ်တော် ကိုဇော်က ပြောသည်။

သို့သော် ယခင်နှစ်ကာလတူဖြစ်သော၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ ရက်တွင်မူ ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာ ၅၂၅-၇၂၅-၈၀၀-၈၇၅ ကျပ်နှုန်းရှိခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးသော ကြက်သွန်နီ စိုက်ဧကမှာ အကြမ်းဖျင်းတစ်နှစ်လျှင် ဧကပေါင်း ၁၈၀၀၀၀ ဝန်းကျင်ရှိသည် ။ တစ်ဧကပျမ်းမျှ အထွက်ပိဿာချိန် ၄၀၀၀ ခန့်ဖြင့် တစ်နှစ်လျှင် ကြက်သွန်နီအထွက်သိန်းပေါင်း၇၀၀၀ ဝန်းကျင်ရှိသည်။ ပြည်တွင်းပိုလျှံနိုင်သည့် ကြက်သွန်နီ ပမာဏမှာ ခန့်မှန်းတွက်ချက်မှုအရ တစ်နှစ်လျှင် အကြမ်းဖျင်း ပိဿာချိန်သိန်းပေါင်း ၂၅၀၀ ဝန်းကျင်ရှိနိုင်သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက် မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ပြည်ပသို့ ကြက်သွန်နီတန်ချိန် ၈၇၈၃၂ တန် ပိဿာချိန်သိန်း ၅၅၀ ဝန်းကျင်တင်ပို့ခဲ့သည်ဟု သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ သိရသည်။ **ခင်ဆိုင်**

ပြည်ပဈေးကွက် ကြိုတင်ချိတ်ဆက်ထား၍ အရည်အသွေးကောင်းကောင်းနှင့် တတ်နိုင်သလောက် စိုက်ပျိုးရန် ဖရဲ၊ သခွားမွေးအသင်း တိုက်တွန်းပြောကြား

ရန်ကုန် ဩဂုတ် ၂

ဖရဲ၊ သခွားမွေး နိုင်ငံတကာဈေးကွက်သို့ ကြိုတင်ချိတ်ဆက်ထား၍ အရည်အသွေးကောင်းကောင်းနှင့် တတ်နိုင်သလောက် စိုက်ပျိုးကြရန် မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းက တိုက်တွန်းပြောကြားသည်။

“အရင်လောက်တော့ ဧကအပြည့် မစိုက်တော့ဘူး။ ဒီနှစ်တော့ ကိုဗစ်- ၁၉ ကြောင့် နည်းနည်းလျော့မယ်။ စိုက်တော့ စိုက်ကြမှာပါ။ စက်တင်ဘာလပိုင်းဆို စိုက်ဧကတွေ တိတိကျကျ သိရပြီ။ အခုတချို့ ပျိုးသူပျိုးကုန်ပြီ၊ စိုက်လို့ ပေါ်တဲ့သူလည်း ပေါ်ကုန်ပြီ။ ပို့ကုန်က နိုဝင်ဘာကနေ မေလပိုင်းအထိပဲ ပို့ရတာပါ။ ဇွန်လမှ ဩဂုတ်လအထိ အဲဒီသုံးလက ပြည်တွင်းက ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ super market တွေပဲ ရောင်းချရတယ်။ ပို့ကုန်ကာလမှာတော့ များများစိုက်တယ်။ နန်နင်းက စီးပွားရေး သံမှူးနဲ့ စင်ကာပူက စီးပွားရေးသံမှူးတွေက နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး တင်ပို့ဖို့ လုပ်နေပါပြီ။ နန်နင်းက စီးပွားရေးသံမှူးက တင်ပို့တဲ့ ဖရဲ၊ သဖွားမွေးတွေကို ဓာတ်ပုံနဲ့ ဈေးနှုန်းတွေ တောင်းခံနေပါပြီ။

မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (MITC)ကလည်း ချိတ်ပေးနေပါတယ်။ သခွားမွေးဆို ဒူဘိုင်းအထိတောင် ပို့ဖို့လုပ်နေပါပြီ။ သရက်သီးကိုလည်း ဒူဘိုင်းက အော်ဒါတောင်းနေပါပြီ။ စိုက်မယ့်သူတွေကို အရည်အသွေးကောင်းအောင်စိုက်ရမယ်။ ကိုယ်အရှုံးခံနိုင်တဲ့ ဝန်နဲ့အားကို ချိန်ပြီး စိုက်ရမယ်။ တစ်ပိုင်တစ်နိုင်လေးကြိုးစားပြီး စိုက်ကြဖို့ ပြောပါတယ်။

အရင်နှစ်တွေထက် ထူးခြားတာက ပြည်ပအော်ဒါတက်တာပဲ” ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌဦးနိုင်ဝင်းက ပြောသည်။

နှစ်စဉ် ပုံမှန်စိုက်ဧကမှာ ဖရဲဧက ၁ သိန်းခန့်၊ သခွားမွေးဧက ၃၅၀၀၀ ခန့် စိုက်ပြီး မျိုးစေ့မှာ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့မှ ဖြစ်သည်။ စိုက်ပျိုးရေးဆေးများကို ပြည်ပမှ အဓိက ဝယ်ယူရပြီး ပြည်တွင်းမှ စိုက်ပျိုးရေးဆေးများကိုလည်း ထုတ်လုပ်လာပြီ ဖြစ်သည်။

သန့်ဇင်ဝင်း

စာမျက်နှာ ၂၅ မှ

ထရိုင်ခိုဒါးမားမှို

ထရိုင်ခိုဒါးမားမှိုသည် သီးနှံစိုက်ခင်းမြေများတွင် သဘာဝအတိုင်း ရှိနေသော အကျိုးပြု ဇီဝသက်ရှိမှိုတစ်မျိုးဖြစ်သည်။ အကျိုးသက်ရောက်မှုကောင်းသော ထရိုင်ခိုဒါးမား မှိုမျိုးများသည် သီးနှံပင်ကြီးထွားမှုကို အားပေးပြီး သီးနှံမြေဆောင်ရောဂါများကို ကာကွယ်ပေးနိုင်သည်။ သို့ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သုတေသနပြုလုပ်ပြီး အကျိုးပြု ထရိုင်ခိုဒါးမားမှိုတစ်မျိုးကို ရှာဖွေဖော်ထုတ်ကာ ယခုအခါ အဆိုပါမှိုမျိုး တစ်ထုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထရိုင်ခိုဒါးမားမှိုကို မြေဆွေးပြုလုပ်ရာတွင်လည်းကောင်း၊ မျိုးစေ့ဆေးစီရင်ရာတွင်လည်းကောင်း၊ ပျိုးအိုး၊ ပျိုးထုပ်၊ ပျိုးပေါင်များတွင်လည်းကောင်း၊ ရောဂါကျစိုက်ခင်းများတွင်လည်းကောင်း အမျိုးမျိုး ထည့်သွင်းအသုံးပြုနိုင်သည်။ ထရိုင်ခိုဒါးမားမှိုကို အသုံးပြုပြီး ထရိုင်ခိုဒါးမားမြေဆွေးကို ထုတ်လုပ်နိုင်သည်။ ထရိုင်ခိုဒါးမားမြေဆွေးကို ပြုလုပ်ရာတွင် ထရိုင်ခိုဒါးမားမှို ၁၀ ထုပ်ကို နွားချေး နှစ်တင်း၊ ဖွဲနု ငါးပြည်တို့နှင့် သမအောင်ရောစပ်၍ အစိုဓာတ် အသင့်အတင့်ဖြင့် နှံ့စပ်အောင်နယ်ပါ။ ထရိုင်ခိုဒါးမားမြေဆွေးအရောကို ပလတ်စတစ် (သို့မဟုတ်) မိုးကာဖြင့် ၅- ၇ ရက်အကြာ လုံခြုံအောင် ဖုံးအုပ်ထားပေးခြင်းဖြင့် အသုံးပြုနိုင်သော ထရိုင်ခိုဒါးမားမြေဆွေးကို ရရှိသည်။ အဆိုပါ ပမာဏသည် စိုက်ခင်း တစ်ဧကစာအတွက် လုံလောက်သည်။ ပွားများရန် အခြေအနေမပေးပါက တစ်ဧကလျှင် မှိုမျိုးထုပ် ၆၀ ကို စိုက်ခင်းထဲသို့ တိုက်ရိုက်ကြဲပြီး ထွန်မွှေ၍ သုံးနိုင်သည်။ ၎င်းကို နောက်ဆုံးထယ်ရေးပြင်ချိန်တွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် နှမ်းရိုးမဲရောဂါ၊ ခါးရိုရောဂါ၊ မြစ်ခြောက်ဆွေးရောဂါ၊ မြစ်ပုပ်ရောဂါ၊ မြက်ဖုံးခြောက်ရောဂါ၊ ပင်ညှိုးရောဂါ၊ ပင်ရင်းပုပ်ရောဂါများကို ကာကွယ်နိုင်သည်။

ထရိုင်ခိုဒါးမားမှိုကို အသုံးပြုခြင်းဖြင့် အပင်ကြီးထွားမှုကို အားပေးသည့် ဟော်မုန်းများ ထုတ်ပေးနိုင်ခြင်း၊ အပင်၏ အာဟာရများ စုပ်ယူအသုံးပြုမှုကို တိုးစေနိုင်ခြင်း၊ အပင်များအတွက် အနည်းလိုအာဟာရဓာတ်များ(Mn, Fe, Zn, Cu, Rock Phosphate)ကိုလည်း ပျော်ဝင်အောင် ကူညီပေးခြင်း၊ အပင်အတွက် နိုက်ထရိုဂျင် အသုံးပြုမှုစွမ်းရည်ကို တိုးတက်စေနိုင်ခြင်း၊ အပင်များအား အာဟာရချို့တဲ့ခြင်း၊ ရေငတ်ခြင်း၊ မြေဆောင်၊ မျိုးစေ့ဆောင် ရောဂါများကို ခံနိုင်ရည်ရှိစေခြင်းဖြင့် သီးနှံပင်များ ကြီးထွားဖွံ့ဖြိုးမှုကို အားပေးခြင်း၊ ပျိုးခင်း ပျိုးပေါင်များတွင် အသုံးပြုခြင်းဖြင့် ပျိုးပင်ကို ကျန်းမာသန်စွမ်းစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ပဲမြစ်ဖုဇီဝမြေသြဇာ

ပဲမြစ်ဖု ဇီဝမြေသြဇာဆိုသည်မှာ လေထဲမှ နိုက်ထရိုဂျင် ဖမ်းယူနိုင်သော ဘက်တီးရီးယား(Rhizobium)များသည် ပဲမျိုးရင်းဝင်အပင်များ၏ အမြစ်များတွင် ပဲမြစ်ဖုများကို ဖြစ်ပေါ်စေပြီး အပင်ကြီးထွားမှုကို အားပေးသည့် ဇီဝမြေသြဇာဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပဲမြစ်ဖုဇီဝမြေသြဇာ ထုတ်လုပ်ရာတွင် ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုတ်၊ ပဲလွမ်းစသည့် ပဲခုနစ်မျိုးအတွက် သီးခြားစီ ထုတ်လုပ်ထားပြီး တောင်သူများကို ဖြန့်ဝေပေးလျက်ရှိသည်။ တစ်ထုပ်လျှင် အလေးချိန် ၁၅၀ ဂရမ် ပါဝင်ပြီး တစ်ဧကအတွက် ပဲမြစ်ဖု ဇီဝမြေသြဇာ ၁-၂ ထုပ်နှုန်း အသုံးပြုနိုင်သည်။ တစ်ထုပ်ကို ကျပ် ၅၀၀ နှုန်းဖြင့် ဝယ်ယူအသုံးပြုနိုင်သည်။

ပဲမြစ်ဖု ဇီဝမြေသြဇာကို အသုံးပြုရာတွင် တစ်ဧကစာအတွက် လိုအပ်သော မျိုးစေ့နှင့် ဇီဝမြေသြဇာ နှစ်ထုပ်ကို လူးနယ်၍ ရေကို အပေါ်မှ စိုစွတ်ရုံဖျန်းပြီး နှံ့စပ်အောင် နယ်ပါ။ မျိုးစေ့ကို လူးနယ်ပြီး ချက်ချင်းစိုက်၍ မြေဖုံးပါ။ လူးနယ်ခြင်းကို အရိပ်အောက်တွင် ဆောင်ရွက်ပါ။

ပဲမြစ်ဖု ဇီဝမြေသြဇာကို အသုံးပြုခြင်းဖြင့် ပဲပင်များအတွက် လိုအပ်သော နိုက်ထရိုဂျင်ကို ဈေးနှုန်းချိုသာစွာဖြင့် ဖြည့်ဆည်းနိုင်ခြင်း၊ မြေမှ နိုက်ထရိုဂျင် လျော့ပါးမှုကို ကာကွယ်ခြင်း၊ ပဲအပြီး သီးထပ်စိုက်ပျိုးထားသော ဒုတိယသီးနှံ၏ အထွက်တိုးရေးကို သွယ်ဝိုက်အကျိုးပြုခြင်း၊ နိုက်ထရိုဂျင်မြေသြဇာသုံးရန် မလိုတော့သဖြင့် နိုက်ထရိုဂျင်မြေသြဇာကို အခြား သီးနှံများတွင် ပိုမိုသုံးစွဲနိုင်ခြင်း၊ ပဲမျိုးအလိုက် ၂၇-၄၈ ရာခိုင်နှုန်းအထိ အထွက်တိုးစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

အီးအမ်ဘိုကာရှီ

အီးအမ် (EM) ဆိုသည်မှာ အကျိုးပြုအဏုဇီဝ (Effective Micro-organism)များဖြစ်ပြီး သဘာဝတွင်ရှိနေသော Latic acid bacteria, Yeast, Photosynthesis bacteria, Actinomycetes နှင့် Fermenting Fungi များ ပါဝင်သော အရည်ဖြစ်သည်။ ဘိုကာရှီဆိုသည်မှာ ဂျပန်ဝေါဟာရတစ်ခုဖြစ်ပြီး အီးအမ်ထည့်ပေးထားသော အော်ဂဲနစ်ပွားစာ EM inoculated organic source ဖြစ်သည်။

အီးအမ်ဖျော်ရည်အပြင်၊ တင်လဲရည်နှင့် ရေရိုးရိုးတို့ကို (၁:၄:၉၅) အချိုးအတိုင်းရော၍ အဖုံးပါသောဖန်ပုလင်း(သို့)ပလတ်စတစ်ဘူးတွင်ထည့်၍ အဖုံးလုံအောင်ပြန်ပိတ်ပြီး မှောင်သော နေရာတွင် ထားပါ။ နေ့စဉ် ပုလင်းကိုလှုပ်၍ အတွင်းမှဓာတ်ငွေ့များ ဖွင့်ထုတ်လျှင် ပထမဖျော်ရည်အရောင်သည် အညိုရင့်ဖြစ်နေရာမှ တစ်ပတ်ခန့်ကြာလျှင် ကြံရည်ရောင်ပြောင်းသွားပြီး အနံ့မှာလည်း ချိုချဉ်နံ့မျိုး ရလာပါက သုံးစွဲနိုင်သည့် အသင့်သုံး အီးအမ်ကို ရရှိပြီဖြစ်သည်။ ယခုအခါ အသင့်သုံးအီးအမ်ကို ဈေးကွက်များတွင်လည်း အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သည်။ အသင့်သုံးအီးအမ်ကို သုံးစွဲသောအခါ အသင့်သုံးအီးအမ်ဖျော်ရည်၊ သကာရည်နှင့် ရေရိုးရိုးတို့ကို(၁: ၁: ၁၈) အချိုးအတိုင်း ရောရမည်။

ကောက်ရိုးအီးအမ်ဘိုကာရှီမြေဆွေးကို ကောက်ရိုးနှင့် အသင့်သုံးအီးအမ် အသုံးပြု၍ ပြုလုပ်နိုင်သည်။ ပြုလုပ်ရာတွင် ပထမဦးစွာ အလျား ခြောက်ပေ၊ အနံ သုံးပေ၊ ထု ခြောက်လက်မရှိ ကောက်ရိုးတစ်လွှာစာအတွက် အီးအမ် ၁၅၀ စီစီကို ရေ ၄၀ လီတာဖြင့် ရောပါ။ ကောက်ရိုးကို ဖျော်ရည်ထဲတွင်နှစ်ပြီး ညီညာစွာ ဖြန့်ခင်းပါ။ နွားချေး သုံးပြည်၊ ဖွဲနု သုံးပြည်နှင့် ထုံး တစ်ပြည်တို့ကို သမအောင်ရော၍ ကောက်ရိုးလွှာပေါ်တွင် ညီညာစွာ ဖြန့်ဖြူးပါ။ ထိုကဲ့သို့ အလွှာ ခြောက်လွှာရအောင် လုပ်ပြီးမှ ပလတ်စတစ် အုပ်ပါ။ သင့်တင့်သော အပူချိန်(မြေဆွေးပုံထဲသို့ လက်ထိုးကြည့်လျှင် နွေးနေသောအခြေအနေ)နှင့် စိုထိုင်းဆ ရှိနေစေရန် နေ့စဉ် ရေလောင်းပေးပြီး ပလတ်စတစ်ဖြင့် လုံအောင်ပြန်အုပ်ထားပါ။ ၁-၂ ပတ်ခန့်ကြာလျှင် အထက်အောက်လှန်ပေးပြီး ပလတ်စတစ်ဖြင့် ပြန်အုပ်ပါ။ သုံးပတ်ခန့်ကြာလျှင် အသုံးပြုနိုင်သော ကောက်ရိုး အီးအမ်ဘိုကာရှီမြေဆွေးကို ရရှိပါမည်။

သီးနှံစိုက်ခင်း တစ်ဧကအတွက် အဆိုပါ ကောက်ရိုး အီးအမ်ဘိုကာရှီ မြေဆွေးပုံ ၅- ၆ ပုံခန့် ထည့်သွင်းအသုံးပြုရမည်။ ကောက်ရိုးအီးအမ်ဘိုကာရှီ အသုံးပြုခြင်းဖြင့် မြေသားဖွဲ့စည်းမှုကို ပိုမိုကောင်းမွန်စေပြီး ထည့်သွင်းသော ဓာတ်မြေသြဇာများကို အပင်က အကျိုးရှိစွာ ပိုမိုအသုံးပြုနိုင်သည်။ မြေတွင် သစ်ဆွေးဓာတ်များ တိုးတက်လာစေပြီး မြေဆီသြဇာ ပြန်လည်ထက်သန်လာစေနိုင်သည်။

ငါးအမိုင်နိုရွက်ဖျန်းအားဆေးရည်

ငါးအမိုင်နိုရွက်ဖျန်းအားဆေးရည်ဆိုသည်မှာ ငါးအရိုးစုံ ၊ တင်လဲရည်နှင့် ရေတို့ ရောစပ်ထားသော အားဆေးရည်ဖြစ်သည်။ ငါးအမိုင်နို ရွက်ဖျန်းအားဆေးရည် ပြုလုပ်မည်ဆိုပါက ငါးအရိုးစုံ နှစ်ပိဿာကို နုတ်နုတ်စဉ်းပြီး တင်လဲရည် နှစ်လီတာနှင့် ရေ ခြောက်လီတာတို့ဖြင့် ရောစပ်ပြီး သမအောင် ရောမွှေရမည်။ ၎င်းနောက် အဝတ်ပါးပါးဖြင့် ဖုံးအုပ်ပေးပြီး အေးမြသောနေရာတွင်ထား၍ တနေ့တစ်ကြိမ် မွှေပေးရမည်။ တစ်လကြာလျှင် အဖတ်များကို ရေစစ်ဖြင့်စစ်ပြီး စစ်ထုတ်ရည်ကို စတင်အသုံးပြုနိုင်သည်။ စစ်ထားသောအရည်များကို သုံးလအတွင်း သုံးစွဲရမည်။

သုံးစွဲပုံမှာ သီးနှံများစိုက်ခါစတွင် အားဆေးရည် ၃၀ စီစီနှင့် ရေ တစ်ဂါလန် ရောစပ်၍ နှစ်ရက်ခြားတစ်ခါ ဖျန်းပေးရမည်။ အပင်ခုနစ်ရက်သားတွင် ဆေးရည် ၆၀ စီစီနှင့် ရေတစ်ဂါလန် ရောစပ်၍ ဖျန်းရမည်ဖြစ်ပြီး အပင် အခြေအနေ အပေါ် မူတည်၍ အဆတိုးဖျန်းပေးရန် လိုအပ်သည်။ အားဆေးရည် အာနိသင် ပိုမိုကောင်းမွန်စေရန် မနက်နေထွက်ချိန်တွင် ဆေးဖျန်းသင့်သည်။ ငါးအမိုင်နို အားဆေးရည်ကို အသုံးပြုခြင်းဖြင့် သီးနှံပင်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်စေသည်။ ဓာတုရွက်ဖျန်းအားဆေးများ သုံးစွဲမှုကိုလျှော့ချနိုင်ခြင်းကြောင့် ကုန်ကျစရိတ် သက်သာစေသည်။ ။

Chinese 8 Ball ဗိုလ်လုပွဲသို့ ခြေလှမ်းပြင်နေသည့် မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား အားတီ

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား အားတီ

2020 8 Battle Chinese Pool Super Match ဟု ခေါ်ဆိုသော Chinese 8 Ball ပြိုင်ပွဲကြီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ကစားသမားရှစ်ဦးဖြင့် ပြီးခဲ့သည့် ဇူလိုင် ၁၈ ရက်မှ စတင်ကျင်းပခဲ့သည်။ ကစားသမားရှစ်ဦးကို ပထမအဆင့် အုပ်စုပတ်လည်အဖြစ် တစ်ဦးကို ခုနစ်ပွဲစီ ကစားစေခဲ့ရာ ဇွန်လတတိယပတ်ကျမှ ပထမအဆင့် အုပ်စုပတ်လည်ပွဲများ ပြီးဆုံးခဲ့သည်။

အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်မှ အဆင်သင့်စောင့်နေသော မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် ပလေးအော့ဖ်ပွဲ ဗိုလ်လုပွဲ၌ Liu Hai Tao ကို အနိုင်ယူခဲ့သော Chu Bingjie နှင့် ဆီမီးဖိုင်နယ်ပွဲ ကစားရတော့မည်ဖြစ်သည်။ ပထမနေ့ပွဲကို ဩဂုတ် ၈ ရက်တွင် ကစားရမည်ဖြစ်ပြီး ဒုတိယနေ့ဆီမီးဖိုင်နယ်ပွဲကို ၉ ရက်တွင် ကစားရမည်ဖြစ်သည်။ ယင်းနှစ်ရက်တွင် အနိုင်အရှုံးမပေါ်ဘဲ (တစ်ယောက်တစ်ပွဲစီနိုင်) သရေပွဲဖြစ်နေပါက တတိယနေ့ ဆီမီးဖိုင်နယ်ပွဲအဖြစ် ဩဂုတ် ၁၀ ရက်တွင် ဆက်ပြီးကစားရမည်ဖြစ်သည်။

အားတီသည် ရှစ်ယောက်ပတ်လည် အုပ်စုပွဲစဉ်တွင် ပထမဆုံးပွဲစဉ်မှ ဆဋ္ဌမမြောက်ပွဲစဉ်အထိ ခြောက်ပွဲ ဆက်တိုက် အနိုင်ကစားနိုင်ခဲ့သည်။ ထို့နောက် အုပ်စုနောက်ဆုံးပွဲ ခုနစ်ပွဲမြောက်ပွဲကို Chu Bingjie နှင့် ကစားခဲ့ရာ ၂၁ ပွဲ-၁၁ ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ အားတီသည် Chu Bingjie အား 9 Ball ၌ နှစ်ပွဲအနိုင်ရထားသော်လည်း 8 Ball ကစားနည်းတွင်မူ ယခုပွဲအပါအဝင် နှစ်ပွဲ ရှုံးနိမ့်ထားသည်။

ဗိုလ်လုပွဲရောက်ဖို့လိုအပ်

ထို့ကြောင့် Chu Bingjie နှင့် ထပ်မံတွေ့ဆုံရသည့် ယခု ဆီမီးဖိုင်နယ်ပွဲသည် အားတီအတွက် အလွန်အမင်း အရေးကြီးသော ပွဲဖြစ်သည်မှာ သေချာသည်။ ဆီမီးဖိုင်နယ်ပွဲ နှစ်ပွဲစလုံး အနိုင်ရပါက အားတီသည် 8 Ball ကစားနည်း၌ Chu Bingjie နှင့် နှစ်ပွဲနိုင် နှစ်ပွဲရှုံး ထိပ်တိုက်တွေ့ဆုံမှု ရလဒ်ချင်း တူညီသွားမည်ဖြစ်သည့်အပြင် ကမ္ဘာ့ချန်ပီယံရှစ်ပွဲအလား အဆင့်မြင့်သောပြိုင်ပွဲကြီး၌ ဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိသည့် မှတ်တမ်းကောင်းကိုလည်း ပိုင်ဆိုင်ရရှိနိုင်မည်ဖြစ်သည်။ အမှန်အားဖြင့် Chu Bing Jie ကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲသို့သာ ရောက်ဖို့လိုအပ်သည်။

ဗိုလ်လုပွဲကနေ စောင့်နေသော Zheng Yu Bo ၏ အနေအထားအရ အားတီဗိုလ်စွဲဖို့ များစွာမျှော်လင့်ချက်ရှိသည်။ Zheng Yu Bo သည် Chu Bingjie လောက် ခက်ခဲသော ပြိုင်ဘက်မျိုးမဟုတ်ဟုဆိုနိုင်သည်။ အားတီသည် အုပ်စုပွဲစဉ်လေးပွဲမြောက်ပွဲ၌ Zheng Yu Bo ကို ၂၁ ပွဲ-၁၆ ပွဲဖြင့် အနိုင်ရထားရာ စိတ်ဓာတ်ရေးရာပိုင်းတွင် အသာစီး၌ ရှိနေသည်။ ထို့ကြောင့် အားတီ တည်တည်ငြိမ်ငြိမ်နှင့်ကြိုးစားရမည်မှာ Chu Bingjie ကို ဆီမီးဖိုင်နယ်၌ နောက်ကောက်ကျကျော်ဖြတ်ရေးဖြစ်သည်။

Chu Bingjie သည် ယခုပြိုင်ပွဲ၌ စုစုပေါင်း ၁၁ ပွဲ ကစားထားသူ ဖြစ်သည်။ ယင်း ၁၁ ပွဲမှာ အုပ်စုပွဲ ခုနစ်ပွဲနှင့် ပလေးအော့ဖ်ပွဲ လေးပွဲတို့ဖြစ်ပြီး ကိုးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ် ရှိနေသူဖြစ်သည်။ ရှုံးခဲ့သည့်နှစ်ပွဲမှာ အုပ်စုပွဲစဉ်၌ Yu Hai Tao နှင့် Liu Hai Tao တို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးကို အားတီက အနိုင်ရခဲ့သည်။ အဆိုပါ ရှုံးပွဲနှစ်ပွဲစလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် Chu Bingjie အတွက် ခွဲဘော ကံမလိုက်ခဲ့သောကြောင့် ရှုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

အားတီသည် အုပ်စုနောက်ဆုံးပွဲ၌ Chu Bingjie ကို ၂၁ ပွဲ-၁၁ ပွဲဖြင့် ပွဲပြတ်ရှုံးနိမ့်ခဲ့ရခြင်းမှာလည်း ခွဲဘောက အဖြေထုတ်ပေးသွားခြင်း ဖြစ်သည်။ အားတီနှင့် Chu Bing Jie တို့၏ ယင်းပွဲမှာ ပွဲငယ် ၃၂ ပွဲသာ ကစားခဲ့ရသည့်ပွဲလည်း ဖြစ်သည်။ ၃၂ ပွဲတွင် ခွဲဘော ၁၆ ပွဲ အားတီ ခွဲခဲ့ရပြီး ပထမပိုင်း ၁၀ ကြိမ်တွင် လေးကြိမ်ဝင်ပြီး လေးကြိမ်မဝင်ဘဲ နှစ်ကြိမ်က ပြစ်ဒဏ်ဖြစ်ခဲ့သည်။ ဒုတိယပိုင်း ခြောက်ကြိမ်တွင် တစ်ကြိမ်သာဝင်၍ လေးကြိမ်မဝင်ဘဲ တစ်ကြိမ်က ပြစ်ဒဏ်ဖြစ်ခဲ့သည်။

ထို့ကြောင့် ၁၆ ကြိမ်တွင် ငါးကြိမ်သာဝင်အောင် ထိုးနိုင်ခဲ့ပြီး ရှစ်ကြိမ်မဝင်ဘဲ သုံးကြိမ်က ပြစ်ဒဏ်ဖြစ်သည်ကို တွေ့ရသည်။ အားတီသည် ခွဲဘောမဝင်ခဲ့သည့် ရှစ်ပွဲတွင် သုံးပွဲအနိုင်ရပြီး ငါးပွဲရှုံးခဲ့ကာ ပြစ်ဒဏ်ဖြစ်ခဲ့သည့် သုံးပွဲတွင် နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးခဲ့သည်။ စခွဲဘောဝင်သည့် ငါးကြိမ်တွင်မူ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့သည်။

အားတီသည် Chu Bing Jie နှင့်မထိုးမီ ကစားခဲ့သော ရှေ့ခြောက်ပွဲကို ဆက်တိုက် အနိုင်ရရှိခဲ့ခြင်း၏ အကြောင်းများစွာအနက် စခွဲဘော ကောင်းမွန်ခဲ့မှုများကလည်း အဓိကအချက်တစ်ချက်အနေဖြင့် ပါဝင်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

စခွဲဘောသည် ကိုယ့်အတွက် ကစားခွင့်အလှည့်ကို အဆုံးအဖြတ်ပေးသည့်အတွက် အရေးကြီးခြင်း ဖြစ်သည်။ စခွဲဘောဝင်လျှင် ယင်းပွဲကို ဆက်လက်ကစားခွင့်ရသည်။ စခွဲဘောမဝင်ခဲ့သော် သို့မဟုတ် ဒိုးဘောဝင်သွားခြင်း၊ ခုံအပြင်သို့ ကျော်ထွက်ကျသွားခြင်း ပြစ်ဒဏ်ဖြစ်ခဲ့သော် ယင်းပွဲအား မိမိက ဆက်မထိုးရဘဲ ပြိုင်ဘက်ကစားသမားကို ကစားခွင့်အလှည့်ပေးရသည်။

Chinese 8 Ball ကစားနည်း၏ သဘောမှာ လွယ်လွယ်ပြောရလျှင် ပြောင်ဘောလုံးနှင့် အကွက်ကြားဘောလုံး နှစ်မျိုးတွင် မည်သူက မည်သည့်ဘောလုံးကို ထိုးရမည်ဟု ပုံသေကားကျ အတိအကျသတ်မှတ်မှု မရှိသည့်အတွက် ပို၍ရင်ခုန်စိတ်လှုပ်ရှားစေပြီး ဆွဲဆောင်မှုပိုရှိစေသည်။

ကစားသမားတစ်ယောက်သည် ဘောလုံးခွဲလိုက်သည့်နောက် ခုံပေါ်၌ ပြန့်ကျဲနေသည့် ဘောလုံးကလေးများ၏ အနေအထားအခင်းအကျင်းကို လျှပ်တစ်ပြက်ခဏတာအတွင်း ခြုံငုံသုံးသပ်ပြီး အလွယ်ဆုံး သို့မဟုတ် ထိုးကွက်အကောင်းဆုံး ဘောလုံးကို ရွေးချယ်ထိုးလေ့ရှိသည်။ ဥပမာ ပြန့်ကျဲနေသည့် အခင်းအကျင်းအရ ပြောင်ဘောလုံးလေးများ၏ အနေအထားက မိမိအနိုင်ရဖို့ ထိုးကွက်သာသည့် အနေအထားပိုကောင်းလျှင် ပြောင်ဘောလုံးကို ထိုးရန် ရွေးချယ်သည်။ အကွက်ကြားဘောလုံးလေးများက အခြေအနေပိုကောင်းနိုင်လျှင် အကွက်ကြားဘောလုံးကို ရွေးချယ်ထိုးသည်။

စခွဲဘောအကောင်းဆုံးထိုးနိုင်သူ အနိုင်ရ

မည်သူသည် မည်သည့်ဘောလုံးကို ထိုးရမည်ဟု အတိအကျ သတ်မှတ်မထားသည့်အတွက်လည်း စခွဲဘောက အလွန်အရေးပါသည့် ကစားကွက်ဖြစ်နေခြင်း ဖြစ်သည်။ တြိဂံပုံဆင်ထားသည့် ဘောလုံး ၁၅ လုံးကို ဒိုးဘောဖြင့် အားကုန်ထိုးခွဲရာ ခွဲလိုက်သည်နှင့် ဘောလုံးကလေးများသည် ခုံပေါ်၌ သူရောက်ချင်သလို ရောက်သွားသည်။ အစုအစုကလေးပုံစံ၊ ပြန့်ကျဲနေသည့်ပုံစံစသည်ဖြင့် ဖြစ်ချင်သလို ဖြစ်သွားသည်။ ကျင်းထဲသို့ မည်သည့်ဘောလုံးပဲဖြစ်ဖြစ် တစ်လုံးလုံးဝင်ဝင်၊ နှစ်လုံးဝင်ဝင် ဘောလုံးဝင်သည်နှင့် ယင်းပွဲကို မိမိဆက်ထိုးရသည်။ ဆက်ထိုးရခြင်းသည် အနိုင်ရဖို့အခွင့်အလမ်း ပိုသာစေသော၊ သို့မဟုတ် ထိုးရန် အလွယ်ကူဆုံးသော ဘောလုံးအခင်းအကျင်းကို ရွေးချယ်ခွင့်ရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စခွဲဘောကို အကောင်းဆုံးထိုးနိုင်သူက အနိုင်ရရှိလေ့ပိုများသည်ကို တွေ့ရခြင်းဖြစ်သည်။

ယေဘုယျခြုံငုံပြောရလျှင် အားတီနှင့် ယခုဆီမီးဖိုင်နယ် ကစားရမည့် Chu Bingjie သည် ယခုပြိုင်ပွဲဝင် ကစားသမားများအနက် စခွဲဘောအရည်အသွေး၌ အကောင်းဆုံးကစားသမားတစ်ယောက်ဖြစ်သည်ကို တွေ့ရသည်။ အကောင်းဆုံးဆိုသည်မှာ ဘောလုံးကို ဝင်အောင်ခွဲရာ၌ အမှားအယွင်းနည်းစွာ (အများဆုံး) ဝင်အောင်ခွဲနိုင်သကဲ့သို့ ပြိုင်ဘက်ကစားသမား မဝင်သည်တို့ကိုလည်း ကိုယ့်ပွဲဖြစ်အောင် ကောက်စားနိုင်သည့် အရည်အသွေးနှစ်ရပ်စလုံး ပြည့်စုံကောင်းမွန်သည်ကို ဆိုလိုခြင်းဖြစ်သည်။

တစ်ဖန် Chu Bingjie သည် ၂၀၂၀ ကမ္ဘာ့မာစတာပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံကစားသမားလည်းဖြစ်သည်။ ကစားပုံသွေးအေးသည်။ စိတ်ရှည်သည်။ ကွက်ကျော်မြင်အား ကောင်းသည်။ ခုံပေါ်က အခင်းအကျင်းတစ်ခုလုံးကို လျှပ်တစ်ပြက်အတွင်း အကဲဖြတ်နိုင်မှုနှင့် ဆုံးဖြတ်နိုင်မှု တိကျသေချာသည်။ ပြိုင်ဘက်၏ အမှားနှင့် အားနည်းချက်ကို အခွင့်ကောင်းအဖြစ် ရယူအသုံးချနိုင်မှု၌ ထူးချွန်သည်။

ထိုအရည်အချင်းများနှင့်ဆိုလျှင် ယခုပြိုင်ပွဲ၌ ဗိုလ်စွဲပြီး ချန်ပီယံဆုယူမည့်သူမှာ အခြားသူမရှိဘဲ Chu Bingjie သာ ဖြစ်သည်။ သူသည် ယခုဗိုလ်လုပွဲကနေ စောင့်နှင့်နေသော Zheng Yu Bo ကိုလည်း အုပ်စုပွဲ၌ ၂၁ ပွဲ-၁၂ ပွဲဖြင့် ပွဲပြတ်အနိုင်ရခဲ့သည်။ Zheng Yu Bo ဆိုသူမှာလည်း ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲ၏ နှစ်ထပ်ကွမ်း လက်ရှိ ချန်ပီယံကစားသမားဖြစ်သည်။ Chu Bingjie ၏လက်ရည်သည် ယင်းကဲ့သို့ ထိပ်တန်းအဆင့် လက်ရည်မျိုးဖြစ်ပြီး လက်ရှိ၌လည်း အကောင်းဆုံးလက်ရည်ကို အမြင့်ဆုံးအဖြစ် ရရှိနေသူဖြစ်သည်။

အားတီသည် ယင်းသို့သော အဆင့်မြင့်ကစားသမားနှင့် ဗိုလ်လုပွဲတက်ခွင့် ဆီမီးဖိုင်နယ်ပွဲ ကစားရမည်ဖြစ်သည်။ လက်ရည်ချင်းယှဉ်လျှင် Chu Bingjie ကသာပြီး အားတီက အားနည်းသည်ကို အမှန်အတိုင်း ဝန်ခံရမည်သာဖြစ်သည်။ သို့သော် မည်သည့်ကစားပွဲမဆို အရည်အသွေး အသာစီးရှိမှုတစ်ခုတည်းချည်းမဟုတ်ဘဲ ကံစီးနိုင်မှုလည်း လိုအပ်ပါသေးသည်။ အားတီသည် ဩဂုတ် ၈ ရက်ညတွင် ကမ္ဘာ့ချန်ပီယံကစားသမားကောင်းတစ်ယောက်နှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရပေတော့မည်။ ယင်းတွေ့ဆုံရမှုအခါကို အခွင့်ကောင်းဖြစ်အောင် အစွမ်းကုန်အသုံးချရပေတော့မည်။

ဇေဒီ

လန်ဒန်ဒါဘီ အက်ဖ်အေဖလားဗိုလ်လုပွဲ အာဆင်နယ်တို့ ချယ်လ်ဆီးကို အနိုင်ယူ

အင်္ဂလန်အက်ဖ်အေဖလား ဗိုလ်လုပွဲကြီးကို ဩဂုတ် ၁ ရက် ည ၁၁ နာရီက လန်ဒန်မြို့ခံ ပြိုင်ဘက်နှစ်သင်းဖြစ်သော အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့ လန်ဒန်မြို့ ဝင်ဘာလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အာဆင်နယ်အသင်းအနိုင်ရရှိပြီး အက်ဖ်အေဖလားကို ၁၄ ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

အက်ဖ်အေဖလားဗိုလ်လုပွဲကြီးသို့ အာဆင်နယ်နှင့် ချယ်လ်ဆီးသည် မန်ချက်စတာမြို့ခံနှစ်သင်း မန်ယူနှင့် မန်စီးတီးကိုအနိုင်ယူ၍ တက်ရောက်လာခြင်းဖြစ်သည်။ ယနေ့ပွဲတွင် နှစ်သင်းစလုံး ၃-၄-၃ ကစားကွက်များဖြင့် ပွဲထွက်လာကြ၍ ကွင်းလယ်ဒိုင်အဖြစ် အန်သိုနီတေလာက တာဝန်ယူကိုင်တွယ်ခဲ့သည်။ ပွဲစပြီး ငါးမိနစ်တွင် ဂျီရုဒ်ဖန်တီးမှုမှတစ်ဆင့် ပူလီဆစ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် အာဆင်နယ်အသင်း ပယ်နယ်တီအခွင့်အရေးရရှိကာ တိုက်စစ်မှူး အူဘာမီယန်က အမှားအယွင်းမရှိ သွင်းယူကာ ချေပဂိုးရရှိခဲ့သည်။ ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ချယ်လ်ဆီးအသင်းသည် အားထားရသည့် နောက်တန်းကစားသမား အက်ဇ်ပီလီကျူတာနှင့် တိုက်စစ်မှူး ပူလီဆစ်တို့ ဒဏ်ရာရရှိခဲ့၍ ကစားကွက်အရေးနိမ့်ခဲ့ရာမှ ပွဲချိန် ၆၇ မိနစ်တွင် အူဘာမီယန်းက အာဆင်နယ်အတွက် ဒုတိယမြောက်သွင်းဂိုး သွင်းယူပေးခဲ့သည်။

ယူရိုပါလိဂ်ဝင်ခွင့်ရ

ချယ်လ်ဆီးအသင်းသည် ချေပဂိုး ရရှိရန် ဖိအားပေးကစားခဲ့ရမှာ ပွဲချိန် ၇၃ မိနစ်တွင် ကိုဗာဆစ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရ၍ ထပ်မံအားနည်းခဲ့ရသည်။ ပွဲပြီးချိန်တွင် အာဆင်နယ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲတွင် အူဘာမီယန်သည် အကောင်းဆုံး ခြေစွမ်းပြသည့် ကစားသမားလည်းဖြစ်ခဲ့သည်။ ယင်းနှစ်သင်းတွင် လူငယ်နည်းပြနှစ်ဦး၏ အားပြိုင်မှုများလည်းရှိခဲ့၍ အာဆင်နယ်နည်းပြ အာတီတာသည် အာဆင်နယ်အသင်းကို ပထမဆုံး တာဝန်ယူကိုင်တွယ်သည့်နှစ်မှာပင် ဖလားရရှိခဲ့ခြင်းဖြစ်သည်။ ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့် ၈ ၌သာ ကျေနပ်ခဲ့ရာမှ ဥရောပပြိုင်ပွဲများ လက်လွတ်ရမည့်အခြေအနေတွင် အက်ဖ်အေဖလား ရရှိခြင်းကြောင့် ယူရိုပါလိဂ်တိုက်ရိုက်ဝင်ခွင့်ရခဲ့သည်။

အင်္ဂလန်၏ အထင်ကရ အက်ဖ်အေဖလားပြိုင်ပွဲကြီးကို ၁၈၇၁ ခုနစ်တွင် စတင်ခဲ့ပြီး နှစ်ပေါင်း ၁၄၉ နှစ်ရှိပြီဖြစ်ရာ အာဆင်နယ်သည် ဗိုလ်လုပွဲကို ၂၁ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ကာ ၁၄ ကြိမ် ဗိုလ်စွဲ၍ ခုနစ်ကြိမ်ရှုံးနိမ့်ခဲ့သည်။ ချယ်လ်ဆီးက ၁၄ ကြိမ် တက်ရောက်ခဲ့ပြီး ၈ ကြိမ် ဖလားရရှိထားကာ ၆ ကြိမ် ဒုတိယရရှိသဖြင့် တတိယအအောင်မြင်ဆုံးအသင်းဖြစ်သည်။

မန်ယူ ၁၂ ကြိမ် ရရှိ

အက်ဖ်အေဖလား ပြိုင်ပွဲတွင် ဒုတိယ အအောင်မြင်ဆုံးအသင်းမှာ မန်ယူဖြစ်ပြီး ဗိုလ်လုပွဲကို အကြိမ်၂၀ တက်ရောက်ခဲ့ပြီး ၁၂ ကြိမ် ဖလားရရှိထားပြီး ၈ ကြိမ် ဒုတိယရရှိထားသည်။ စတုတ္ထမြောက်အအောင်မြင်ဆုံး အသင်းမှာ စပါးအသင်းဖြစ်ကာ ချယ်လ်ဆီးအသင်းနှင့် ၈ ကြိမ် ဖလားအရေအတွက်တူညီသော်လည်းဗိုလ်လုပွဲကို ၉ ကြိမ်သာ တက်ရောက်နိုင်ခဲ့ရာ တစ်ကြိမ်ဒုတိယရရှိထားသည်။ ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းသည် အက်စ်တွန်ဗီလာနှင့်အတူ ၇ ကြိမ်စီရရှိထားပြီး နယူးကာဆယ်၊ မန်စီးတီးနှင့် ဘလက်ဘန်းတို့မှာ ခြောက်ကြိမ်စီရရှိထားသည်။ **သီဟ**

မုံရွာမြို့နယ်အတွင်း အကြိုမဲစာရင်းကြည့်ရှုမှု များပြားလာစေရေး အသိပညာပေးကမ်ပိန်းပြုလုပ်

မုံရွာ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ လူစည်ကားရာနေရာများတွင် ၂၀၂၀ ရွေးကောက်ပွဲအတွက် အကြိုမဲစာရင်းလာရောက်ကြည့်ရှုသူ နည်းပါးခြင်းနှင့် ပတ်သက်ပြီး ပြည်သူများစိတ်ဝင်စားမှုမြင့်တက်လာစေရေး အသိပညာပေး ကမ်ပိန်းကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အရပ်ဘက်အဖွဲ့အစည်းကိုးဖွဲ့မှ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲအကြိုကာလတွင် တက်ကြွလှုပ်ရှားသူနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ရွေးကောက်ပွဲအပေါ်တွင် စိတ်ဝင်စားမှုနည်းလာခြင်း၊ ၎င်းတို့၏ လှုံ့ဆော်အားနည်းခြင်းတို့ကြောင့် ပြည်သူလူထု၏ စိတ်ဝင်စားမှု လျော့နည်းလာခြင်းဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများက ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြစ်သည်။

“ မုံရွာမှာဆိုရင် ပထမ အကြိမ် ဇူလိုင် ၂၅ရက်ကနေ ဩဂုတ် ၇ရက်အထိ ပထမအကြိမ် မဲစာရင်းကပ်တယ်။ မဲစာရင်းကပ်ပြီး တစ်ပတ်အချိန်အတွင်းမှာ လာရောက်ကြည့်ရှုတဲ့သူက ၂၀ ရာခိုင်နှုန်းပဲရှိတယ်ဆိုတာသိရတယ်။ ကျွန်တော်တို့ နိုင်ငံက ဒီမိုကရေစီစနစ်ကိုသွားနေတာ ဒီမိုကရေစီရဲ့ အခြေခံသည် ရွေးကောက်ပွဲဖြစ်တယ်။ ရွေးကောက်ပွဲအပေါ်မှာ ပြည်သူစိတ်ဝင်စားမှု မရှိဘူး ဆိုရင် ပါတီအားလုံးရှုံးတယ်လို့မြင်တယ်။ အဲဒီလိုဖြစ်မှာကို စိုးရိမ်တဲ့အတွက် မဲစာရင်းကြည့်ကြဖို့ အသိပညာမြင့်မားလာဖို့အတွက် အခုလိုကမ်ပိန်းကို ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ပါတီအဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက် လုပ်ဆောင်ပေးတာမဟုတ်ဘူး။ ရွေးကောက်ပွဲ အောင်မြင်ဖို့အတွက် ဝိုင်းဝန်းလုပ်ဆောင်ပေးတာဖြစ်တယ်” ဟု ယခုကမ်ပိန်းအား ဦးဆောင်သူ ဒီမိုကရေစီကို ကူညီကြသူများကွန်ရက်အဖွဲ့ တာဝန်ခံ ကိုစိုးဝင်းရွှေက ပြောသည်။

ယနေ့ကျင်းပသည့် ၂၀၂၀ ရွေးကောက်ပွဲအတွက် အကြိုမဲစာရင်းလာရောက်ကြည့်ရှုသူ နည်းပါးခြင်းနှင့် ပတ်သက်ပြီး ပြည်သူများစိတ်ဝင်စားမှု မြင့်တက်လာစေရေး အသိပညာပေးကမ်ပိန်းကို မုံရွာမြို့ရှိ အရပ်ဘက် အဖွဲ့အစည်းကိုးဖွဲ့က မုံရွာမြို့ရှိ လူစည်ကားရာနေရာများနှင့် ကျေးရွာအုပ်စုအချို့တွင် မဲပေးမှု အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ပိုစတာ/ဗီနိုင်းကပ်ခြင်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

သွေးတိုးကျ သွေးတိုးကျ

သန္တိသုခ

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

သွေးတိုးကျဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR012355 (0919)

သွေးတိုးကျ

လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရားလမ်း၊
တိုက်အမှတ် (၄၃)၊ အခန်း(၃၀၁)နေ
(ဦးတင်မျိုးလှိုင်)-ဒေါ်သန်းသန်းဌေးတို့၏သား
မောင်မင်းဆွေ
B.Sc (Engineering–Electronic)(Project Coordinator–SPP Co., Ltd)
နှင့်
မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(၁)၊
၆၇ လမ်း၊ ၄၁x၄၂ ကြား၊ ခ-၅/၂၅ နေ
ဦးမျိုးညွန့်-ဒေါ်ခင်စန်းယု(သူရိန်ဆေးဆိုင်) တို့၏သမီး
မသဥ္ဇာမျိုး
B.Arch (TU–Mdy)(Architect– Asia World Co.,Ltd)

တို့သည် ၈-၇-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ မန္တလေးခရိုင်တရားရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်မင်းဆွေ-မသဥ္ဇာမျိုး

ဖခင်အမည်မှန်

ပျဉ်းမနား အထက(၂) Grade(11.B)တွင် ပညာသင်ကြားနေသော မောင်အာကာမိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၉/ပမန(နိုင်)၀၀၀၁၈၉ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-248)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒေါ်ဌေးဌေးဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၁/၂၀၂၀)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးကျော်ဇင်ဦး (ဘ)ဦးတင်မြင့် ၂/လကန(နိုင်)၀၆၅၂၂၀ မှ ဒေါ်ဇာဇာမြင့် (ဘ)ဦးထွန်းလှိုင် ၇/ရတရ(နိုင်)၀၈၃၆၆၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့အထက(၁) Grade-10 မှ မအေးအေးသိန်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အရဦးသိန်းလှိုင် ၁/ရကန(နိုင်) ၀၃၇၆၁၉ ဖြစ်ပါကြောင်း။

ဦးသိန်းလှိုင်

ဖခင်အမည်မှန်

တောင်သာမြို့ အမှတ်(၅)ရပ်ကွက် မြတ်ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မတုနှိုင်းခင်ကျော် ၉/ဝသန(နိုင်) ၂၆၂၁၃၄၏ ဖခင်အမည်မှန်မှာ ဦးစန်းနိုင် ၅/ကဘလ(နိုင်)၀၄၉၂၀၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သာပေါင်းမြို့နယ် အထက(ခွဲ) မဏ္ဍိုင် G-10မှ မမေသဇင်ဖူး၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်းနိုင် ၁၄/ရကန(နိုင်)၀၉၄၁၂၉ ဖြစ်ပါကြောင်း။

ဦးအောင်ဝင်းနိုင်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(ခွဲ) ကိုင်းပြင်ကြီး၊ တက္ကသိုလ်ဝင်တန်းမှ မသန့်နဒီအောင်နှင့် အဋ္ဌမတန်းမှ မောင်နှင်းလွင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ထွဏ်း ၇/မလန(နိုင်)၀၀၆၂၈၆ ဖြစ်ပါကြောင်း။

ဦးတင်ထွဏ်း

ဖခင်အမည်မှန်

အထက အုတ်ဖို၊ အဋ္ဌမတန်းမှ မနွေးနဒီလှိုင်၏ ဖခင်အမည်မှန်မှာ ဦးငွေးအောင် ၇/အဖန(နိုင်)၀၆၇၁၁၇ ဖြစ်ပါကြောင်း။

ဦးငွေးအောင်

ဖခင်အမည်မှန်

တောင်ငူမြို့၊ ဇီးပင်သာ ကျေးရွာနေ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၇/အတန(နိုင်)၀၄၄၀၂၁ ဖြစ်ပါကြောင်း။

ဦးကြည်လွင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါက်တာအေးကိုကို အမည်ပေါက် မြေငှားစာချုပ်မြေကွက်အမှတ်(၁၀၂၂)အား အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၂၉/၂၀၂၀)ရသူ ဦးကျော်ဇင်ဦး ၂/လကန(နိုင်)၀၆၅၂၂၀ မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဒေါ်ဇာဇာမြင့် ၇/ရတရ(နိုင်)၀၈၃၆၆၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

SiKaTi Vermicompost & Soiless Media (တီကျစ်မြေဩဇာ)အား ပဲခူးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဤအမှတ်တံဆိပ်အား မှတ်ပုံတင်သွင်းလိုပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ငုဝါဝါထွန်း ၆/ ကစန(နိုင်)၀၆၇၆၀၉
အမှတ် ၂၀၈၇၊ ထန်းတပင် ၆လမ်း၊ နန်းတော်ရာ ရပ်ကွက်၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မြစံပယ်လမ်း၊ တိုက်အမှတ် (၁၈) ဟုခေါ်တွင်သော (၁၉x ၄၀)အကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ပေ(၁၈ x ၄၀) အကျယ်(၁)ခန်းတွဲ(၃)ထပ်ခွဲ (၁)တိုက်၏ မှန်ခန်းကို ဦးရဲမြင့်အောင် ၉/ ညဥန(နိုင်)၁၄၄၈၈၆ နှင့် ဒေါ်ဖြူဖြူထက် ၈/ပခက(နိုင်)၁၆၆၁၂၃ တို့မှ ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ် ဦးဧယျာလင်း ၁၂/ဒဂမ(နိုင်)၀၀၉၆၂၂ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား (မူရင်း)အပြည့်အစုံနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဧယျာလင်း
၁၂/ဒဂမ(နိုင်)၀၀၉၆၂၂
ဖုန်း-၀၉-၂၅၀၁၈၉၀၃၆၊ ၀၉- ၂၅၅၈၀၄၄၄၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၉၂၉၊ မြေကွက်တည်နေရာ အမှတ် (၉၂၉)၊ ပုလဲရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးမျိုးလှ (AA-၀၆၈၅၄၈)အမည်ပေါက် နှစ်(၆၀) မြေ ငှားဂရန် မြေအား ဂရန်မြေအမည်ပေါက် ဦးမျိုးလှ (AA-၀၆၈၅၄၈)ဖခင်ဖြစ်သူနှင့်မိခင် ဒေါ်မြင့်မြင့်ဝင်း ၁၂/ကတတ(နိုင်)၀၁၂၀၄၈တို့ ကွယ်လွန်၍ သားသမီး (၃)ဦး ဖြစ်သော ဦးလှမင်းဦး ၁၂/ကတတ(နိုင်)၀၁၂၀၄၆၊ဒေါ်ခင်မိုးအေး ၁၂/ကတတ(နိုင်)၀၁၂၀၄၅၊ ဦးသန့်ဇင်ဦး ၁၂/ကတတ(နိုင်) ၀၁၂၀၄၀တို့တွင် ဦးသန့်ဇင်ဦး ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်သွင်ခိုင်ဇာမွန် ၁၂/အလန(နိုင်)၀၀၁၆၈၄တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သား/သမီး အရင်းနှင့် ချွေးမဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ခ/၃၀၅၀/၂၀၂၀ (၂၁-၁-၂၀၂၀)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မိခင်/ဖခင်နှင့်ဦးသန့်ဇင်ဦးတို့၏သေစာရင်း၊ ဂရန်မူရင်းတို့ကို တင်ပြလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး(၂)ထပ်အိမ်ရှိပြီး လူမနေသော့ခတ်ထားခြင်းကို ကွင်းဆင်းစဉ် သော့ဖွင့်ပြ၍ ပိုင်ဆိုင်မြေပုံနှင့်အရောင်း မြေပုံကူးလျှောက်ထားခြင်းကိုတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ဝင်းကြီးအုပ်စု၊ ဝင်းကြီးကျေးရွာနေ မောင်နိုင်းနိုင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုးကြဲ(ခ)ဦးဘိုးကျန် ၅/ဝသန(နိုင်)၀၂၅၃၆၃ ဖြစ်ပါကြောင်း။

ဦးဘိုးကြဲ(ခ)ဦးဘိုးကျန်

အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ် နေဦးညွန့်ဆွေ ၉/မထလ(နိုင်)၂၄၃၆၅၁၏သား မောင်မင်းထက်အောင်အား ယနေ့မှစ၍ မောင်ဝေယံဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံဖြိုး

ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ ဖောင်ချဉ်း(တ) အထကခွဲ နဝမတန်း(A)တွင် ပညာသင်ကြားနေသော မဝိုင်းစုခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေလုံးဖြစ်ပါကြောင်း။

ဦးရွှေလုံး ၉/နထက(နိုင်)၁၃၀၁၀၇

ဖခင်အမည်မှန်

ပုသိမ်မြို့နယ်၊ ရွှေမြင်တင် ကျေးရွာ၊ အထက ရွှေမြင်တင် ဒသမတန်း(D)မှ နော်စိန်စံပယ်ထွေး၏ ဖခင်အမည်မှန်သည် ဦးအေးမြင့် ၃/လဘန(နိုင်) ၁၂၁၂၂၆ ဖြစ်ပါကြောင်း။

ဦးအေးမြင့်

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ အကောက်ဆိပ်တောင်အကွက်၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကို ဦးမြစံအမည်ဖြင့် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်း၊ ဂန္ဓမာ(၄)လမ်း၊ အိမ်အမှတ်(၁၆)နေဦးကျော်စိုးဝင်း၁၄/မအန(နိုင်)၀၄၉၇၀၀-ဒေါ်ဌေး၈/မလန(နိုင်)၀၂၆၄၇၆တို့၏ သားမောင်ရာဇာမင်းသည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းကြောင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဦးကျော်စိုးဝင်း-ဒေါ်ဌေး

အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/7913 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၂၀ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၃၀)ပါ ဒေါ်စုမြတ်နှင်း၏အများသိစေရန် ကြော်ငြာတွင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၀)အစား အမှတ်(၄၁)၊ မြေကွက်အမှတ်(၄၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သိန်းရွှေရီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စီမံကိန်း(၆) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၇၁(ဘုရားဘက်ခြမ်း)ရှိ အကျယ် ပေ(၁၀ x ၆၀)ရှိအိမ်ခြံမြေ အပါအဝင် ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အ မွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည်။ ဒေါ်တင်တင်ကြူ ၁၂/သဃက(နိုင်)၁၅၅၈၆၂၊ ဦးကျော်မင်းဦး ၁၂/သဃက(နိုင်)၁၈၂၉၅၅ နှင့် ဒေါ်လွင်မာထွန်း ၁၂/သဃက(နိုင်) ၁၈၅၂၀၅တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ် စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သိန်းရွှေရည်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသဥ္ဇာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၉၈)
အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄

အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂) ရပ်ကွက်၊ ငုဝါလမ်း၊ (Za-၃၂)၊ အမှတ်(၁၆၅)နေ ဦးရဲမြတ်ဟိန်း ၉/ မထလ(နိုင်)၁၆၈၉၇၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာ အပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမြတ်ဟိန်းသည် ''တက်ဖြိုးဝေ'' အမည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါသည်။ (Covid- 19) ကပ်ရောဂါကြောင့်လည်းကောင်း၊ တစ်ကမ္ဘာလုံးတွင် ရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေး အကျပ်အတည်းများကြောင့်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားသည့် ငွေများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ ငွေအပေးအယူကိစ္စနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည့်သူမှာလည်း ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲမြတ်ဟိန်းသာဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ အသက်ကြီးရင့်ပြီဖြစ်သော မိသားစုအသိုင်းအဝိုင်းများအားလုံးနှင့် လုံးဝပတ်သက်သက်ဆိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ တိုက်ရိုက်သက်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေ ဦးရဲမြတ်ဟိန်းနှင့်သာ ဖြေရှင်းဆောင်ရွက်သွားပါရန် မေတ္တာရပ် ခံ အပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏မိဘ၊ ဇနီး၊ သားသမီးများနှင့် သက်ဆိုင်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ မိဘများစိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမူဆောင်ရွက်ခြင်း မပြုရန်အသိပေးအပ်ပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေဦးရဲမြတ်ဟိန်းနှင့် ဖြေရှင်းရမည့်အစား ကျွန်ုပ်မိတ်ဆွေ၏ မိဘများ၏ဂုဏ်သရေကိုဖြစ်စေ၊ စိတ်အခြေအနေကိုဖြစ်စေ ထိပါးနှောင့်ယှက်ခြင်းပြုလာပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ခင်နိုင်(LL.B)
စဉ်-၁၂၉၈၇(၂၇-၇-၂၀၁၇)
တရားလွှတ်တော်ရှေ့နေ
တိုက်-၁၃၊ အခန်း(၇)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၉၁၀၁၃၁၆

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၂၈-သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ်(၄)၊မြေယာအမှတ်(52)၊မြေဧရိယာ ၀ဒသမ ၁၁၂ ဧကရှိမြေကွက်အား မြေငှားဂရန် သက်တမ်းတိုး(စက်မှု/စီးပွား)နှင့် ဧရိယာ ကွဲလွဲနေခြင်း အမှန်ပြင်ဆင်ရန် လျှောက်ထားနိုင်ရေး ဒေါ်ကောဆီမိတ်(ခ)ဒေါ်ဂေါ်စီမေ ၉/ပဥလ(နိုင်)၀၀၂၀၆၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
မန္တလေးခရိုင်တရားရုံး
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၄၈

ဒေါ်နုနု(၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်နန်းစံပေါင်း) နှင့် ၁။ ဦးဆွေ ၂။ ဦးအောင်တိုး

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အ-၁၉၊ ထွန်းတိုးရပ်ကွက်နေ ဦးဆွေ(ဘ)ဦးချစ်ပိုင်နှင့် မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ပတ္တမြားရပ်ကွက်နေ ဦးအောင်တိုး(ဘ)ဦးစိန်မောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၃-၁-၂၀၀၉ ရက်စွဲပါ စာချုပ်နှင့် ၁၆-၅-၂၀၁၆ ရက်စွဲပါ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်ဆိုလွှာများသည် မြေပိုင်ရှင်ဖြစ်သည့် တရားလိုမသိရှိအောင် အတုပြုလုပ်ချုပ်ဆိုခဲ့သည့် စာချုပ်ဖြစ်သည့်အတွက် ပျက်ပြယ်ကြောင်းနှင့် တရားလိုအပေါ်၌ အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၄ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီတာစိုး)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/8855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/4069 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

၁၉၃၃ ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်

ရွှေမန်းတောင် အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 007115(0619)

အကြောပြေ လိမ်းဆေးဆီ

လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊ ကြိုးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး

ရွှေမန်းတောင်ဆေးဝါးစက်ရုံ - အမှတ်(၁၁၆၅ - ၆၆ - ၆၇)၊ စက်မှုလမ်းမကြီး၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ(၂)၊ ရန်ကုန်မြို့၊ ဖုန်း(၀၁)၅၉၀၀၃၄

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၀၉ - ၈၅၉၈၄၅၃

အားလုံးကျန်းမာရေး ဒေါ်ကြွယ်သွေးဆေး

ဒေါ်ကြွယ် အာယုဒြိမ်း သွေးဆေး အမှတ်တံဆိပ်

မောပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄၊ ၀၉-၈၅၉၈၄၅၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဋ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
မြစ်ကြီးနားခရိုင်တရားရုံး
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၄၆

ဦးဂေါ်လုလအောင် **နှင့်** ၁။ ဦးစဘော်ဂမ်ရောင် ၂။ ဦးလဘူနော် ၃။ ဒေါ်အေးပန် ၄။ ဦးနော်ရိန်

တရားလို **တရားပြိုင်များ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ အောင်မြင်သာကျေးရွာ၊ အမှတ်(၃/၇)နေ (၂)တရားပြိုင် ဦးလဘူနော်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ပိတောက်မြိုင်၊ ပလန(၁)နေ (၃)တရားပြိုင် ဒေါ်အေးပန်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လိမ်လည်အတုပြုလုပ်ကာ အရပ်စာချုပ်ဖြင့် အဆင့်ဆင့်ရောင်းချထားသော ကတိပဋိညာဉ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီအတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ရန်နိုင်အောင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မြစ်ကြီးနားခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄) ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြေကွက်အမှတ် (၈၄၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးသိန်းလွင် (AA-၀၂၉၁၁၅)(၁၂/စခန (နိုင်) ၀၄၈၃၇၈) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးသိန်းလွင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်းအများ သိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးဇော်မျိုးနိုင်
LL.B, D.B.L, D.I.L,	LL.B,D.B.L

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊၀၉၂၅၀၂၉၀၇၈၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄/မိသားရပ်)၊ ဦးပိုင်အမှတ် ၂၆၃၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား ဦးတာထွေးအမည်ဖြင့် အမှုတွဲအမှတ် ၆၅၂/V (၁၉၉၁-၁၉၉၂) အရ ၃၀-၆-၂၀၂၂ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန် အမည်ပေါက်သူ ဦးတာထွေးမှာ ကွယ်လွန်သွားခဲ့သဖြင့် ဦးတာထွေး၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ဒေါ်သန်းရွှေမှ အမွေဆက်ခံပြီး ၀ဒသမ၁၁၀ကေအနက်မှ ၀ဒသမ ၀၅၅ကေအား ဦးပိုင်ခွဲစိတ်၍ ဒေါ်စိုးထိုက်ထိုက်စံသို့ တရားဝင်အရောင်းအဝယ် စာချုပ်ဖြင့် မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၁၆-၁၂-၂၀၁၉ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၄၉၄/ ၂၀၁၉)ဖြင့် ရောင်းချခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဒေါ်စိုးထိုက်ထိုက်စံ ၁/မကန(နိုင်)၀၉၃၂၇၉ အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်မြင့်မြတ်ထိုက်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/အမရ(နိုင်)၁၀၃၆၁၆ ဖြစ်ပါကြောင်း။

ဦးဇော်လင်း

ပတ်စ်ပို့ပျောက်

ကျွန်မ မသိမ့်သိမ့်သူ ၈/မဘန(နိုင်)၀၈၉၈၆၄၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၀၈၆၃၇၅

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၁၃/၅၊တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၂/၁)၊ မြေဧရိယာ ၀ဒသမ ၁၃၈ကေရှိ မြေကွက်အား ဒေါ်ဂျာတောင် အမည်ဖြင့် အမှုတွဲအမှတ် ၁၃၂/V (၂၀၀၉-၂၀၁၀)အရ (၂၂-၄-၂၀၄၃)ရက်အထိ နှစ်(၃၀)အထိ မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား ဒေါ်ဂျာတောင်ထံမှ တရားဝင်အရောင်းအဝယ်စာချုပ်ဖြင့် မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၃၀-၁၂-၂၀၁၉ရက်စွဲပါ မှတ်ပုံတင်အမှတ် ၅၁၄/၂၀၁၉ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဦးကျော်ကျော်အောင်၁၂/မဂတ(နိုင်)၀၉၆၄၄၂အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း နှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့ မြေ/အိမ်နှင့် စပ်လျဉ်း၍ ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက်၊ အေးဇေတီလမ်း၊ အမှတ်(၂၁၆) နေ ဦးမြင့်ဝေ ၊ ဇနီး ဒေါ်ခင်သန်းသန်းဦး တို့၏ ညွှန်ကြားချက်အရ ကြော်ငြာသည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ အမှတ်(၁၅၀)ဟု ခေါ်တွင်သော (၃)ထပ်တိုက်နှင့်တကွ ယင်းတိုက်တည်ဆောက်ထားသော မြို့ကွက်အမှတ်(၁-B)၊ အကွက်အမှတ် (အပရဌာန်)ကွက်၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(.၀၅၀)ဧက (၂၂၁၇)ပေခန့် ရှိ မြေကွက်သည် မောင်သုတ (အရွယ်မရောက်သေးသူ) ပိုင်ဖြစ်ပါသည်။ အဆိုပါအရွယ်မရောက်သေးသူမှာ အထက်ပါ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးမြင့်ဝေ ၊ ဇနီး ဒေါ်ခင်သန်းသန်းဦး တို့မှ မွေးအရင်း မောင်သုတ၏ သဘာဝအုပ်ထိန်းသူအဖြစ် အရွယ်မရောက်သေးသူနှင့် ၎င်း၏ဥစ္စာပစ္စည်းကို ထိန်းသိမ်း စောင့်ရှောက် လျက်ရှိပါသည်။

မည်သူမဆို မြန်မာနိုင်ငံအရွယ်မရောက်သေးသူများ၊ ကိုယ်နှင့်ဥစ္စာပစ္စည်းကို အုပ်ထိန်းခွင့်ရသူမှ စီမံခန့်ခွဲ ခွင့် လျှောက်ထားရယူခြင်းမရှိဘဲ ဖော်ပြပါ ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ စသည် ကိစ္စရပ်များကို ဆောင်ရွက်ခြင်း မပြုရန်နှင့် ပြုလုပ်ပါက ဆောင်ရွက်သူများ၏ တာဝန်သာလျှင်ဖြစ်ပါသည်။

ထို့ပြင် အဆိုပါ ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ဝေ ၊ ဇနီး ဒေါ်ခင်သန်းသန်းဦး တို့၏ တတိယသမီး လည်းဖြစ်သူ နှင့် အဆိုပါ အရွယ်မရောက်သေးသူ မောင်သုတ၏ မိခင်အရင်းလည်းဖြစ်သည့် မနှေးမြည်ဦး၊ (၁၂/ကတန (နိုင်) ၀၀၇၂၅၇) မှာ မိဘများနှင့် ညီအစ်ကို မောင်နှမများ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် လုပ်ရှုရေးအရ မလိုအပ်သည်များ ဆောင်ရွက်ခဲ့ပါသဖြင့် ယနေ့မှစ၍ "အမွေပြတ်-သွားနှုတ္တ" သမီးအဖြစ် စွန့်လွှတ် ကြော်ငြာ အပ်ပါသည်။

ညွှန်ကြားချက်အရ
လှမြင့် (မင်းတုန်း) စဉ် - ၁၃၁၅
တရားလွှတ်တော်ရှေ့နေ ၊
အမှတ်(၂၇/၂၉)၊ ၁၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉ ၇၇၇၇၄၆ ၂၁၀၀

တောမဲ့မြေသား၊ ရေတိုက်စား၏

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ် ၇၅/၁၊ ဦးပိုင်အမှတ် ၆၃၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်ကို ၅-၈-၂၀၁၄ ရက်စွဲပါစာအမှတ် ၁/၁-၁/ မြို့မြေနေရာချထားရေး၊ မြို့မြေနေရာချထားရေးဗဟိုကော်မတီမှ ဦးလှဦးအမည်ဖြင့် ချထားပေးခဲ့သော မြေကွက်ဖြစ်ပြီး ၂၁-၉-၂၀၁၅ရက်တွင် ဦးလှဦးထံမှ ဦးထက်အောင်က နှစ်ဦးသဘောတူ နေအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးထက်အောင် ၆/ကသန(နိုင်)၀၃၉၂၅၅ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၀-၆-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၃၁၉/၂၀၁၈ကို ၂၅-၆-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၀၃/၂၀၁၈) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ကျောက်နီမော်ကျေးရွာအုပ်စု၊ ရခိုင်စုရပ်ကွက်နေ ဦးသန်းထွန်း (၁၁/ရဗန(နိုင်)၀၂၆၇၂၆)- ဒေါ်တင်တင်လှ ၁၁/ရဗန(နိုင်)၀၂၆၈၃၃တို့တွင် သားသမီး (၃)ဦးထွန်းကားခဲ့ပါသည်။သားဖြစ်သူ မောင်သန့်ဇင်ဖြိုး ၁၁/ရဗန(နိုင်)၀၇၅၈၄၇သည် လေဖြတ်နေသူ ဖခင်ကြီး၊ မိခင်ကြီးနှင့်တကွ အစ်မဖြစ်သူတို့ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ကိုယ်ထိလက်ရောက် စော်ကားဆောင်ရွက်မှုများလည်းရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏သားဖြစ်သူ မောင်သန့်ဇင်ဖြိုးအား အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမွေဖြတ်စွန့်လွှတ်သူမိဘများ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးသန်းထွန်း	**ဦးဇော်ဝင်းနိုင် (စဉ်-၇၈၄၈/၂၀၁၀)**
၁၁/ရဗန(နိုင်)၀၂၆၇၂၆	**တရားလွှတ်တော်ရှေ့နေ**
ဒေါ်တင်တင်လှ	**အမှတ်-၁၇၊ ၄လွှာ၊ မလွှကုန်းလမ်း**
၁၁/ရဗန(နိုင်)၀၂၆၈၃၃	**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
	ရန်ကုန်မြို့၊
	ဖုန်း-၀၉-၇၉၂၀၁၆၉၉၈၊ ၀၉-၂၀၁၆၉၉၈

UPG
25th ANNIVERSARY
1995 - 2020
ဒုတိယအကြိမ် Grand Prize ကံထူးရှင်ရွေးချယ်ပွဲ
9.8.2020 (8:00pm)
ပျော်ရွှင်စရာအစီအစဉ်များ
နာမည်ကြီးအဆိုတော်များဖြင့်လည်း ဖျော်ဖြေတင်ဆက်ပါမည်။
LIVE STREAMING
UPG PAINT & COATING CO., LTD.
Facebook Page
Online Media များ၏
Facebook Page များတွင်လည်း
Live လွှင့်ပြသသွားပါမည်။
www.upgpaint.com

ဒေါ်မြမေ
စျေးအနီး၊ ကျောက်ဖြူ
အသက်(၉၀)

ကျောက်ဖြူမြို့၊ စျေးအနီး၊ ဖြတ်လမ်း(၄)၊ မြစ်နားတန်းရပ်ကွက်နေ (ဦးပါးနီ-ဒေါ်ဝင်းယဉ်ဦး)တို့၏သမီး၊ (ဦးရွှေမှဲ့၊ ထောင်မှူးကြီး)၏ဇနီး၊ ဒေါ်ခင်နှင်းရီ(ကျောင်းအုပ်ကြီး၊ ထ-၁၊ ကျောက်ဖြူ-ငြိမ်း)၊(ဒေါ်ခင်စန်းရီ)၊ ဦးကျော်ခိုင်၊ (ဒေါက်တာ ကျော်ဌေး)တို့၏ မိခင်၊ ဒေါက်တာမေစန္ဒာ၊ မောင်မောင်ဆန်း၊ ဆွေလှိုင်ဦး၊ (ဦးမျိုးမြင့်ဇော်)၊ ဦးမျိုးမြင့်သော်၊ ဦးညာဏ်လင်း၊ ဦးမြင့်မောင်၊ မစန္ဒာလင်းတို့၏ အဘွား၊ မြစ်ကိုးယောက်တို့၏ဖီးဖီးဖြစ်သူသည် ၃၁-၇-၂၀၂၀ရက် ည ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ရက် ညနေ ၃ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်းနွယ်
အသက်(၆၈)နှစ်

ရန်ကုန်မြို့ [ဦးလှဦး-ဒေါ်အုန်းမေ]တို့၏သမီးချွေးမ၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းရွာ [ဦးဘချစ်-ဒေါ်ရွှေမြ] တို့၏ သမီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) အမှတ် ၆က/၄၈ ရတနာစံအိမ်နေ ဦးဇာခြည်လွင်-ဒေါ်မေရီနွယ်၊ ဦးသူရလင်း-ဒေါ်ပြည့်ဖြိုးဝင်းမြင့်၊ ဦးမျိုးစည်သူ-ဒေါ်မေသက်နွယ်နှင့် ဒေါ်မေသီရိနွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီး၊ ဦးညာဏ်လင်း၏ ချစ်လှစွာသောဇနီးသည် ၃၁-၇-၂၀၂၀ ရက် ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ ရတနာစံအိမ် မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက်၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ
(အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ သည် ၁၃၈၂ခု၊ ဒုတိယဝါဆိုလဆန်း(၁၃)ရက်၊ ၁-၈-၂၀၂၀ရက် (စနေနေ့) နေ့လယ် ၁း၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၂ခု၊ ဒုတိယဝါဆိုလဆုတ်(၄)ရက်၊ ၇-၈-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှကားများ နေ့လယ် ၁ နာရီတွင် ထွက်ခွာပါမည်။)

မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်
တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ကျေးဇူးတင်လွှာ
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
ဦးသန်းထွန်း
(ကုံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း)SMIDB
ဂုဏ်ထူးဆောင်နာယက၊ ပုသိမ်မြို့နယ်အသင်း
အသက်(၈၆)နှစ်

ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းထွန်း ၂၇-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ပြည်တော်အေးရိပ်သာနေအိမ်သို့ လူကိုယ်တိုင် လာရောက်နှစ်သိမ့်ခြင်း၊ နာရေးသို့လိုက်ပါပို့ဆောင်ခြင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဝမ်းနည်းကြောင်း သတင်းစာများတွင် ဖော်ပြခြင်း၊ ပန်းခြင်းများ/ပန်းစည်းများ ပေးပို့ခြင်း၊ ဝမ်းနည်းကြောင်းစာလွှာများပေးပို့ခြင်း၊ message များ ရေးသားပေးပို့ခြင်း၊ လှူဖွယ်ပစ္စည်းများ ပေးပို့ခြင်းတို့ဖြင့် နှစ်သိမ့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီးများ၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဝန်ထမ်းမိသားစုများ၊ ဂျီနီဗာမြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးနှင့် အဖွဲ့ရုံးမိသားစုများ၊ မြန်မာသံအမတ်ကြီးများ၊ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပုသိမ်မြို့နယ်အသင်း၊ ပုသိမ်မြို့၊ စစ်တွေမြို့နှင့်အနယ်နယ်အရပ်ရပ်မှ လာရောက်၍ လူကိုယ်တိုင်နှစ်သိမ့်ပံ့ပိုးကူညီပေးကြပါသော ဆွေမျိုးသားချင်းများ၊ တပည့်သားမြေးများ၊ မိတ်ဆွေသင်္ဂဟများ၊ ဖခင်ကြီးနာမကျန်းဖြစ်စဉ်က ဆေးဝါးကုသစောင့်ရှောက်မှုပေးခဲ့ပါသော အာရှတော်ဝင်နှင့် ကန်သာယာအထူးကုဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာမများ၊ ၂၉-၇-၂၀၂၀ ရက်တွင် ပြုလုပ်သည့် နာရေးတွင် အစမှအဆုံး ကူညီပေးပါသော YCDC ဝန်ထမ်းများ၊ ဖခင်ကြီးအား ရည်စူး၍ ၂-၈-၂၀၂၀ ရက်တွင် ပြုလုပ်သည့် ရက်လည်ဆွမ်းကျွေးတွင် မေတ္တာဖြင့်ကျွေးမွေး/ဧည့်ခံပေးပါသော FEEL မိသားစု၊ အချိုပွဲများ ပေးပို့ပေးကြသည့် မိတ်ဆွေသူငယ်ချင်းများ၊ နာရေးကာလတစ်လျှောက်ရွက်ဖျင်တဲ၊ ခုံ၊ စားပွဲများပြင်ဆင်ခြင်းနှင့် Covid-19 ရောဂါကာကွယ်ရေးပစ္စည်းများ ဝေငှခြင်းတို့ကို မေတ္တာဖြင့် ပံ့ပိုးပေးပါသော REALM Marketing and Distribution Co.,Ltd ဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖခင်ကြီး နာမကျန်းသည့်အချိန်မှ နာရေးကိစ္စအထိ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော Bright Time Co.,Ltd မှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်သန်း
အသက် (၇၆)နှစ်

လန်ဒန်မြို့၊ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးကျော်မြင့်-ဒေါ်ခင်ကြိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်သန်း အသက် (၇၆)နှစ်သည် ၃၁-၇-၂၀၂၀ ရက် (သောကြာနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

92 LD batch မှ သူငယ်ချင်းများ
နိုင်ငံခြားရေးဝန်ကြီးဌာန

ဦးဝင်းဆောင်
အသက်(၇၄)နှစ်

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန(MD)Mahar Ye Tha Khon Holding Limited၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၄၆၅၊ ခ)နေ ဦးလွန်းပြေ-ဒေါ်အေးရှိတို့၏သား၊ ဦးခင်ညို-ဒေါ်အမာမြင့်တို့၏သမက်၊ ဒေါ်ခင်မူချို(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန)၏ခင်ပွန်း၊မောင်ကောင်းမြတ်ဝင်း၊မစောမျိုးထွေး၊ဒေါက်တာကောင်းမွန်ဝင်းတို့၏ဖခင်၊ မကြည်စင်လဲ့ဝင်း၊ မကေဇင်လဲ့ဝင်းတို့၏အဘိုးသည် ၁-၈-၂၀၂၀ရက် ည ၇:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများနံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကြည်ဝင်း
အသက်(၇၂)နှစ်

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကြည်ဝင်းသည် ၃၁-၇-၂၀၂၀ ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့နိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံကျောက်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းဝင်း DSA (14)
တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက် (၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၂၀/၂၂)နေ ဒေါ်အေးအေးကျော်၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၇-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်စိုးနိုင်(ငြိမ်း)-ဒေါ်တင်တင်လတ်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
ဦးကိုကို(ခ)ဦးမောင်ကို
(သင်းမလူကြီး၊ မလွန်စျေးဆန်လှူအသင်းကြီး)
အသက်(၈၄)နှစ်

မန္တလေးမြို့၊ မလွန်ရပ်နေ [ဦးလှမောင်(ဥက္ကဋ္ဌဟောင်း၊ မလွန်ဆန်လှူ)- ဆရာမကြီး ဒေါ်စိစိမ့်]တို့၏သား၊ (ဦးအောင်ချမ်း)-ဒေါ်စန်းစန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်နေ ဒေါ်တင်တင်မာ၏ခင်ပွန်းသည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့
မလွန်စျေးဆန်လှူအသင်းကြီး
မန္တလေးမြို့

မာတာပိတုဂုဏောအနန္တော
ဖခင်ကြီး ဦးအောင်လှကျော်
နှစ်(၃၀)ပြည့်
(၃-၈-၁၉၉၀)-(၃-၈-၂၀၂၀)

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်သည်မှာ နှစ်(၃၀) တိတိ ပြည့်ခဲ့သော်လည်း ဖခင်ကြီး၏ ကြီးမားသော မေတ္တာ၊ စေတနာ၊ ကရုဏာတို့ကို တစ်နေ့မှ မေ့မရနိုင်ပါ။

ဖခင်ကြီး အသက်ထင်ရှားရှိစဉ်က ဆောင်ရွက်ခဲ့သော သာသနာပြုလုပ်ငန်းများကို သားသမီးများက ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိနေပါသည်။ ဖခင်ကြီးအားရည်းစူး၍ ရက်စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖခင်ကြီးရရှိခံစား၍ မြင့်မြတ်သော သုဂတိဘုံဘဝမှ မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

ပစ်တိုင်းထောင်မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်စိန်
ကလောမြို့
အသက်(၇၇)နှစ်

ပင်လောင်းမြို့နေ (ဦးကျော်စိန်-ဒေါ်စာလှ)တို့၏သမီးချွေးမ၊ ကလောမြို့၊(၃)ရပ်ကွက်၊ ငါးနှစ်ကောင်ကျောင်းတိုက်နေ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဦးမောင်မောင်စိုး-ဒေါ်သောင်းသောင်း၊ (ဦးမောင်မောင်ဝင်း)-ဒေါ်ခင်ဝင်းကြည်တို့၏ညီမ၊ (ဦးဖေဆိုင်)-ဒေါ်ကြူကြူ၊ ဦးဝင်းထွန်း-ဒေါ်သင်းသင်း၊ ဒေါ်ခင်ထွေးနု၊ ဦးစောရန်နိုင်-ဒေါ်မိုးမြင့်သူ၊ ဦးရဲအောင်-ဒေါ်မြတ်မာလာ၊ ဦးထင်ကျော်-ဒေါ်အေးအေးတို့၏အစ်မ၊ ကလောမြို့၊ (၃)ရပ်ကွက်၊ အရှေ့ဗိုလ်ကုန်းနေ ဦးကြည်ဝင်း၏ဇနီး၊ မသီတာဝင်း၊ ကိုအောင်မြင့်ဝင်း၊ ဦးပဥ္စင်းဝရိယ၊ ကိုသန်းစိုးဝင်း၊ ကိုဇေယျာဦး-မထက်ထက်ဝင်း၊ ကိုဆန်းထူးဝင်း၊ ကိုနေလင်းဦး-မရွှေသဇင်ဦး(PACT KALAWUNIT.1)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည်၁-၈-၂၀၂၀ရက် (စနေနေ့) ညနေ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့်၃-၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကလောမြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးခင်မောင်ဦး(ခ)ကိုရှည်ကြီး
(ဒါးပိန်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၉ လမ်း၊ အမှတ် (၁၂၊ မြေညီ)နေ (ဦးသိန်းအောင်-ဒေါ်စိန်မြ)တို့၏သား၊ (ဦးချစ်ခိုင်-ဒေါ်စံဖြူ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်အေးတို့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲနောင်ဦး-မမြတ်မီမီကို၊ ဦးမိုးမင်းထွန်း-မဟေမာန်ဦး၊ မောင်အာကာဖြိုးဦးတို့၏ဖခင်၊ မဂူးဂူးစံထိပ်ထား၏ အဘိုးသည် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၄-၈-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၂၀ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းအောင်
MOGE (ငြိမ်း)
အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ (ဦးလှမောင်-ဒေါ်သောင်းစိန်)တို့၏သား၊ (ဦးဘလှိုင်-ဒေါ်အေးသန့်) တို့၏သားသမက်၊ ဦးစံသိန်း-ဒေါ်တင်မိ၊ (ဦးတင့်လွင်)-ဒေါ်တင်တင်အေး၊ (ဒေါ်တင်ရီ-ဦးဘမြင့်)၊ (ဒေါ်တင်ကြည်- ဦးစံလင်း)၊ ဦးစိန်လွင်-ဒေါ်ခင်မိ၊ (ဦးကျော်မြင့်-ဒေါ်သန်းနွဲ့)၊ ဒေါ်နီ-ဦးစံမြင့်တို့၏ ညီ/မောင်၊ ဦးလှိုင်ထွန်း-ဒေါ်မြသန်းတို့၏ အစ်ကို၊ ဦးရဲထက်သူ-ဒေါ်အေးဝင်းသိန်း၊ ဦးနေလင်းထွန်း-ဒေါ်ဝင်းရွှေရည်လွင်၊ မနေနယ်အောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်မြင့်သန်း(အထပြ-ငြိမ်း၊ အထက-၂၊ သန်လျင်) ၏ ခင်ပွန်းသည် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၄:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ကျိုက်ပို အအေးတိုက်မှ ကျိုက်ပို သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၂၀ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သတင်းအညွှန်း

ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့တွင် ကိုဗစ် -၁၉ကြောင့် ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်

(စာမျက်နှာ - ၁၂)

အထူးသတိပြုသင့်သော သွေးလွန်တုပ်ကွေး

(စာမျက်နှာ - ၂၄)

ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဩဂုတ် ၂

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ခေါ်ဆောင်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၀ နှင့်

စာမျက်နှာ ၈ ကော်လံ ၅ ◆

ကချင်ပြည်နယ် ချီဖွေ၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားပြီး ပြည်သူများ သွားရောက်ကြည့်ရှုလျက်ရှိ

ချီဖွေ ဩဂုတ် ၂

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းကို ရှစ်ရက်အတွင်း ပြည်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုပြီး မိမိအမည်မပါဝင်ခြင်းကို လျှောက်ထားခြင်း၊ ကန့်ကွက်လွှာ လျှောက်ထားခြင်း၊ အချက်အလက် မှားယွင်းနေမှုကို ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို ရှစ်ရက်အတွင်း ချီဖွေမြို့နယ် ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ စုစုပေါင်း ၁၂ အုပ်စုမှ လာရောက်ကြည့်ရှုသူ ၁၆၀၀ ခန့်ရှိပြီး မိမိအမည်မပါဝင်ခြင်းကို ပုံစံ (၃) ဖြင့် လျှောက်ထားသူ ၈၆ ဦး၊ မပါဝင်သင့်သူများ ပါဝင်နေခြင်းကို ကန့်ကွက်သည့် ပုံစံ(၄) ဖြင့် လျှောက်ထားသူ ၇၆ ဦး၊ အချက်အလက်များ မှားယွင်းခြင်းကို ပြင်ဆင်သည့် ပုံစံ (၄-က) ဖြင့် လျှောက်ထားသူ ၁၈၄ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် အမည်ပါ မပါ လာရောက်ကြည့်ရှုနေသူများကို တွေ့ရစဉ်။

ချီဖွေမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ အုပ်စုရှိပြီး မဲရုံပေါင်း ၄၇ ရုံ၊ မြို့ပေါ်ရပ်ကွက်အတွင်း မဲရုံပေါင်း ရှစ်ရုံနှင့်

စာမျက်နှာ ၁၅ ကော်လံ ၁ ○

ဧရာဝတီမြစ်ရေကြီးမှုအခြေအနေ

ဆိပ်သာ၊ ဟသ်ာတနှင့် ဇလွန်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် အသိပေး

နေပြည်တော် ဩဂုတ် ၂

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်

စာမျက်နှာ ၄ ကော်လံ ၁ ❒

စီးရီးအေရွှေဖိနပ်ဆုနှင့် ဥရောပရွှေဖိနပ်ဆု အင်မိုဘိုင်း ဆွတ်ခူး

လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်းသည် စီးရီးအေရွှေဖိနပ်နှင့် ဥရောပရွှေဖိနပ်ဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် အင်မိုဘိုင်းသည် စီးရီးအေတွင် တစ်ရာသီအတွင်း ဂိုးအများဆုံးဖြင့် စံချိန်တင်ထားသည့် ဟီဂူအင်၏ ၃၆ ဂိုး စံချိန်ကိုလည်း လိုက်မီခဲ့ကြောင်း သိရသည်။

အသက် ၃၀ အရွယ်ရှိ အင်မိုဘိုင်း၏ လာဇီယိုအသင်းသည် စီးရီးအေရာသီပိတ်ပွဲစဉ်အဖြစ် နာပိုလီအသင်းနှင့် စနေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အင်မိုဘိုင်းအနေဖြင့် လာဇီယိုအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် စီးရီးအေသွင်းဂိုး ၃၆ ဂိုးအထိ ရှိလာခဲ့သည်။ ၎င်း၏ လာဇီယိုအသင်းသည်လည်း အဆင့် (၄) နေရာ ဖြင့် ရပ်တည်နိုင်ခဲ့သည့်အတွက် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည်။

ဂျူဗင်တပ်စ်အနေဖြင့် အိမ်ကွင်းတွင် ရိုးမားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ရာသီပိတ်ပွဲစဉ်တွင် စီးရီးအေ၏ ဒုတိယသွင်းဂိုး အများဆုံးသွင်းယူပေးထားနိုင်သည့် တိုက်စစ်ကစားသမား စီရိုနယ်ဒိုကို အနားပေးထားခဲ့ကြောင်း သိရသည်။ ဂျူဗင်တပ်စ်အသင်းသည် ရိုးမားအသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့သောကြောင့် ၂၀၁၈ ခုနှစ် ဧပြီလနောက်ပိုင်း ပထမဆုံးအကြိမ် အိမ်ကွင်းရှုံးနိမ့်မှုလည်း ဖြစ်ခဲ့သည်။

အင်မိုဘိုင်းသည် ဥရောပရွှေဖိနပ်ဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ လီဝမ်ဒေါစကီးနှင့် ဂျူဗင်တပ်စ်အသင်းမှ စီရိုနယ်ဒိုတို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။ ဥရောပရွှေဖိနပ်ဆုသည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ပထမဆုံးအကြိမ် ရရှိခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါဆုကို ရိုးမားအသင်းမှ တော့တီက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နောက်ဆုံးဆွတ်ခူးထားခြင်းလည်းဖြစ်သည်။ ဥရောပရွှေဖိနပ်ဆုကို ပြီးခဲ့သည့် သုံးနှစ်ဆက် ဆွတ်ခူးရရှိထားသော မက်ဆီသည် ယခုနှစ်ရာသီတွင် သွင်းဂိုး ၂၅ ဂိုးသာ သွင်းယူထားနိုင်သည်။ သို့သော်လည်း အဆိုပါသွင်းဂိုး အရေအတွက်သည် လာလီဂါဂိုးအများဆုံး သွင်းယူသူအဖြစ် လုံလောက်သည့် ပမာဏဖြစ်ခဲ့သည်။ ဥရောပ ရွှေဖိနပ်ဆုကို အကြိမ်ရေအများဆုံး ဆွတ်ခူးထားသည့် ကစားသမားမှာ မက်ဆီဖြစ်ပြီး ခြောက်ကြိမ်ဖြင့် စံချိန်တင်ထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ●

လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်း